www.burmeseclassic.com

ဖြိုးသက်ငြိမ်းထက်

# ကောင်းကင်ယောင်ဆောင်တဲ့ တိမ်တိုက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၁၄၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၅၅၀၂၀၇

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မှဲ့ရွှေပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ပဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ မတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# 3

နေ့ညနေဟာ အလင်းရောင်မှုန်ပျပျနဲ့ တသသလှပ နေတာပါ။

အရှေ့အနောက် တောင်မြောက်မှာ ရာသီအိုတစ်ခုက လက်ပြရင်း ကျန်ခဲ့တဲ့နေ့ . . .

ပြီးတော့ ရာသီသစ်တစ်ခုရဲ့စက်တို့ ကမ္ဘာမြေပေါ် ပြုတ်ကျတဲ့နေ့ . . .

အဲဒီနေ့လေးမှာပဲ ကျွန်တော့်ရင်ဘတ်ထဲမှာ ဗီးနပ်စ်ရဲ့ အတောင်ပံရနံ့တွေ သင်းပျံ့သွားခဲ့တယ်။

တကယ်ပါ . . .

ဒီဇာတ်လမ်းလေးဟာ မတော်တဆမှုလေးတစ်ခုက စခဲ့တာပါဗျာ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ၁

တိုင်းလိုကြုံနေကျ မနက်ခင်းလေးတစ်ခုပါပဲ။ အမေ ဖျော်ပေးတဲ့ကော်ဖီကိုသောက်ပြီး လမ်းလျှောက်ဖို့အတွက် ကားယူပြီးထွက်ခဲ့တယ်။ ဦးတည်ရာက အင်ယားကန်ဘက်ကိုပါ။ နှင်းမှုန်ဝါးဝါးအောက်မှာ ပဲပြုတ်သည်အော်သံနဲ့ မနက်ခင်းလေးက ကျွန်တော့်ကိုကြိုဆိုနေတယ်။

ကားပေါ်ရောက်တော့ သူငယ်ချင်းတွေဆီ ဖုန်းခေါ်ကြည့်လိုက်တယ်။ ဒီကောင်တွေအားလုံး ရောက်နေကြပြီတဲ့။ ကျွန်တော်ကားကို အမြန်မောင်းပြီးထွက်ခဲ့လိုက်တယ်။

ကျွန်တော်တို့နေတဲ့ လှိုင်ချင်းအိမ်ရာလမ်းလေးတွေဟာ ဒီလိုမနက်ခင်းလေးမှာ သိပ်ကြည့်လို့လှတာ။ လမ်းကလေးက ရှင်းနေတဲ့အပြင် ဘေးဝဲယာ အုန်းပင်လိုလို ထန်းပင်လိုလို အပင်လေးတွေနဲ့ဆိုတော့ တော်တော်ကဗျာဆန်ပါတယ်။ ကျွန်တော်ကတော့ ဒီလမ်းလေးရဲ့ မနက်ခင်းတစ်ခုကို ကဗျာတစ်ပုဒ်ရေးမြီးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် အခုထိတော့ အကောင်အထည် မပေါ်သေးပါဘူး။

အဲဒီလိုနဲ့ လမ်းဆုံလေးတစ်ခုရောက်တော့ ဟွန်းတီးမလို့ စဉ်းစားလိုက်တုန်းမှာပဲ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကျွန်တော့် ရင်မှာ ထိတ်ခနဲဖြစ်သွားတယ်။ ဒါပေမယ့် သတိလက်လွတ်တော့ ဖြစ်မသွားပါ။

"ကျွိ"

အဲဒီစက်ဘီးနဲ့ ကျွန်တော် တော်တော်ဝေးပါသေးတယ်။ အနည်းဆုံးငါးပေလောက်တော့ ရှိမယ်ထင်တယ်။ ဒါပေမယ့် စက်ဘီးက လဲနေပြီ။ ကျွန်တော် ကားပေါ်ကအမြန်ဆင်းပြီး လဲနေတဲ့ စက်ဘီးလေးဆီ လှမ်းသွားလိုက်ပါတယ်။ စက်ဘီးဘေးမှာ ဖင်ထိုင် လျက်လေးကျနေတဲ့ ကောင်လေးတစ်ယောက်။

"ညီလေး ဘာဖြစ်သွားသေးလဲဟင်"

ကောင်လေးက ဆတ်ခနဲမော့ကြည့်ပြီး မျက်နှာရှုံ့ပြတယ်။ ပြီးတော့ သူ့ခြေထောက်မှာ စီးထားတဲ့ ဝေါကင်းရှူးကို လက်နဲ့ဖျစ် နေတယ်။ ကျွန်တော်ကပဲ ထပ်မေးလိုက်ပါတယ်။

"ခြေထောက်ခေါက်သွားတယ်ထင်တယ်၊ ကိုယ် တစ်ခုခု လုပ်ပေးပါရစေ"

ကောင်လေးက ဒီတစ်ခါတော့ ခပ်ထန်ထန်လေးပြန်ကြည့် တယ်။ သူ့အကြည့်မှာ ဒေါသတွေ အရောင်လက်နေတာ ကျွန်တော် တွေ့ရတယ်။ ကျွန်တော့်ရင်ထဲမှာ အားနာမိပါတယ်။ ကျွန်တော့် ကားနဲ့ တိုက်မိတာမဟုတ်ပေမယ့် ကျွန်တော့်ကားကို ရုတ်တရက် မြင်ပြီး သူဒီလိုဖြစ်သွားရတာပါ။

သူကျွန်တော့်ကို စိတ်ဆိုးသင့်ပါ တယ်။ ထင်တဲ့အတိုင်းပဲ တကယ်လည်းစိတ်ဆိုးတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စက်ဘီးတစ်စီးလုံး ဖြတ်ထွက်လာတာ မမြင်ဘူးလား"

"ကိုယ်မြင်ပါတယ်၊ အဲဒါကြောင့် ဘရိတ်အုပ်လိုက်တာပေါ့။ ဒါပေမယ့် ညီလေးက လန့်သွားတာကိုး"

"ဟာ, ကားတစ်စီးလုံး ကိုယ့်ဆီတည့်တည့်ကြီးလာနေတာ မလန့်ရအောင် ကျွန်တော်က သူရဲကောင်းလား"

"အဲ"

သူပြောတာလည်း မှန်နေတာပဲလေ။ ကျွန်တော် ခေါင်းကို ကုတ်တယ်။ ဘာလုပ်ပေးရမလဲ စဉ်းစားတယ်။ ဆေးခန်း (ဒါမှမဟုတ်) အိမ် တစ်ခုခုလိုက်ပို့ပေးမှ သင့်တော်လိမ့်မယ်။ ဒီလို မနက်အစောကြီး ဘယ်ဆေးခန်းဖွင့်မှန်းလည်း ကျွန်တော် မသိဘူး။

အဲဒီအချိန်မှာပဲ ကောင်လေးက ထိုင်ရာက အားယူပြီးထတာတွေ့လိုက်ရတော့ ကျွန်တော်ကပျာကယာဖေးမပေးလိုက်တယ်။

"ရတယ် နေ နေ. . . လူကို မထိနဲ့"

"ညီလေးကလည်း ဒေါသချည်းပဲ၊ ကိုယ်ကစေတနာနဲ့ပါ သက် သာလား အိမ်လိုက်ပို့ပေးရမလား"

ကောင်လေးက ကျွန်တော့်စကားကို သိပ်ဂရုစိုက်ပုံမရဘူး။ ခြေထောက်ကို ထောက်ကြည့်လိုက်၊ မျက်နှာရှုံ့မဲ့သွားလိုက်နဲ့ အလုပ်ကိုရှုပ်နေတာ။

အဲဒီအချိန်မှာပဲ ကျွန်တော့်ဟမ်းဖုန်းက အသံမြည်လာတော့ ကိုင်လိုက်တာ . . . ဟိုကောင်တွေ . . .

"ဟေ့ကောင် ဘာလုပ်နေတာလဲ၊ ဒီမှာ နေပူတော့မယ်"

"အေးပါ လာမယ်၊ ငါ ဒီမှာ အက်စီးဒင့်တစ်ခုဖြစ်နေလို့"

ကျွန်တော့်စကားကြောင့် သူငယ်ချင်းတော်တော်လန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, ဘယ် . . . ဘယ်မှာလဲ၊ ငါတို့ဘာလုပ်ပေးရမလဲ"

"ရပါတယ် ကားနဲ့ တိုက်တော့မတိုက်မိလိုက်ဘူး၊ ဒါပေမယ့် လဲသွားတယ်၊ ကဲပါ ငါ နောက်မှပြန်ဆက်လိုက်မယ်"

ဟိုဘက်က သူငယ်ချင်းကလည်း အလိုက်သိစွာ ဖုန်းချသွားတယ်။ ကျွန်တော် ကောင်လေးကိုကြည့်လိုက်တော့ သူ့စက်ဘီးလေးကို လှမ်းထူနေတယ်။ ကျွန်တော် အမြန်ပြေးသွားလိုက်ပြီး စက်ဘီးလေးကို ဆွဲထူပေးလိုက်ချိန်မှာ ကောင်လေးက ကျွန်တော့်ကိုကြည့်တယ်။

ကျွန်တော်ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ စက်ဘီးကို ကျွန်တော် ဆွဲထူလိုက်တယ်။ အဲဒီအချိန်မှာပဲ ကောင်လေးခေါင်းမှာ စောင်းထားတဲ့လျှာထိုးဦးထုပ်လေးနဲ့ ကျွန်တော့်ကုန်းအထမှာ ခေါင်းနဲ့သွားတိုက်မိလိုက်ပါတယ်။

"ဟာ, ဆောရီး"

"ဟာ"

အဲဒီ အာမေဍိတ်သံနှစ်ခုလုံး ကျွန်တော့်ဆီကထွက်သွားတာပါ။

ခွေခနဲကျလာတဲ့ ဆံပင်၊ ရဲခနဲဖြစ်သွားတဲ့ မျက်နှာလေးတစ်ခု. . . ပြီးတော့ ကမန်းကတန်း ဦးထုပ်ကောက်ဆောင်းပြီး ထွက်သွားတဲ့ အဲရိပ်လေးတစ်ခု။

ကျွန်တော့်လမ်းဘေးမှာ မတ်တတ်ရပ်ရင်း ငေါင်ကြောင်ကြောင်ကြီးကျန်ခဲ့တာပါ။

ဒီလိုပဲ လောကကြီးမှာ ယောကျ်ားဆန်ဆန် ချောမောတဲ့ မိန်းကလေးတွေလည်း ရှိပါသေးလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# လော

ကကြီးဟာတိုက်ဆိုင်မှုတွေနဲ့ ပေါင်းစုထားတယ်လို့ ဘယ်ပညာရှိကပြောခဲ့လည်းတော့ ကျွန်တော်မသိပါဘူး။ ဒါပေမယ့်ကြားဖူးနားဝတော့ ရှိပါတယ်။

တကယ်လည်း အဲဒီကောင်မလေးနဲ့ ကျွန်တော် . . .

မတော်တဆ တိုက်ဆိုင်မှုလေးနဲ့ စတွေ့ခဲ့တာပါ။

အရာရာ သာယာချမ်းမြေ့ပါစေလို့ ကိုယ့်ဘာသာကိုယ်ဆုတောင်းမိပါတော့တယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

တော်ဝင်မြို့မှစာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

# ကျွန်

တော့်မှာ လက်ရှိရည်းစားလက်ဝယ်မရှိခြင်း ကိစ္စက လည်း အိမ်မှာ ပြဿနာတစ်ခုလိုဖြစ်နေတယ်။ အဖေနဲ့အမေက လည်း သူတို့နဲ့ အပိုချိန်တွေမှာ ကျွန်တော့်ကို မိန်းမယူဖို့ အတင်း ဘိုက်တွန်းတယ်။ ယူတာကတော့ ပြဿနာမရှိပါဘူး၊ ယူလို့ရပါ တယ်။ ပြဿနာရှိနေတာက မိန်းမဆိုတာ အခုကောက်ယူ အခု မရတဲ့ကိစ္စပဲ။

ကဲ, အခုပဲကြည့်။ ဘယ်မှာလဲ ကျွန်တော့်မှာ ယူစရာ မိန်းမ၊ ယူဖို့လျာထားထားတဲ့မိန်းမ မပြောနဲ့ ရည်းစားတောင်မရှိ။ အရင်ထားခဲ့ဖူးတဲ့ ရည်းစားတွေလည်း အကုန်အိမ်ထောင်ကျကုန် ပြီး နောက်ဆုံး သူငယ်ချင်းတွေဆီ အကူအညီတောင်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူတို့ညီမတွေက အရွယ်မရောက်သေးတာနဲ့ . . . သူတို့အစ်မတွေကျတော့ အခုပဲ သူတို့ရည်းစားတွေနဲ့ လက်ထပ်တော့မလိုလို . . . တစ်သက်လုံး ယောက်ျားတွေပဲ မုန်းနေသလိုလိုတွေ။

နောက်ဆုံးတော့ ကျွန်တော်ပဲ အမေနဲ့အဖေရဲ့ကြား မျက်နှာငယ်ရတာပါပဲ။

"ငါနဲ့တော့ကွာပါ့ကွာ၊ တောက်, ငါများ မင်းအရွယ်တုန်းကဆို. . ."

"ဩော်, ရှင်က နေရာချင်းလဲချင်သေးတယ်ပေါ့၊ သတ္တိရှိလဲကြည့်လေ ဟင်း ဟင်း . . . အသန်းတဲ့ တစ်သန်းထဲရှိတယ်သိလား"

"အေးပါကွာ၊ ငါက စကားအဖြစ်ပြောတာပါ၊ မင်းသားလုပ်နေပုံတွေကြည့်ပြီး ငါ အားမရလို့ပါ"

အမေက အဖေ့ကို မျက်စောင်းထိုးပြီး ကျွန်တော့်ဘက်ပြန်လှည့်တယ်။

"ဒီမယ် ငါ့သား မင်းက ဟုတ်လည်းဟုတ်တယ် မရှက်ဘူးလား"

"ဗျာ, ဘာ ဘာကို ရှက်ရမှာလဲဟင်"

"ရည်းစားတစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက်မထားနိုင်တာကိုပြောတာ"

ဒီစကားကို အမေကမပြောဘဲ အဖေက ဝင်ပြောတာပါ။

"ရှင် အသာနေစမ်းပါ, ဒီမှာတစ်ယောက်တည်း ပြောပါရစေ"

အဖေ ငြိမ်သွားတယ်။ ဘယ်အချိန် အလစ်ဝင်ပြောရမလဲ စဉ်းစားနေပုံလည်းရတယ်။ အမေကတော့ တစ်ခုခုတွေးနေသလို ပုံစံမျိုးလုပ်လိုက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဦးထွန်းငွေရဲ့သမီးလေးကို မင်းသိတယ်မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ . . .

"အဲဒီကလေးမလေး မဆိုးဘူး၊ မင်းကိုလည်း စိတ်ဝင်စားပုံရတယ်၊ ပြီးတော့ ပညာတတ်လေး"

"ဟာ, အမေကလည်း သွားမကြိုက်ပါဘူး"

"မင်းက ဘာကိုမကြိုက်တာလဲ ဟိုကဘွဲ့ရတော့မှာ၊ ပြီးတော့ ဆရာဝန်"

"သူ့ဟာသူ ဆရာဝန်မကလို့ ဘာပဲဖြစ်ဖြစ်"

"ရုပ်ကလေးလည်းလှတယ်၊ မင်းနဲ့သင့်တော်လို့ပြောတာ"

ကျွန်တော် ခါးခါးသီးသီး ခေါင်းခါလိုက်ပြီး . . .

"သူက စကားမပီဘူး အမေရ၊ အမေ မသိဘူးနော်"

အဲဒီအချိန်မှာပဲ အဖေက ကမန်းကတန်းဝင်ပြီး . . .

"သူ့ဟာသူ စကားမပီတာ ဘာဖြစ်လဲ၊ အဲဒါ အဓိကလား"

"အဲဒါဆို အဓိကက ဘာလဲ"

"အဲ"

အဖေက ဘာဆက်ပြောရမှန်းမသိဘူး ရပ်သွားချိန်မှာ အမေက မျက်စောင်းလှမ်းထိုးတယ်။ အဖေက ခပ်ကုပ်ကုပ်လေး ဆိုဖာပေါ်ပြန်ထိုင်သွားတယ်။ ပြီးတော့ အမေက ကျွန်တော့်ဘက် ပြန်လှည့်တယ်။

"ဒါဆို ငါ့သူငယ်ချင်း ခင်လေးရဲ့ သမီးဆိုရင်ကော"

ကျွန်တော် တော်တော်ကြာကြာ စဉ်းစားကြည့်တယ်။ ဒါပေမယ့် ခေါင်းထဲပေါ်မလာတာနဲ့ . . .

"ဘယ်သူ့ကိုပြောတာလဲ"

"မေ့တတ်လိုက်တာ လွန်ရော၊ ဟိုတစ်ခါ ဘုရားကိုးဆူ ကပ်တုန်းက သွားတဲ့အိမ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲ ဖျတ်ခနဲပေါ်လာလေရဲ့။ ချက်ချင်း ခေါင်းကြီးသွားပြီး . . .

"ဟာ, မဖြစ်ဘူး မဖြစ်ဘူး၊ အဲဒီကောင်မလေးက သွား နည်းနည်းခေါ်တယ်၊ သား . . . သားနဲ့မဖြစ်ဘူး"

ဒီတစ်ခါ အဖေက . . . "သွားက အဓိကမဟုတ်ဘူး" လို့ ဝင်မပြောတော့ပါဘူး။ ခပ်အေးအေးပဲ ကျွန်တော့်ကိုကြည့်ပြီး . . .

"မဆိုစလောက်လေးပါကွာ" တဲ့။

"ဟာ, မဆိုစလောက်လေးလည်း မဖြစ်ဘူး၊ မ . . မလုပ်ကြ ပါနဲ့ အမေတို့ အဖေတို့ရယ်"

အမေနဲ့အဖေ ပြိုင်တူခေါင်းခါလိုက်ကြတယ်။ တော်တော် လည်း စိတ်မရှည်တော့ပုံရတယ်။ ခေါင်းခါကြလို့ ဝသွားတော့မှ . .

"မင်း ဒီလောက်ချေးများနေရင် ငါတို့ ဒီတစ်သက် မြေးချီ ရတော့မယ် မထင်ဘူး၊ အဲဒါတော့ မဖြစ်ဘူးနော်ဟေ့ကောင်၊ ငါတို့ မွေးထားတာ မင်းတစ်ယောက်တည်း၊ တော်ကြာ Generation ပျောက်သွားမယ်".

အမေက ဒီတစ်ခါတော့ အဖေ့စကားကို ဝင်ထောက်ခံ လေရဲ့။

"ဟုတ်တယ် ငါ့သား၊ အမေတို့ မြေးချီချင်လှပြီ".

ကျွန်တော် သက်ပြင်းကိုချလိုက်မိတယ်။ တော်တော်လည်း စိတ်ညစ်ရတဲ့ဒုက္ခပါလား။ အဖေနဲ့အမေကိုလည်း သနားလာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း သနားလာတယ်။

ဒီလိုနဲ့ နောက်ဆုံး ကတိတစ်လုံးကို ကျွန်တော်ပေးလိုက် ရတော့တယ်။

"စိတ်ချပါမေမေ. . သား မေမေတို့အတွက် ချွေးမကောင်း ကောင်းရအောင် ရှာပေးပါ့မယ်၊ အဲ, ဒါပေမယ့် မေမေတို့ရဲ့ မိတ်



www.burmeseclassic.com

www.burmeseclassic.com

နေ့ သမီးတွေနဲ့တော့ ထင်ရာတွေလျှောက်မစီစဉ်ကြနဲ့နော်၊ အဲဒီကောင်ကိုတော့ သွားကိုပေး"

အဖေနဲ့ အမေ မျက်နှာတွေချက်ချင်း ဝင်းတက်လာတယ်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်တယ်။ ကျွန်တော်လည်း လေးကန်တဲ့ခြေလှမ်းတွေနဲ့ သူတို့ရှေ့က ထထွက်ခဲ့တော့တယ်။

ရင်ထဲမှာ ပူလောင်လွန်းလို့ လေပူတွေမှုတ်ထုတ်မိတယ်။ ရည်းစားတစ်ယောက်လောက် ဘယ်ကရပါ့မလဲ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"မင်း

ကိစ္စက သတင်းစာထဲ ကြော်ငြာထည့်ရမလိုဖြစ်နေ ပြီကွ"

ဝင်းအောင်ရဲ့စကားကြောင့် ကျန်တဲ့ကောင်တွေပါ ကျွန်တော့်ကိုကြည့်ပြီး ရယ်ကြတယ်။ ကျွန်တော်ကတော့ ဒီကောင်တွေကို ဘာပြန်ပြောရမှန်းမသိလို့ ဒီအတိုင်းပဲ နေလိုက်ရတယ်။

"ဒါမှမဟုတ် ဒီလိုလုပ်ပါလား၊ ဟိုးအရင် ရုပ်ရှင်တွေထဲကလို ဟန်ဆောင်လင်မယား ထားလိုက်ပါလား"

"မဖြစ်ဘူးကွ၊ အခုဟာက ကလေးမွေးပေးရမှာ၊ အမေ့ရဲ့ ရည်ရွယ်ချက်က မြေးချီချင်လို့တဲ့"

အားလုံးငြိမ်သွားတယ်။ ဒီကိစ္စကြီးကိုတော့ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူးဆိုတာ သူတို့သိသွားတယ်။

ထွန်းနိုင်က ဝင်ပြောတယ်။

"အဲဒါဆို မင်း ဘယ်လိုလုပ်မလဲ"

ကျွန်တော် ခေါင်းကို တအားကုတ်လိုက်တယ်။ တော်တော်ဖြေရခက်တဲ့ မေးခွန်းပဲ။

"ငါလည်း မတွေးတတ်တော့ဘူး၊ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး၊ ခက်တာက ငါ့မှာ ရည်းစားကမရှိဘူး"

သူငယ်ချင်းတွေ ပြုံးစိစိနဲ့ ကျွန်တော့်ကိုကြည့်တယ်။

ထွန်းနိုင်က ကြည့်နေရင်းနဲ့မှ ဝင်ပြောတယ်။

"မင်း ဒါဆို စုစုမွန်ကို အကူအညီတောင်းကြည့်ပါလား"

စုစုမွန်ဆိုတာ ကျွန်တော်တို့နဲ့ ငယ်ငယ်ကတည်းက ကျောင်းနေဖက်သူငယ်ချင်းပါ။

"စုစုမွန်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"သူ ဟိုနေ့က ငါနဲ့တွေ့တယ်၊ လောကကြီးမှာ တစ်ယောက်တည်းနေရတာ ပျင်းလာပြီဟာတဲ့၊ ငါက နင်အိမ်ထောင်ပြုဖို့သင့်နေပြီလို့ပြောတော့ အဲဒါကို သူစဉ်းစားနေတာတဲ့၊ မင်းသိတဲ့အတိုင်း သူလည်း ကလေးတော်တော်ချစ်တာ၊ မင်းနဲ့သူ ယူပြီးရင် ကလေးတန်းမွေးခိုင်းလို့တောင်ရတယ်"

ဝင်းအောင်က ထွန်းနိုင်စကားကြောင့်ရယ်တယ်။ ထွန်းနိုင်က သူ့စကားသူပြန်ရယ်တယ်။ ကျွန်တော်ကတော့ မရယ်အားပါဘူး။ ခုန ဒီကောင်ပြောတဲ့ စုစုမွန်နဲ့ကိစ္စ စဉ်းစားနေရလို့ပါ။ စုစုမွန်က မဆိုးပါဘူး။ ရုပ်ကလေးကလည်း လှပါတယ်။ ကျောင်းတုန်းက အလှဆုံး စာရင်းထဲမှာပါတယ်။ ဒါပေမယ့် ချေးများတယ်။ အခုချိန်ထိ ယောက်ျားမရသေးတာလည်း အဲဒီချေးများတဲ့ စိတ်ကြောင့်ပဲ။

သူက ဆရာဝန်ဆိုလည်း အသည်းကုတဲ့ဆရာဝန်မှ ယူမှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်လ် သူ့ဆီပဲလာတာပါ"

"အေးကွာ မင်းတို့လည်း ကျောင်းပြီးကတည်းက ပျောက်ချက်သားကောင်းနေလိုက်တာ အခုမှပဲတွေ့တော့တယ်"

ကျွန်တော် ပြုံးပြလိုက်ရင်း . . .

"အိမ်ကိုသာ မလာဖြစ်တာပါ။ ကျွန်တော်တို့တွေ အပြင်မှာတော့ မကြာခဏ တွေ့ဖြစ်ပါတယ် အန်ကယ်လ်"

အဘိုးကြီးက ခေါင်းတညိတ်ညိတ်လုပ်တယ်။ အဲဒီအချိန်မှာပဲ အိမ်တံခါးဝမှာ လာရပ်တဲ့ စုစုမွန်ကိုတွေ့လိုက်ရတယ်။ ကျွန်တော် လျှာထုတ်ပြပြီး လက်လှမ်းပြလိုက်တယ်။ စုစုမွန်က လက်သီးပြန်ထောင်ပြရင်း . . .

"အိမ်ထဲကနေရင်း ဒီအသံကြားဖူးပါတယ်လို့ နားထောင်နေတာ လက်စသတ်တော့ နင်ကိုး၊ ဘာလဲ သွားရင်းလာရင်း ပိုက်ဆံပြတ်သွားလို့ ဝင်ချေးတာလား"

စုစုမွန်စကားကို သူ့အဖေကရယ်တယ်။ ပြီးတော့ . . .

"မင်းတို့သူငယ်ချင်းတွေကတော့လေ. . ." ဆိုပြီး ခေါင်းတညိတ်ညိတ်လုပ်ပြန်တယ်။

ကျွန်တော် စုစုမွန်ဆီလှမ်းသွားလိုက်ပြီး . . .

"ငါ ဒီနားကသူငယ်ချင်းတစ်ယောက်ဆီ ခဏလာရင်း နင့်ဆီပင်လာတာဟ၊ အခု နင်အားလား"

အမှန်တော့ ဘယ်သူငယ်ချင်းတစ်ယောက်ဆီမှ လာတာ မဟုတ်ဘဲ ကျွန်တော်လိမ်လိုက်တာပါ။ စုစုမွန်ကတော့ ကျွန်တော့် စကားကို အရေးလုပ်ပုံသိပ်မရပါဘူး။ သူအားလား မအားလား ဆိုတာ သူ့ကိုယ်သူ ပြန်စဉ်းစားနေပုံရတယ်။ အမှန်တော့ အပိုတွေလုပ်ပြီး စဉ်းစားချင်ယောင်ဆောင်နေတယ်ဆိုတာလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ ဒါပေမယ့် ဝတ္တရားအရ ခဏစောင့်ပေးလိုက်တယ်။

စုစုမွန်က ကျွန်တော့်ကို မျက်လုံးလေးထောင့်ကပ်ကြည့်ပြီး . . .

"အခု လောလောဆယ်ဆိုရင်တော့ အားတယ်၊ နင်က ဘာလုပ်ချင်လို့လဲ"

"အဲဒါဆို ငါတို့ တစ်ဆိုင်ဆိုင်မှာ တစ်ခုခုသွားစားရအောင်ဟာ၊ ပြီးတော့ နင်နဲ့ တိုင်ပင်စရာလေးတွေလည်းရှိလို့"

"အံမယ် . . စကားကြီးစကားကျယ်တွေ ပြောနေပါလား၊ နင်က ငါနဲ့ ဘာတိုင်ပင်စရာများ ရှိနေလို့လဲ"

"ကဲပါဟာ လိုက်မှာဖြင့် လိုက်ခဲ့စမ်းပါ၊ သွား အဝတ်အစားသွားလဲ"

"ဟွန်း . . ခဏစောင့်"

ခဏစောင့်လို့သာပြောတာ သူအလှပြင်ရင် အနည်းဆုံး တစ်နာရီလောက်ကြာမယ်ဆိုတာ ကျွန်တော်သိပါတယ်။ စုစုမွန်က တခြားနေရာတွေမှာတင် ချေးများတာမဟုတ်ဘူး။ အဝတ်အစားဝတ်တဲ့နေရာမှာလည်း ချေးများသေးတယ်။

ဥပမာ - သူနဲ့နှစ်ယောက်တည်း အတူတူတွဲသွားမယ့်လူရဲ့ အဝတ်အစားအရောင်ကိုကြည့်တယ်။ ပြီးတော့ အဲဒီအဝတ်အစား အရောင်နဲ့ လိုက်ဖက်မယ့်အရောင်ကိုပါ ရွေးပြီး သူကဝတ်တာ။ တော်သေးတယ် သူသာမင်းသမီးဖြစ်ရင် ခက်မယ်။ အဝတ်အစား အရောင်နဲ့လိုက်မယ့် အစားအသောက်တွေပါ ရွေးစားရင် မလွယ်ဘူး။ အနက်ရောင် ဝတ်တဲ့နေ့ဆို ပုန်းရည်ကြီးနဲ့ ထမင်းစားပြီး သွားရည်စာကို မုန့်ကျွဲသည်းလိုဟာမျိုး စားချင်စားမှာ။

အနီဝတ်တဲ့နေ့ဆို စတော်ဘယ်ရီဖျော်ရည်ချည်း တစ်နေ့လုံး ထိုင်သောက်နေရင် ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ပျင်းပျင်းရှိတာနဲ့ အဘိုးကြီးနဲ့အတူ စကားတွေ ထွေရာလေးပါးသွားပြောနေလိုက်တယ်။ ပါးစပ်အမြှုပ်ထွက်အောင် ကျွန်တော်တို့နှစ်ယောက် ပြောလို့ဝမှ စုစုမွန်ထွက်လာတော့တယ်။ ကျွန်တော်လည်း ရွဲ့ပြီး . . .

"နင်က မြန်လှချည်လား၊ ဒီမှာ အန်ကယ်လ်နဲ့ စကားပြောမလို့လုပ်တုန်း ရှိသေးတယ်"

"လာမရွဲ့နဲ့နော် ဒါတောင် နင့်ကိုအားနာလို့ ဆံပင်တောင်အချိန်ယူမပြင်ခဲ့ဘူး သိလား"

"ကျေးဇူးတင်ပါတယ်ဟာ နောက်ဆို နင့်ကို ငါတစ်ရက်ကြိုချိန်းပါ့မယ်"

အဲဒီလိုနဲ့ စုစုမွန်အဖေကို ကျွန်တော်တို့နှုတ်ဆက်ပြီး ထွက်လာခဲ့တော့တယ်။

ကျွန်တော်တို့ Mr.Guiter မှာ ထိုင်ကြတယ်။ မှာစရာရှိတာမှာပြီး စုစုမွန်ကပဲ စကားစတယ်။

"ပြော နင့်ရဲ့ ငါ့ကိုတွေ့ချင်တဲ့ကိစ္စ"

ကျွန်တော် ပြောသင့်မပြောသင့် စဉ်းစားတယ်။ ပြောသင့်တယ်ထင်လို့ ဒီအထိခေါ်လာပြီးတော့မှ ကျွန်တော် ပြောချလိုက်တယ်။

"နင် ယောက်ျားမယူသေးဘူးလားတင်"

"အမယ်လေး"

ရုတ်တရက်ဆိုတော့ စုစုမွန် မျက်လုံးပြူးပြီး ကျွန်တော့်ကို ကြည့်တယ်။

"ဘာလဲဟာ နင့်ဟာက"

"နင် ယောက်ျားမယူသေးဘူးလားလို့"

"အေးလေ . အဲဒါ ဘာလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားလေ ဟာ. ."

"ကျွတ်, ဒုက္ခပဲ နှစ်လုံးတည်းနဲ့ရှုပ်နေပြီ၊ ဘာလို့ ငါ့ကို အဲဒါမေးတာလဲလို့ ပြောမလို့"

ကျွန်တော် ရယ်ကျဲကျဲနဲ့ . . .

"ငါသိချင်လို့ပါဟာ"

စုစုမွန် ကျွန်တော့်ကို မယုံသင်္ကာဟန်နဲ့ ကြည့်တယ်။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး တော်တော်လေးစဉ်းစားတယ်။

"မယူသေးလို့ နင် ငါ့ကို အခုလိုတွေ့နေရတာပေါ့၊ နေစမ်းပါဦး ထူးထူးဆန်းဆန်း . . ငါ့ကို ဘာလို့ အဲဒါလာမေးနေရတာလဲ"

ကျွန်တော်ခေါင်းကိုပွတ်ပြီး ဘယ်က အရင်စပြောရင် ကောင်းမလဲ စဉ်းစားလိုက်တယ်။ စကားကိုစပြီးမှတော့ "ဘာမှ မဟုတ်ပါဘူးဟာ" ဆိုပြီး သိမ်းလို့မရတော့ဘူးလေ။ သူလည်း အဲဒီ မေးခွန်းကို သိချင်မှာပေါ့။

အဲဒါနဲ့ပဲ . . .

"ဒီလိုဟာ"

"အေး. . ပြော"

"ငါ. . ငါ့ကို အိမ်က မိန်းမပေးစားနေတယ်ဟာ"

စုစုမွန် ခပ်တွေတွေ တစ်ချက်ဖြစ်သွားတယ်။

"အဲဒါနဲ့ ငါ့ကိစ္စက. . ."

ကျွန်တော် ခပ်ရှက်ရှက်အမူအရာလေးလုပ်ပြီး ရယ်လိုက်ရင်းမှ . . .

"ဟို. . ဟိုဟာ အဲဒါ နင်လည်း ယောကျ်ားမ . . မရသေးဘူးဆိုတော့ ဟီးဟီး. . ."

ကျွန်တော့်စကားဆုံးတာနဲ့ စုစုမွန်က မျက်နှာတစ်ချက်ရှုံ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. လက်စသတ်တော့ နင်က ငါ့ကိုရည်းစားစကား လာပြောတာပေါ့လေ ဟုတ်လား"

"ဟုတ်ဘူးဟ"

"ဟင်, အဲဒါဆိုဘာလဲ"

"ရည်းစားစကား မဟုတ်ဘူးဟ၊ အိမ်ထောင်ရေးစကား"

"အိမ်ထောင်ရေးစကား . . ဟုတ်လား"

"ဟုတ်တယ်လေ နင်ပဲစဉ်းစားကြည့်၊ ရည်းစားစကားဆိုရင် တကယ်လို့ နင်က အဖြေပြန်ပေးပြီထားဦး ရည်းစားအဖြစ်တွဲနေရဦးမယ်၊ အခုဟာက ငါက တန်းယူမှာ အရေးကြီးနေပြီဟ"

"ဟေ"

စုစုမွန် မျက်လုံးပြူးထွက်သွားတယ်။ အရင်တစ်ခါ ပြူးတာထက် ပိုမယ်ထင်တယ်။ ကျွန်တော်ကတော့ သူ့ဟာသူ ဘယ်လောက်ပြူးပြူး ဂရုမစိုက်တော့ပါဘူး။

"ဟုတ်တယ် စုစုမွန် နင်စိတ်ကူးမလွဲပါနဲ့ဟာ၊ ဖြစ်နိုင်မယ်ဆို ငါ့ကိုယူစမ်းပါ"

"နင် . . နင် ဦးနှောက်မှကောင်းသေးရဲ့လား ဘုန်းချိမ့်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ စုစုမွန်ကပဲ ဆက်ပြောတယ်။

"ဒါဆို နင်အခုပြောနေတာတွေက တကယ်ပေါ့"

ကျွန်တော်က ရုပ်တည်နဲ့ သူ့ကိုကြည့်ပြီး . . .

"ငါက နောက်နေတယ်လို့ နင်ကထင်လို့လား"

ဒီတစ်ခါတော့ စုစုမွန်ငြိမ်ကျသွားတယ်။ ကျွန်တော့်ပုံစံကိုကြည့်ပြီး နောက်တာမဟုတ်ဘူးဆိုတာ သိသွားပုံပဲ။ ခဏကြာတော့ တွေးတွေးဆဆပုံစံနဲ့ . . .

"နေပါဦး နင်က အခုလိုဗြုန်းစားကြီး မိန်းမလောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ရလောက်အောင် ဘာတွေအရေးကြီးနေလို့လဲ”

ကျွန်တော် သက်ပြင်းကိုချလိုက်တယ်။

“အိမ်ကပေါ့ဟာ အိမ်ကပေါ့၊ ငါ အခုလိုလူပျိုလူလွတ်ဘဝနဲ့ နေနေတာကို ကြည့်မရတော့ဘူးတဲ့၊ အဲဒါနဲ့ ငါ့ကို အိမ်ထောင်ပြုဖို့ပြောနေတာ၊ အင်း . . ပြောနေတာတော့ အခုမှမဟုတ်ဘူးဟ ကြာပြီ၊ ငါလည်း နေ့ရွှေ့ ညရွှေ့လုပ်နေတာနဲ့ သူတို့လည်းစိတ်မရှည်တော့ဘူးထင်တယ်၊ ဟိုနေ့က ငါ့ကို အတိအလင်းစစ်ကြေညာတော့တာပဲ”

“ဘယ်လို စစ်ကြေညာတာလဲ”

“ငါ့ဟာငါ ရှာလို့ရရင်ရတဲ့ မရရင် သူတို့ပေးစားတာနဲ့ ယူရမယ်တဲ့”

စုစုမွန်က ချထားတဲ့အအေးကို ပိုက်နဲ့တစ်ချက်စုပ်သောက်လိုက်ပြီးတော့မှ . . .

“အဲဒါလည်းကောင်းတာပဲ၊နင်တော့အပင်ပန်း သက်သာသေးတယ်”

ကျွန်တော် ခေါင်းကိုခါပြလိုက်တယ်။

“ဘယ်ဖြစ်မလဲဟ သူတို့ရှာတာတွေက ငါသဘောမကျရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ မိန်းမယူတယ်ဆိုတာ တစ်သက်လုံး ဒီမိန်းမနဲ့ပေါင်းသွားရမှာ၊ အချစ်မပါဘဲ ဘယ်လိုအိမ်ထောင်ရေးကို ထူထောင်မလဲ၊ ပြီးတော့ တစ်ယောက်အကြောင်းတစ်ယောက်သိဦးမှ၊ ပြီးတော့ ငါက မချစ်ဘဲ ဘယ်မိန်းကလေးမှ မယူနိုင်ဘူး”

စုစုမွန် တစ်ချက် ကျွန်တော့်ကိုစိုက်ကြည့်ပြီးမှ . . .

“အဲဒါဆို နင်က ငါ့ကို တကယ်ချစ်လို့ပေါ့ ဟုတ်လား”

“အဲ. .”

ဒီတစ်ခါ မျက်လုံးပြူးသွားရတာက ကျွန်တော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်တရက်ဆိုတော့ ဒီမေးခွန်းကို ဘာပြန်ဖြေရမှန်းမသိဘူး ဖြစ်သွားတာ။ တကယ်လည်း စုစုမွန်မေးတာ မှန်ပါတယ်။

ဒါပေမယ့် ကျွန်တော် သူ့ကို တကယ်ချစ်သလား၊ ဒါမှမဟုတ် အကျဉ်းအကျပ်ထဲရောက်နေလို့ ကြံမိကြံရာကြံခဲ့တာလား။

ကျွန်တော့် နှလုံးခုန်သံက နဂိုကထက် ပိုမြန်လာတယ်။

"နင် ဖြေလို့မရတော့ဘူးမှတ်လား၊ ဟင်းဟင်း. . တကယ်တော့ နင်က နင့်ကိုယ်နင် ပြန်လိမ်နေတဲ့လူတစ်ယောက်ပဲ ဘုန်းချိမ့်၊ နင် သေသေချာချာစဉ်းစားကြည့်ရင် အဲဒီအဖြေကို ရလိမ့်မယ်၊ အဲ, ဒါပေမယ့် နင်ရမယ့်အဖြေကို ငါကြိုသိနေတယ်၊ အခုကတည်းက တစ်ခါတည်းပြောလိုက်မယ် နင် ငါ့ကိုမချစ်ဘူး၊ ဒါပေမယ့် နင့်စိတ်ထဲမှာ ငါ့ကိုလက်ခံလို့ရလိမ့်မယ်လို့ နင်ထင်နေတယ်၊ အဲဒါ သံယောဇဉ်ရှုပ်ထွေးမှုလို့ ခေါ်တယ်ဟ၊ နင်က သူငယ်ချင်းသံယောဇဉ်နဲ့ သမီးရည်းစားအချစ်ကိုရောသွားတာ၊ ဒါပေမယ့် နောက်တော့ နင်သိလာလိမ့်မယ်၊ အဲဒီအခါကျရင် . . ."

စုစုမွန်စကားကို ခဏရပ်ပြီး ကျွန်တော့်ကိုစိုက်ကြည့်တယ်။ ကျွန်တော် သူ့အကြည့်ကို ရင်မဆိုင်ရဲလို့ ခေါင်းငုံ့ထားလိုက်တယ်။ ရင်ခုန်သံကလည်း ကိုယ့်ဘာသာကိုယ် ပြန်ကြားရလောက်အောင် မြန်လာတယ်။ ခဏကြာတော့မှ စုစုမွန်ဆီက သက်ပြင်းချသံကြားလာရတယ်။ ပြီးတော့ . . .

"နင်ဟာ ဘဝလက်တွဲဖော်အဖြစ် မိန်းကလေးတိုင်း စဉ်းစားရမယ့် ယောကျာ်းအမျိုးအစားထဲမှာ ပါပါတယ်၊ ဒါပေမယ့် ငါကတော့ နင့်ရဲ့တောင်းဆိုမှုကို လက်မခံဘူး"

ပြောပြီး သူမက ညင်သာစွာ မတ်တတ်ထရပ်တယ်။

စားပွဲပေါ် ချထားတဲ့ လက်ဆွဲပိုက်ဆံအိတ်ကို တံတောင်ဆစ်မှာ ချိတ်လိုက်ပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခုပေးခဲ့တဲ့ အဖြေအတွက် နင် တစ်နေ့ ငါ့ကို ကျေးဇူးတင်လာမှာပါ သူငယ်ချင်း၊ နင်ပြောခဲ့တဲ့အတိုင်း ကိုယ့်ရင်ထဲက တကယ်စစ်မှန်စွာချစ်တဲ့သူကိုပဲ ရှာပါ"

ထို့နောက် သူမထွက်သွားတယ်။ ကျွန်တော်တစ်យောက်တည်း ငုတ်တုတ်ထိုင်ပြီး ကျန်နေခဲ့တယ်။

ကျွန်တော်နဲ့အတူ ကျန်ခဲ့တာဆိုလို့ ဘာရယ်မှန်း အမည်တပ်လို့မရတဲ့ ဆွေးမြည့်မှုတစ်ခုပဲ။ ဒါပေမယ့် အဲဒီဆွေးမြည့်မှုက စုစုမွှန် ကျွန်တော့်ကိုငြင်းသွားလို့ မဟုတ်ပါဘူး။

တကယ်ကို ဘာမှန်းမသိတာပါ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# လမ်း

ကလေးက သာယာနေသလောက် ကျွန်တော့်စိတ်တွေ နောက်ကျိနေပါတယ်။ အချစ်ဆိုတဲ့အရာက နှစ်လုံးတည်းနဲ့ တော်တော်ရှုပ်မှန်း ကျွန်တော် အခုမှသိတယ်။ ကျွန်တော် အရင်တုန်းကထားခဲ့တဲ့ ရည်းစားတွေကို အခုချိန်ခါမှာ လှမ်းကြည့်တယ်။ ဒါပေမယ့် လှမ်းလို့မရဘူး။ အဲဒါ ကျွန်တော် သူတို့ကို တကယ်မချစ်ခဲ့လို့လား။ အခုချိန်ခါမှာ ပြန်တွေးကြည့်တော့ ဝါးတားတားပဲ။ အဲဒီအချိန်တုန်းကတော့ ချစ်သလိုလိုပဲ။ အခုကျတော့ သူတို့ကို ခေါင်းထဲထည့်ကြည့်လို့ မရတော့ဘူး။

ကျွန်တော် တွေးရင်းတွေးရင်းနဲ့ ခေါင်းတွေနောက်ကျိလာတယ်။ နောက်ဆုံး ကျွန်တော်လိုချင်တဲ့အဖြေကို မရဘူး။ ကျွန်တော် သိပ်သိချင်တယ်။ အချစ်ဆိုတာ. . . ဘာလဲ။

"ဒီမှာဗျ ဒီမှာ. . ဟိုအစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်တော့ ကြောင်တောင်တောင်ဖြစ်သွားတယ်။ အသံက ကျွန်တော့်နောက်ကလာတာဆိုတော့ အနောက်ဘက် ကျွန်တော်လှည့်ကြည့်လိုက်မိတယ်။

"ဟိုး . . ခင်ဗျားက ဟိုတစ်ခါ ကျွန်တော့်ကို ကားနဲ့တိုက်သွားတဲ့လူမဟုတ်လား"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်တယ်။ ပြီးမှ ကျွန်တော့်ကိုပြောနေတဲ့သူကို မှတ်မိသွားတယ်။ ဟိုကောင်မလေးပဲ. . .

"ကားနဲ့တိုက်သွားတာ မဟုတ်ပါဘူးကွာ၊ ကားတခြား စက်ဘီးတခြားပါ"

ကောင်မလေးက ခပ်မဲ့မဲ့တစ်ချက်ပြုံးလိုက်တယ်။ တီရှပ်အနီလေးနဲ့ ဂျင်းဘောင်းဘီမိုးပြာရောင်လေး ဝတ်ထားတဲ့ သူ့စတိုင်နဲ့တော့ သူ့အပြုံးက လိုက်ဖက်ပါတယ်။ ပြီးတော့ တစ်ခုကျန်သေးတယ်။ အဲဒါကတော့ တော်တော် ချစ်စရာကောင်းတယ်ဆိုတာပဲ။

"ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားကြောင့် ကျွန်တော် နှစ်ရက်လောက် အပြင်မထွက်ရတော့ဘူး"

"ဘာဖြစ်လို့လဲ အိမ်က သိသွားလို့လား"

သူမက ခေါင်းခါတယ်။

"ဟုတ်ဘူး ခြေထောက်နာသွားလို့"

ကျွန်တော် သက်ပြင်းကိုချလိုက်တယ်။

"အခုရော သက်သာသွားပြီလား"

"အင်း"

"ဒါနဲ့ မင်းက အခုဘယ်သွားမလို့လဲ"

ကောင်မလေးက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး . . .

"ခင်ဗျားဆီ တမင်သက်သက်လာတာ"

"ကိုယ့်ဆီ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နည်းနည်းတော့အံ့သြသွားမိတယ်။ ခြေထောက်နာတုန်းက ဝယ်လိမ်းထားတဲ့ ဒဏ်ကြေလိမ်းဆေးဖိုး လိုက်တောင်းတာတော့ မဖြစ်နိုင်ကောင်းပါဘူးလို့တော့ တွက်လိုက်မိတယ်။

ဒါပေမယ့် ဒီကောင်မလေးကို သတိထားပြီး ဆက်ဆံမှရမယ်။ ပုံစံလေးက ဂျစ်ကန်ကန်လေးနဲ့ လွယ်မယ့်ပုံသိပ်မပေါ်ဘူး။

"ခင်ဗျား သစ်ပင်တက်တတ်လား"

"ဘာရယ်"

"သစ်ပင်လေ. . သစ်ပင်တက်တတ်လားလို့"

ကျွန်တော် ခဏတော့ စဉ်းစားလိုက်မိတယ်။ မွေးကတည်းက အခုချိန်ထိ ဘယ်အပင်တက်ခဲ့ဖူးသလဲလို့။ အဲဒီတော့ အဖြေကထွက်လာတယ်။ ကျွန်တော် မာလကာပင်တောင် မတက်ဖူးဘူး။

အဲဒါကြောင့် ခေါင်းခါလိုက်ပြီး . . .

"ကိုယ် ဘယ်အပင်မှ မတက်ဖူးဘူး"

ကောင်မလေးက စိတ်ပျက်လက်ပျက်အမူအရာနဲ့. . .

"ဟွန်း. . ယောက်ျားဖြစ်ပြီးတော့"

"ဟ, ယောက်ျားဖြစ်တိုင်း သစ်ပင်တက်တတ်ရမှာလားကွ ဘာဆိုင်လဲ"

ကောင်မလေး တစ်ချက်ငြိမ်သွားတယ်။ မေးစေ့ကို လက်ညှိုးလေးထောက်ပြီး ခပ်တွေတွေဖြစ်နေပုံထောက်ရင် ဘာတွေအကြံထုတ်နေလဲမသိဘူး။ ကျွန်တော်ကတော့ သူ့ဘာသာသူ ဘာတွေအကြံထုတ်ထုတ် မတ်တတ်ရပ်ပြီး ကြည့်မနေနိုင်တော့ဘူး။ လှည့်ထွက်ခဲ့တယ်။ဒါပေမယ့် တစ်လှမ်း နှစ်လှမ်းပဲ လှမ်းရသေးတယ် အသံက နောက်ကပါလာတော့တာပဲ။

"နေပါဦးဗျ၊ ဘယ်သွားမလို့လဲ"

"သွားတော့မယ်လေ၊ ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းစရာရှိလို့ပါ ခဏလေး"

ကျွန်တော် မျက်လုံးပြူးသွားတယ်။ ခိုင်းစရာရှိလို့ဆိုပဲ။ သူ့လုပ်စာကို ကျွန်တော် ဘယ်တုန်းကများ စားမိလိုက်ပါလိမ့်။ ကောင်မလေးကတော့ ခပ်တည်တည် ခပ်အေးအေးလေးနဲ့ပဲ. . .

"ခင်ဗျား သစ်ပင်မတက်တတ်ပေမယ့် အုတ်နံရံတော့ တက်တတ်မှာပေါ့"

ဒီကောင်မလေးနဲ့တော့ ဇယားကပ်ပြီ။ ဘာလုပ်ချင်နေမှန်း မသိ။ ကျွန်တော် ခေါင်းတွေနောက်လာပြီ။

"နေစမ်းပါဦး ငါ့ဟာငါ ဘာပဲတက်တတ် တက်တတ် မင်းက ဘာလုပ်မလို့လဲ"

ကောင်မလေးက လေသံအေးအေးလေးနဲ့ . . .

"ခိုင်းစရာရှိလို့ပါဆို"

ကျွန်တော် ဒီတစ်ခါတော့ ငုံ့ခံမနေတော့။ သူ ကျွန်တော့်ကို ခိုင်းချင်တိုင်းခိုင်းရအောင် ကျေးဇူးရှိတာလည်းမဟုတ်။

"မင်းခိုင်းတိုင်း ငါကလုပ်ရမှာလား၊ ငါ့ကို မင်းကဘာထင်နေလို့လဲ၊ မင်းအိမ်မှာမွေးထားတဲ့ အလုပ်သမားများ အောက်မေ့နေလို့လား"

ဒေါသကြောင့် ကျွန်တော့်အသံ နည်းနည်းမာသွားတယ်။ ခြံကျယ်ဝန်းကျယ်တွေပဲရှိတဲ့ လုံးချင်းအိမ်ရာမို့လို့ လမ်းကလေးက လူရှင်းနေတယ်။ လူသွားလူလာ မရှိသလောက်နည်းတော့ ကျွန်တော်တို့နှစ်ယောက်ကို ဘယ်သူမှ ဂရုမပြုမိကြပါဘူး။

ကျွန်တော့်ဒေါသသံကြောင့် ကောင်မလေး တွန့်ခနဲတစ်ချက်ဖြစ်သွားပေမယ့် ခဏနေတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။

သူမက နှုတ်ခမ်းထောင့်စွန်းလေးကို တစ်ချက်ရွဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ခပ်တိုးတိုးလေးရယ်တယ်။ နောက်တော့ လေသံအေးအေးလေးနဲ့ . . .

"ရတယ်လေ . . ကျွန်တော်ခိုင်းတာမလုပ်ရင် ခင်ဗျားအိမ်လိုက်ပြီး ဟိုနေ့ကကိစ္စ တိုင်လိုက်ရုံပေါ့ ဟဲဟဲ. ."

"ဘာ၊ ဘယ်နေ့ကကိစ္စလဲ"

"ခင်ဗျားကားနဲ့ ကျွန်တော့်စက်ဘီးကိစ္စလေ၊ အဲဒါ. . ."

"ဟာ၊ အဲဒါဘာဆိုင်လဲ၊ မင်းဟာမင်း လန့်ပြီးလဲတာပဲ"

"လန့်ပြီးပဲလဲလဲ တကယ်ပဲလဲလဲ အဲဒါ ခင်ဗျားကားကြောင့်ဖြစ်ရတာ ဒါ ယာဉ်တိုက်မှုပဲ"

"ဟေ"

ကျွန်တော် မျက်လုံးပြူးသွားတယ်။ နေရင်းထိုင်ရင်း ဒုက္ခတောင်ရောက်တော့မယ့် ကိန်းပါလား။

စိတ်ညစ်လို့ မြစ်ကမ်းဘေးလာထိုင်တာ သပွတ်အူမျှောတာနဲ့ တိုးတာထက် ဆိုးနေပါလား။

"တကယ်ပြောတာ . . ကျွန်တော့်ကို မလုပ်ရဲဘူးမထင်နဲ့၊ ကျွန်တော် ခင်ဗျားအိမ်ကိုသိတယ်၊ မယုံရင် စမ်းကြည့်လိုက်လေ"

ကျွန်တော် ခေါင်းကိုကုတ်တယ်။ ဒီကိစ္စကို ဘယ်ကစပြီး ဖြေရှင်းရမှန်းလည်း မသိတော့ဘူး။ ရုပ်ကြည့်တာနဲ့ တကယ်လုပ်မယ့်ကောင်မလေးဆိုတာ ကျွန်တော်သိတယ်။ တကယ်တမ်း အိမ်ကိုလာတိုင်လို့ကတော့ မိုးမီးလောင်ပြီ။ အလိုလိုကမှ ခြေငြိမ်အောင် မိန်းမပေးစားနေတာ။ ဒီကိစ္စသာသိသွားလို့ကတော့ အိမ်ထဲက အိမ်ပြင် ထွက်ရမှာတောင်မဟုတ်တော့။

အဲဒါနဲ့ပဲ သူမမျက်နှာကို တရိုတသေ လှမ်းကြည့်လိုက်တယ်။

"ညီမလေးကလည်း ဟဲဟဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က 'ဟဲ' တော့ ကောင်မလေးကလည်း လိုက် 'ဟဲ'ပါတယ်။

"ဟဲဟဲ . . ဒီလိုမှပေါ့ လာလိုက်ခဲ့"

ကျွန်တော် အူကြောင်ကြောင်နဲ့ ဘယ်လဲလို့ မေးလိုက်တယ်။ သူမက ကျွန်တော့်ရှေ့က ဦးဆောင်ထွက်သွားပြီး . . .

"လိုက်မှာသာ လိုက်ခဲ့စမ်းပါ၊ ခင်ဗျားကို မှဲ့တစ်ပေါက်မစွန်းစေရပါဘူး"

"ဩော်, ဟုတ်ကဲ့ ဟုတ်ကဲ့"

ဒီလိုနဲ့ပဲ ကျွန်တော် ပါသွားပါတော့တယ်။ ပါသွားတဲ့နေရာကတော့ လုံးချင်းအိမ်ရာက အစွန်အဖျားနေရာလေးကိုပါ။ အဲဒီနေရာလေးရောက်ဖို့ ခြေတိုအောင် မနည်းလျှောက်ရပါတယ်။ လူလည်း တော်တော်ပြတ်တယ်။ ပြီးတော့ ပတ်ဝန်းကျင်ခြံကွက်တွေမှာ အိမ်တွေမဆောက်ရသေးတော့ တော်တော်တိတ်ဆိတ်နေတယ်။ သူက ကျွန်တော့်ကိုခေါ်လာလို့ တော်သေးတာပေါ့။ ကျွန်တော်ကသာ သူ့ကို ဒီလိုနေရာမျိုးခေါ်လာရင် ရပ်ကွက်က တစ်မျိုးထင်တော့မယ်။

သူက ရှေ့ကဦးဆောင်သွားနေရင်းက ခြံတစ်ခြံရှေ့မှာရပ်တော့ ကျွန်တော်လည်းလိုက်ရပ်ရတယ်။ ပြီးတော့ သူက ကျွန်တော့်ဘက်လှည့်ပြီး "ရှူး . . တိုးတိုး" ဆိုတဲ့ အမူအရာလုပ်တယ်။ နောက်တော့ ခြံတံခါးကနေ အထဲကို သူခိုးကြည့်ကြည့်တယ်။

ကျွန်တော် ရင်တွေတုန်လာတယ်။ ဒီကောင်မလေး ဘာတွေလုပ်နေမှန်း အခုထိ ကျွန်တော်မသိဘူး။ အခြေအနေမကောင်းရင်တော့ ကျွန်တော် ထွက်ပြေးဖို့စဉ်းစားပြီးသားပါ။

အဲဒီအချိန်မှာပဲ. . .

"ရပြီဗျ. . အခြေအနေက ကျွန်တော်တို့ဘက်မှာရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဒီအုတ်နံရံပေါ်တက်တော့"

"ဟေ, ဘာလို့ တက် . . တက်"

"အမယ်လေးဗျာ . . တက်မှာသာတက်စမ်းပါ။ ကျွန်တော် လူရိပ်လူခြေကြည့်ထားမယ်"

"မင်း . . မင်း ဘာလုပ်မလို့လဲ၊ ငါ . . ငါက အုတ်နံရံ ပေါ်တက်ပြီး ဘာလုပ်ရမှာလဲ၊ ထော်ကြာ လူတွေ့သွားရင် သူခိုးလို့ စွပ်စွဲခံရမှာပေါ့"

ကောင်မလေးက အေးအေးလူလူ ခေါင်းခါတယ်။

ကျွန်တော်ကတော့ ရင်တွေ တဒိန်းဒိန်းခုန်နေပြီ။

"ဘာမှမဖြစ်ဘူး ဒီနေရာက လူပြတ်တယ်၊ ပြီးတော့ ကျွန်တော် အခြေအနေကြည့်ပြီးပြီ၊ အထဲမှာ လူရှိပုံမရဘူး"

အခြေအနေကို နည်းနည်းမေးရတော့မယ်။, သူလုပ်ခိုင်း တိုင်း ကျွန်တော်လိုက်လုပ်လို့ ပြဿနာတစ်ခုခုဖြစ်ရင် ဘယ်သူ ရှင်းမလဲ။

"ကဲ, ထားပါတော့လေ၊ ငါက ဒီအုတ်နံရံပေါ်တက်ပြီး ဘာလုပ်ရမှာလဲ ပြောပါဦး"

"မာလကာသီးခူးရမှာ၊ ခင်ဗျား အုတ်နံရံပေါ်တက်လိုက် တာနဲ့ မာလကာပင်တစ်ပင်တွေ့လိမ့်မယ်၊ သီးနေလိုက်တဲ့ အသီး တွေမှ အကြီးကြီးတွေဗျာ စားချင်စရာကြီး၊ အဲဒါ သုံးလေးလုံး လောက် ကျွန်တော့်ကိုခူးပေး"

ကျွန်တော် သဘောပေါက်သွားပြီ။ လက်စသတ်တော့ ကျွန်တော့်ကို မာလကာသီးခိုးဖို့ ခေါ်လာတာပဲ။ ကျွန်တော် ခေါင်း ခါလိုက်တယ်။

"မဖြစ်ဘူး ငါတစ်သက်လုံး သူများပစ္စည်းမခိုးဖူးဘူး၊ မင်း လိုချင်ရင် ငါ ပိုင်ရှင်ကိုခွင့်တောင်းပြီး တောင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားလည်းကြားရော ကောင်မလေးက ခါးခါး သီးသီး ခေါင်းခါပြတယ်။

"မရဘူးဗျ . . ဒီခြံမှာ ခြံစောင့်ကြီးတစ်ယောက်ပဲနေတာ၊ ပြီးတော့ သူက ဘယ်လိုခွင့်တောင်းခွင့်တောင်း ပေးမှာမဟုတ်ဘူး၊ အဲဒီလူကြီးက ဂွစာကြီး"

ကျွန်တော် စိတ်ပျက်စွာ သက်ပြင်းကိုချတယ်။

အမှန်အတိုင်းပြောရင် ဘုမသိဘမသိနဲ့ ကျွန်တော် ဒုက္ခ ရောက်မှာ။

"ဘယ်လိုပဲဖြစ်ဖြစ် ငါ လုပ်မပေးနိုင်ဘူးကွာ၊ သွားတော့ မယ်"

စကားဆုံးတော့ ကျွန်တော့်ရှေ့က သူမက ပိတ်ရပ်တယ်။

"ခင်ဗျား ဒီလိုလုပ်လို့ရမလား၊ ခင်ဗျားအိမ်ကို ကျွန်တော် လာတိုင်မှာနော်"

ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ ကျွန်တော့် ဘဝက ဆုပ်လည်းဆူး စားလည်းရှူးပြီ။

"မင်း ကျန်တာခိုင်းပါလားကွာ၊ အဲဒါကြီးတော့ ငါမလုပ် ပါရစေနဲ့"

"မရဘူး ကျွန်တော် မာလကာသီးပဲစားချင်တာ"

"အဲဒါဆို ငါဝယ်ကျွေးမယ်လေ"

အဲဒါကျတော့လည်း လက်မခံ။

"ဟာ, ဈေးထဲကဟာတွေက သေးသေးလေးတွေ၊ ဒီခြံထဲ ကဟာတွေက အကြီးကြီးတွေ အဲဒါပဲစားမှာ"

ကျွန်တော့်ဘဝကတော့ သူခိုးဖြစ်ဖို့ ဇာတာပါကိုပါလာ တာပါ။ အခုမှတော့ ဘယ်တတ်နိုင်တော့မှာလဲ။ ဝက်ဖြစ်မှတော့ ဟင်းအိုးကြောက်မနေတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ, အဲဒါဆိုလည်း လာကွာ"

ကောင်မလေးက ဒီလိုမှပေါ့ဆိုပြီး ကျွန်တော့်ကို အုတ်နံရံနားခေါ်သွားတယ်။ အုတ်နံရံက သိပ်အမြင့်ကြီးလည်း မဟုတ်ဘူး။ ဒါပေမယ့် နိမ့်လည်းမနိမ့်ဘူး။ အနေတော်လောက်ပါ။

သူမက ကျွန်တော့်ကို စတက်ရမယ့်နေရာကအစပြတယ်။ သူကြည့်ရတာ ဒီခြံကို အချိန်တော်တော်ပေးပြီး လေ့လာထားပုံရတယ်။

"မင်း ဒီလောက်သိနေရင်လည်း ကိုယ်တိုင်တက်ယူလိုက်ပါလား၊ ငါ့ကို ဘာလို့ခိုင်းသေးလဲ"

"ဟာ, ခင်ဗျားက ယောကျ်ားလေးပဲဗျ . . .ကိစ္စမရှိဘူး၊ ကျွန်တော်က မိန်းကလေး၊ အမေကပြောတယ် မိန်းကလေးဆိုတာ အမြင့်မတက်ကောင်းဘူးတဲ့"

"ဟင်း. . တော်သေးတာပေါ့၊ မင်းကိုယ်မင်း မိန်းကလေးဆိုတာတော့ သိနေသားပဲ"

ကောင်မလေးက နှုတ်ခမ်းကိုက်ပြီး မျက်စောင်းထိုးတယ်။ ကျွန်တော်လည်း သူ့ကို အရေးစိုက်မနေတော့ဘူး။ ကိုယ်လုပ်စရာ ကိုယ်လုပ်တော့တယ်။ သူမပြတဲ့နေရာကနေ သူမပြောတဲ့ အုတ်ခွက်အထစ်ကလေးတွေကိုနင်းပြီး တက်လိုက်တာ အပေါ်ကို ရှော့ရှော့ရှူရှူပဲ ရောက်သွားတော့တယ်။

အပေါ်ရောက်တာနဲ့ အုတ်နံရံနားကပ်ပေါက်နေတဲ့ မာလကာပင်ကို တွေ့ပါတယ်။ ဟုတ်လည်းဟုတ်တယ်။ တစ်ပင်လုံး သီးနေလိုက်တဲ့အသီးတွေမှ မနည်းမနောပဲ။ အလုံးကြီးတွေကလည်း အကြီးကြီးတွေ။ အင်း. . ဒီကောင်မလေး သွားရည်ကျချင်စရာပဲ။ ကျချင်စရာပါ။

ကျွန်တော် အနီးဆုံးအကိုင်းက အသီးတစ်လုံးကို လှမ်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ခူးပြီး အောက်ပစ်ချပေးလိုက်တယ်။

သူမက ကျွန်တော်ချပေးတဲ့အသီးကို ကျင်လည်စွာဖမ်းပြီး လက်မထောင်ပြတယ်။

ပြီးတော့ ကျွန်တော် နောက်ထပ်နှစ်လုံး ထပ်ခူးပေးလိုက်တယ်။ သူမပြောတဲ့အတိုင်း သုံးလုံးပြည့်သွားတာနဲ့ ကျွန်တော် အောက်ပြန်ဆင်းမလို့လုပ်တယ်။

"နေပါဦးဗျ၊ ကျွန်တော့်ကို နောက်တစ်လုံးလောက် ထပ်ခူးပေးဦး"

"ဟာ, တော်ပြီ၊ မင်းပြောထားတုန်းက သုံးလုံးတည်း၊ ထပ်မခူးပေးတော့ဘူး"

"လုပ်ပါဗျာ တစ်လုံးတည်းပါ"

"တော်ပြီဆိုကွာ"

တကယ်ပါ။ သူ့ကိုလှည့်ပြောနေရတာနဲ့ သတိလက်လွတ်ဖြစ်ပြီး ကျွန်တော် ဖိနပ်ကျွတ်သွားတော့တယ်။

"မင်းလုပ်တာနဲ့ ဖိနပ်ကျွတ်သွားပြီ"

"ဟင်, ဘာဆိုင်လဲ သူ့ဘာသာသူကျွတ်တာ"

"ကျွတ်, တကယ်မွှေတယ်ဟေ့"

ကျွန်တော် သူမကို လှည့်ပြောမနေတော့ပါဘူး။ ကျွန်တော့်ဖိနပ်ကိုသာ ခြံထဲကိုငုံ့ပြီးရှာတယ်။ တော်တော်လေးရှာတော့မှ မာလကာပင်အောက်က မြက်တောထဲမှာ ကျွန်တော့်ဖိနပ်ကို မှောက်ခုံလေးတွေ့လိုက်ရတယ်။

ကျွန်တော် ဘာလုပ်ရမလဲ? အခုမှတော့ ပေါက်တဲ့နဖူး မထူးတော့ပါဘူး။ ဆင်းယူပြီး အမြန်ပြန်တက်ဖို့ပဲ ကျွန်တော် စဉ်းစားလိုက်တော့တယ်။ ဆုံးဖြတ်ချက်ချပြီးတဲ့နောက် ခြံထဲက လူရိပ်လူခြေ ကျွန်တော်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေတဲ့အတွက် လူရှိပုံမရဘူး။ ကျွန်တော် အခုချိန်ဆင်းယူရင် ဘယ်သူမှသိမှာမဟုတ်ဘူး။ ဆုံးဖြတ်ချက်နဲ့အတူ ကျွန်တော် ခြံထဲကိုခုန်ချလိုက်တယ်။ ပြီးတော့ ခပ်လှမ်းလှမ်းက ဖိနပ်ကိုကောက်ပြီး ပြန်အလှည့်မှာ ရင်ထဲက တစ်မျိုးကြီးဖြစ်သွားတယ်။

ကျွန်တော့်ကျောနောက်မှာ သစ်ရွက်နင်းသံလိုလို သစ်ကိုင်းကျိုးသံလိုလို ကြားလိုက်ရလို့ပါ။

ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်လိုက်ချိန်မှာ . . .

"ဟာ"

ကျွန်တော့်ခန္ဓာကိုယ်ဟာ အုတ်နံရံမှာ တောက်တဲ့တစ်ကောင်လို ကပ်သွားတယ်။ ခန္ဓာကိုယ်က သွေးတွေလည်း ဘယ်ရောက်ကုန်မှန်းမသိအောင် ဖြူဖတ်ဖြူရော်ဖြစ်သွားတယ်။

ကြောက်လွန်းအားကြီးလို့ ကျွန်တော့်ပါးစပ်က အာမေဋိတ်အသံတောင် ထပ်မထွက်နိုင်တော့ဘူး။

ကျွန်တော့်ရှေ့မှာ ဒိုဗာမင်နှစ်ကောင် ခပ်တည်တည်နဲ့ ကြည့်ပြီး ငုတ်တုတ်ထိုင်နေတယ်။ ကျွန်တော့်ကို ဟိန်းဟောက်ခြင်း၊ ဟောင်ခြင်း လုံးဝမရှိ။ ပြီးတော့ ကိုက်မယ်ဆိုတဲ့ အမူအရာလည်း မပြ။ ဒါပေမယ့် ကျွန်တော် သဘောပေါက်လိုက်တယ်။ ကျွန်တော့် လှုပ်တာနဲ့သေပြီ။

ဒါ စနစ်တကျလေ့ကျင့်ထားတဲ့ ခွေးတွေ။ ရန်သူကို တိုက်ခိုက်ရာမှာ စနစ်တကျ အကွက်ကောင်းကို တစ်ချီတည်းကိုက်နိုင်တဲ့ခွေးတွေ။ အခုလို သူတို့ ကျွန်တော့်အရိပ်အခြည်ကြည့်နေခြင်းကလည်း သူတို့သခင်ရဲ့အမိန့်ကို စောင့်ဆိုင်းနေတယ်ဆိုတာ ကျွန်တော်သိတယ်။ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လာတယ်။

ခွေးနှစ်ကောင်ကို ကျွန်တော်ကြည့်ရင်း ဒူးတွေတုန်လာ

www.burmeseclassic.com



တယ်။ သေချာကြည့်လေ နည်းနည်းနောနောကောင်ကြီးတွေ မဟုတ်မှန်းသိလာလေ။ ဒီကောင်ကြီးတွေသာ ကျွန်တော့်ကို တီးလိုက်လို့ကတော့ . . .

ဘုရား . . ဘုရား . . .

"ညီမလေးရေ . . "

ကျွန်တော် အသံကိုကျိတ်ခေါ်တယ်။ အပြင်ကကျေးဇူးရှင် မလေး ကြားအောင်ပါ။ သူမျှားဘာအကူအညီပေးနိုင်မလဲလို့။ ဒါပေမယ့်ဘာသံမှပြန်ထူးသံမကြားရဘူး။ကျွန်တော်ထပ်ခေါ်တယ်။

"ညီမလေးရေ . . "

ဘာသံမှ မကြားရပြန်ဘူး။

ကျွန်တော် စိတ်မရှည်တဲ့နောက်ဆုံး တံခါးဘက်ကို နည်းနည်းချင်းရွှေ့ကြည့်တယ်။ ကျွန်တော့်ခြေထောက် နည်းနည်းလှုပ်လိုက်တာနဲ့ . . .

"ဂီး . . ဂီး . . "

"ဂဲ . . ဂီး . . "

ဒီဗာမင်နှစ်ကောင်က ရုတ်တရက်ထပြီး မာန်ဖီတယ်။

အခုမှ ကျွန်တော် ဒုက္ခရောက်ပြီ။ ကြောက်စိတ်ကလည်း သေးထွက်မတတ်ဖြစ်နေပြီ။ ကျွန်တော် ဘယ်သူ့ကို အကူအညီ တောင်းရမလဲ။ ဒီခွေးနှစ်ကောင်နဲ့ ကျွန်တော်သာ တစ်နေ့လုံး ဒီလို နေရရင် လေဖြတ်သေသွားနိုင်တယ်။

နောက်ဆုံးတော့ မထူးတော့ဘူး။ လှုပ်မရတဲ့အတူတော့ အသံနဲ့ပဲ . . .

**"ကယ်ကြပါဦးဗျို့ . . . "**

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"သူ

တစ်ပါးပိုင်နက်ကို ကျူးကျော်တယ်ဆိုတာ သူခိုးပဲကွ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် သူခိုးမဟုတ်ပါဘူး"

"သူခိုးက သူခိုးလို့ပြောမလားကွ"

တော်တော်တော့ အကျပ်ရိုက်ပြီ။ အဘိုးကြီးက အလျှော့ပေးမယ့်ပုံတော့ မပေါ်။ ကျွန်တော်လည်း အဘိုးကြီးကိုကြည့်လိုက် သူဘေးထိုင်နေတဲ့ ခွေးနှစ်ကောင်ကိုကြည့်လိုက်နဲ့ ကြောက်လွန်းလို့ သေတော့မယ်။

"ဒီမယ် ဟော့ကောင် အူကြောင်ကြောင်လုပ်မနေနဲ့ မလိုချင်ဘူး ရပ်ကွက်ရုံးလိုက်ခဲ့"

"မ. . မလုပ်ပါနဲ့ဗျာ တကယ်ပြောတာပါ၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးမျက်နှာ စာင်းခနဲတစ်ချက်ဖြစ်သွားတယ်။

"ဪ, မင်းက မိကောင်းဖခင်သားသမီးဆိုတော့ ငါ့ကို ကလေကချေလို့ ပြောလိုက်တာပေါ့ ဟုတ်လား"

လက်ပေါက်တော့ကပ်ပြီ။ ကောင့်မလေးပြောလည်း ပြော ချင်စရာ။ တကယ့်မှ တကယ့်ဂွစာ။

"ကျွန်တော်က အဲဒီလိုဆိုလိုတာမဟုတ်ပါဘူး၊ ကျွန်တော် သူခိုးမဟုတ်တဲ့အကြောင်းကို ပြောပြတာပါ"

အဘိုးကြီး နည်းနည်းတော့ငြိမ်သွားတယ်။ ပြီးတော့ ကျွန်တော့်ကို သေချာစိုက်ကြည့်တယ်။

"အဲဒါဆို မင်း ဒီခြံထဲကို ဘာဝင်လုပ်တာလဲ"

"ကျွန်တော် . . ကျွန်တော် ဖိနပ်ဝင်ကောက်တာပါ"

အဘိုးကြီးက ကျွန်တော့်စကားကြောင့် ကြောင်တောင် တောင်ဖြစ်သွားတယ်။

"ငါ့ခြံနဲ့ မင်းဖိနပ်နဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော် ခေါင်းကိုကုတ်လိုက်တယ်။

"ဒီလိုပါ ဟို . . ကျွန်တော့်ဖိနပ်က ဦးခြံထဲကို ရောက်သွား လို့ပါ"

"ဟေ, ဘယ်လိုဖြစ်ပြီး ငါ့ခြံထဲကို မင်းဖိနပ်က ရောက် သွားတာလဲ"

ဆက်ရှင်းပြရင် အဖြစ်မှန်တွေပေါ် ကုန်တော့မယ်။

မာလကာသီးတက်ခိုးရင်း ကျသွားတယ်ဆို သူခိုးဖြစ်ပြီ။ ကျွန်တော် ဘယ်လိုပြောရမလဲ။ ခေါင်းထဲက ဉာဏ်နီဉာဏ်နက်တွေ ထုတ်တယ်။ ဘယ်လိုလိမ်ရမလဲ စဉ်းစားတယ်။ ကျွန်တော် ငေးငေး နေတာကိုကြည့်ပြီး အဘိုးကြီးက . . .

"ဟေ့ကောင် ဘာအကြံထုတ်နေတာလဲ၊ ငါ့ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လိမ်ရင်ကောင်းမလဲ စဉ်းစားနေတာမဟုတ်လား၊ ကြာတယ်ကွာ လာ ရုပ်ကွက်ရှုံးသွားမယ်"

လာပြန်ပြီရုပ်ကွက်ရှုံး။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ရှုံးတွေ ရဲစခန်းတွေ တစ်ခါမှရောက်ဖူးတာမဟုတ်ဘူး။ အဲဒါမျိုး သွားရမှာလည်း လန့်တယ်။ အဲဒါနဲ့ပဲ . . .

"ဒီလိုပါဦးရယ်၊ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော် တစ်ယောက်နဲ့တစ်ယောက် စရင်းနောက်ရင်း ဦးခြံထဲကို ဖိနပ်ရောက်သွားတာပါ၊ အဲဒါ ကျွန်တော်လည်းခြံထဲမှာ လူမရှိဘူးထင်ပြီး ကိုယ့်ဘာသာကိုယ် ဝင်ကောက်လိုက်တာပါ၊ တကယ်ပါ ယုံပါ၊ ဦးမယုံရင် ကျွန်တော့်သူငယ်ချင်းကို ခေါ်ပြလို့ရပါတယ်"

အဘိုးကြီး ဒီတစ်ခါတော့ တော်တော်လေးစဉ်းစားသွားတယ်။ ဒီတော့မှ ခေါင်းညိတ်ပြပြီး . . .

"ကောင်းပြီလေ ဒါဆို မင်းသူငယ်ချင်းကိုခေါ်ပြ"

ကျွန်တော် တော်တော်ပျော်သွားပါတယ်။ ပြီးတော့ အဘိုးကြီးကို ကျွန်တော် ခြံပြင်ကိုလိုက်ခဲ့ဖို့ခေါ်တယ်။ အဘိုးကြီးကလည်း လိုက်လာတယ်။

ခွေးနှစ်ကောင်ကတော့ ကျွန်တော့်ကို မယုံသင်္ကာဟန်နဲ့ ကြည့်နေလေရဲ့။ ဒါပေမယ့် သူတို့သခင်ရှိနေတော့ ဘာမှမလုပ်သာဘူးဖြစ်နေတယ်။

ခြံပြင်ရောက်တော့ ကျွန်တော် ကောင်မလေးကိုရှာတယ်။ လမ်းတစ်လမ်းလုံး ကောင်မလေးနဲ့တူတာဆိုလို့ ဘာမှမတွေ့တော့ဘူး။ ကျွန်တော် ခေါင်းကြီးသွားတယ်။ အဘိုးကြီးကလည်း ကျွန်တော့်ကို 'ဘယ်မှာလဲ' ဆိုတဲ့ပုံစံမျိုး ခေါင်းဆတ်ပြတယ်။

အခုမှ ကျွန်တော် ဒုက္ခရောက်တာ။ ဒီငတိမ ဘယ်အချိန်တုန်းက ထွက်ပြေးသွားလဲမသိဘူး။ ရက်စက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ . . ဒီနားလေးမှာ သူ ခုနရှိသေးတယ်ဗျ၊ အခု . . အခု ဘယ်ရောက်သွားလဲ မသိဘူး"

အဘိုးကြီးက ကျွန်တော်ပြောတာကို မယုံတော့ဘူး။

ထွက်ပြေးမှာစိုးလို့ထင်တယ် ကျွန်တော့်ကုပ်ကို လှမ်းကိုင်လိုက်တယ်။

"ရှုတ်ရှုတ် ရှုတ်ရှုတ်မလုပ်နဲ့နော်၊ အထဲက ငါ့ခွေးနှစ်ကောင်လွှတ်လိုက်ရင် အရိုးတခြား အသားတခြားဖြစ်သွားမယ်"

"ကျွန်တော် . . ကျွန်တော် တကယ်ပြောတာပါဦးလေး ရယ် မလိမ်ပါဘူး၊ သူ ခုန ဒီနားမှာရှိတာ တကယ်ပါ"

"အဲဒါဆို အခု ဘယ်မှာလဲ"

အဲဒီအချိန်မှာပဲ . . .

"ဘယ်မှမသွားပါဘူးဗျာ၊ ကျွန်တော် ဟိုနားလေးမှာ သွားပုန်းနေတာပါ"

အသံလာရာကို ကျွန်တော်တို့နှစ်ယောက် လှည့်ကြည့်လိုက်တယ်။ အဘိုးကြီးတော့ မသိဘူး။ ကျွန်တော်တော့ အရမ်းပျော်သွားတာ။

အရင်ဆုံး အဘိုးကြီးမသိအောင် ကောင်မလေးကို ကျွန်တော် မျက်စိမှိတ်ပြလိုက်တယ်။ ကျွန်တော်ပြောသမျှ နောက်ကလိုက်ပြီး မီးစင်ကြည့်ကဆိုတဲ့သဘောပါ။ ဝေါ်မလေးက ဒါမျိုးတော့ အပါးသား။ သဘောပေါက်တယ်ဆိုတဲ့ ပုံစံမျိုး ကျွန်တော့်ကို မျက်စိပြန်မှိတ်ပြပါတယ်။

"ကျွန်တော့်သူငယ်ချင်းဆိုတာ သူပါပဲ၊ သူနဲ့ ကျွန်တော် နောက်ရင်းပြောင်ရင်း ဖိနပ်ပစ်တမ်းကစားနေရာက ကျွန်တော့် ဖိနပ် ခြံထဲပြုတ်ကျသွားတာ မယုံရင် သူ့မေးကြည့်"

ကောင်မလေးသိအောင် ကျွန်တော် စကားစကြီးပြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လှည့်နဲ့ပြောပြလိုက်တာပါ။ တေိမလေးက ဒါကိုသဘောပေါက်ပါတယ်။ ဒါကြောင့် . . .

"ဟုတ်ပါတယ် အန်ကယ်လ်ကြီး၊ သူနဲ့ကျွန်တော် ဆော့ရင်းနဲ့ ဖိနပ်က အန်ကယ်လ်ကြီးခြံထဲ ကျသွားတာပါ၊ အဲဒါကြောင့် ဆင်းယူမိတာပါ"

အဘိုးကြီးက ဘာမှမပြောဘူး။ ကောင်မလေးလက်ထဲက မာလကာသီးတွေကို စိုက်ကြည့်နေတယ်။ ကောင်မလေးက ဒါကို သိတော့ မျက်စိမျက်နှာပျက်သွားတယ်။ ကျွန်တော်လည်း ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတယ်။

အဘိုးကြီးက မာလကာသီးတွေကိုကြည့်ပြီး ဇဝေဇဝါနဲ့ . .

"မင်းလက်ထဲက မာလကာသီးတွေက ကြီးလှချည်လား ဘယ်ကဝယ်လာတာလဲ"

"ဟို. . ဟိုဟာ ကျွန်တော် ဈေးကဝယ်လာတာ"

အဘိုးကြီးက နှုတ်ခမ်းကိုမဲ့ပြီး ခေါင်းခါတယ်။

"ဈေးထဲမှာ အဲဒီလောက်ကြီးတဲ့ မာလကာသီးမရှိပါဘူး"

"ရှိပါတယ်အန်ကယ်လ်ကြီးရဲ့ သွားဝယ်ကြည့်ပါလား"

အဘိုးကြီး မျက်မှောင်ကြုတ်တယ်။ ပြီးတော့ . . .

"ငါ့ကို တစ်လုံးပေးစမ်း"

ကောင်မလေး တစ်ချက်တော့ တွန့်ခနဲဖြစ်သွားတယ်။ ပြီးတော့ မဝံ့မရဲလေး လှမ်းပေးလိုက်တယ်။ အဘိုးကြီးက မာလကာသီးကို သူ့လက်ထဲမှာ သေချာကိုင်ပြီး လှည့်ကြည့်တယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ အဘိုးကြီးမျက်လုံးက သံသယဖြစ်တဲ့အမူအရာဘက်ကို တဖြည်းဖြည်းပြောင်းလာတယ်။

အခြေအနေမကောင်းဘူးဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ကောင်မလေးက ကျွန်တော့်ကို လက်ကုတ်တယ်။ လစ်ကြရအောင်ဆိုတဲ့ သဘော။

အဘိုးကြီးက ချက်ချင်းပဲ သူ့ခြံထဲဝင်ပြီး မာလကာပင်ကို မော့ကြည့်တယ်။ ပြီးတော့ သူ့မာလကာသီးကိုပြန်ကြည့်ပြီး ဒေါသထွက်တဲ့မျက်လုံးတွေနဲ့ ကျွန်တော်တို့ကို ပြန်ကြည့်လိုက်တဲ့ အချိန်မှာ. . .

"နောက်ကျတဲ့ခြေထောက် သစ္စာဖောက်နော် ပြေးထား . . ပြေးထား"

ကောင်မလေးရဲ့ဆော်သြသံ။ ကျွန်တော်ကလည်း ဒါမျိုးဆို မြန်ပြီးသားပဲ။ အဘိုးကြီးက ကျွန်တော်တို့နောက်ကို ဒေါသတကြီးပြေးလိုက်လာရင်း . . .

"ဟေ့ကောင်တွေ မင်းတို့ မိလို့ကတော့ သေပေတော့၊ ဒီမာလကာသီးက ငါ့အပင်ကကွ"

ဒါပေမယ့် အချည်းနှီးပါပဲ။ လူကြီးနဲ့လူငယ်ပဲလေ . . . နောက်တော့ သူကျန်ခဲ့ရတာပေါ့။

ကျွန်တော်လည်း ပြေးလာရင်း စိတ်ချလက်ချအချိန် ရောက်တော့မှ အမောဖြေရတယ်။ ပြီးတော့ ကောင်မလေးကို ကျွန်တော်လှည့်ကြည့်တယ်။

"ဟင်"

ကျွန်တော့်ဘေးမှာ ကောင်မလေးမရှိတော့။ ဘယ်အချိန်ကတည်းက ဘယ်ဘက်ကို ထွက်ပြေးသွားလဲ မသိတော့ပေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# မိုး

တောင်းကင်မှာ တိမ်တွေဟာ သူ့အသိုက်အမြုံနဲ့သူ ရွေ့လျားနေတယ်။ စက္ကန့်နဲ့အမျှ ပြောင်းလဲနေတဲ့ ဒီကမ္ဘာကြီးမှာ ငြိမ်သက်စွာကျန်ခဲ့တာကတော့ ကျွန်တော့်ရင်ခုန်သံပဲ။

အခုလည်း အဲဒီရင်ခုန်သံနဲ့ ပတ်သက်ပြီး အိမ်ကနေ စိတ်ညစ်လို့ ထွက်လာခဲ့တာပါ။ အမေက ကျွန်တော့်ကို ဓာတ်ပုံဆယ်ပုံလောက်ပြတယ်။ ရုပ်ရှင်တွေထဲကအတိုင်းပဲ . . .

"ငါ့သား ဘယ်သူ့ကိုကြိုက်လဲ ပြောတဲ့"

ကျွန်တော်ကလည်း ရုပ်ရှင်တွေထဲက မင်းသားအတိုင်းပဲ ဘယ်သူ့မှမကြိုက်ဘူးလို့ ငြင်းခဲ့တယ်။

ကောင်မလေးတွေက ရုပ်မချောလို့လားဆိုတော့ မဟုတ်ပါဘူး။ အားလုံး လှတပတလေးတွေပါ။ သူတို့ဓာတ်ပုံတွေကို ကျွန်တော်က စိမ်ပြေနပြေကြည့်ပြီး ဒီလိုရွေးနေတာသာသိရင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်ချက်စီ ကျွန်တော့်ကို လာတီးမလားတောင်မသိဘူး။ သူတို့ရုပ်ရည် သူတို့အဆင့်အတန်းနဲ့ ယောကျ်ားကောင်းတစ်ယောက်ကို အချိန်မရွေး ခေါင်းခေါက်ယူနိုင်တဲ့သူတွေပါ။ ဒါပေမယ့် ကျွန်တော်မကြိုက်ဘူး။ အဲဒီအတွက်လည်း ဘာမှမတတ်နိုင်ဘူး။ ရုပ်ချောတိုင်းသာ ကြိုက်ရမယ်ဆိုရင် ကမ္ဘာမှာရုပ်ရည်ချောမော့သူတွေသာ အိမ်ထောင်ကျကုန်မှာပေါ့။

မိဘတွေကိုလည်း အားနာလှပါပြီ။ အဲဒါကြောင့် ကျွန်တော် ချစ်သူတစ်ယောက် အမြန်ရှာမှဖြစ်တော့မယ်။

ကျွန်တော် အဲဒီအကြောင်းတွေတွေးရင်း လမ်းလျှောက်လာတာ လမ်းထိပ်ဘက်ကိုတောင် ရောက်မှန်းမသိ ရောက်လာပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့အုပ်စု ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဘက်ကို ခြေဦးလှည့်လိုက်တယ်။ ဆိုင်ရောက်တော့ အပြင်ဘက်စားပွဲဝိုင်းမှာ တစ်ယောက်တည်းထိုင်နေတဲ့ ဝင်းအောင်ကိုသွားတွေ့တယ်။ ဝင်းအောင်က ကျွန်တော့်ကို အစောကြီးကတည်းက လှမ်းမြင်ပုံထောက်တယ်။ လက်လှမ်းပြပြီး ခုံတစ်လုံးထိုးပေးတယ်။ ကျွန်တော် သူချပေးတဲ့ခုံမှာ ဝင်ထိုင်ပြီး . . .

"မင်းတစ်ယောက်တည်းလား ဟိုကောင်ရော"

ဟိုကောင်ဆိုတာ ထွန်းနိုင်ကိုပြောတာပါ။ ဝင်းအောင်က ခေါင်းခါပြရင်း . . .

"မနက်က သူ့အိမ် ငါဝင်ခဲ့သေးတယ်၊ ပတ်စ်ပို့ရှုံးသွားတယ်ဆိုလား"

"ဒီကောင့်ကိစ္စရော အဆင်ပြေလား၊ ထွက်ရတော့မလား"

"အဆင်ပြေတယ်လို့တော့ ပြောတယ်၊ လတ်တလောတော့ မသွားရလောက်သေးပါဘူး"

ထွန်းနိုင်က နိုင်ငံခြားထွက်ဖို့ လုပ်နေသူပါ။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်နေ့တစ်နေ့ ဒီကိစ္စတွေနဲ့ပဲ အလုပ်ရှုပ်နေတာ။

"ဒါနဲ့ မင်းက ဘယ်ကလှည့်လာတာလဲ"

ဝင်းအောင်က ကျွန်တော့်ကိုမေးတော့ . . .

"အိမ်ကပဲလာတာ"

"အိမ်နဲ့ ပြဿနာဖြစ်လာပြန်ပြီ မဟုတ်လား"

ဝင်းအောင်က ကျွန်တော့်ပုံစံကိုကြည့်ပြီးခန့်မှန်းခြေနဲ့ မေးတာပါ။ကျွန်တော်လည်းအမှန်အတိုင်းခေါင်းညိတ်ပြလိုက်တယ်။

"ထုံးစံအတိုင်းပဲပေါ့ကွာ"

ဝင်းအောင်ကပြုံးပြီး ခေါင်းကို တညိတ်ညိတ်လုပ်တယ်။ ပြီးမှ . . .

"မနေ့ကတောင် ညနေပိုင်း ထွန်းနိုင်နဲ့တွေ့လို့ မင်း အကြောင်းပြောဖြစ်ကြသေးတယ်၊ အဲဒီမှာ ငါတို့ အကြံတစ်ခုရတယ်၊ မင်း လက်ခံနိုင်မယ်ဆိုရင်တော့ မင်းကိစ္စ အဆင်ပြေနိုင်စရာ အကြောင်းရှိတယ်"

ကျွန်တော် မျက်မှောင်ကြုတ်သွားတယ်။ ဒီကောင်တွေ အကြံကိုလည်း တော်တော်စိတ်ဝင်စားသွားတယ်။

"လုပ်စမ်းပါဦး ဘာလဲ"

ဝင်းအောင်က မျက်နှာတည်တည်ငြိမ်ငြိမ်နဲ့ပဲ ကျွန်တော့် ကိုကြည့်တယ်။

"မင်း ယဉ်ယဉ်သိန်းကို သိတယ်မှတ်လား"

ကျွန်တော် နည်းနည်းစဉ်းစားလိုက်ပြီးမှ . . .

"ဟို Physic က ယဉ်ယဉ်သိန်းလား"

ဝင်းအောင်က ခေါင်းညိတ်ပြတယ်။ ကျွန်တော်က . . .

"သိတယ်လေ အရမ်းခင်တာတော့မဟုတ်ဘူး၊ ကျောင်း တုန်းကတော့ မေးထူးခေါ်ပြောတော့ရှိတယ် ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ အဲဒီယဉ်ယဉ်သိန်းက အရေးမကြီးပါဘူး၊ အရေးကြီးတာက သူ့ညီမ"

ကျွန်တော် နည်းနည်းခေါင်းရှုပ်သွားတယ်။ ယဉ်ယဉ်သိန်းမှာ ညီမရှိမှန်းလည်း ကျွန်တော်မသိဘူး။ အစ်ကိုရှိမှန်းလည်း ကျွန်တော်မသိဘူး။ ယုတ်စွအဆုံး ဘယ်မှာနေမှန်းတောင် မသိဘူး။ ဒါပေမယ့် ဝင်းအောင်စကားကိုတော့ အဆုံးထိနားထောင်ရမှာပဲ။ ဒီကောင် တစ်ခုခုကိစ္စရှိလို့ ဒီစကားပြောတာဖြစ်မယ်။ ဝင်းအောင်က စကားကိုဆက်တယ်။

"သူ့ညီမက ခင်မီမီကျော်တဲ့ မင်းမှတ်မိရင်မှတ်မိမှာပေါ့၊ ငါတို့ မေဂျာကပဲလေ"

ဝင်းအောင်က ဘယ်လိုလဲဆိုတဲ့ မျက်နှာပေးနဲ့ ကျွန်တော့်ကိုကြည့်တယ်။ ကျွန်တော်ကတော့ အခုထိ ဝေဝေဝါးဝါးပဲ။

"မင်းက ဦးနှောက်သိပ်မကောင်းတော့ဘူးထင်တယ်၊ သူတို့ ဖရက်ရှာဝဲလ်ကမ်းတုန်းက ကွင်းရသွားတဲ့ကောင်မလေးလေ၊ မင်းတောင် စိတ်ဝင်စားတယ်ဆိုပြီး နှစ်ခါလောက် စကားလိုက်ပြောဖူးတယ်လေ"

ကျွန်တော် ရုတ်တရက် ခေါင်းထဲမှာ လင်းခနဲဖြစ်သွားတယ်။ ကျွန်တော်မှတ်မိပြီ။ ခင်မီမီကျော်ကို ကျွန်တော်သိသွားပြီ။ အဲဒီကောင်မလေးက ကျွန်တော်တို့ထက် တစ်တန်းငယ်တယ်။ ပြီးတော့ ရုပ်ကလေးကလည်း တော်တော်ချောတယ်။ အဲဒါကြောင့် ကျောင်းမှာ ကျွန်တော် နှစ်ခါလောက် ပေးလားဝါးလား လိုက်လုပ်ဖူးတယ်။ နောက်တော့လည်း ပျင်းလာတာနဲ့ ဆက်မကြိုးစားဘဲ ထားခဲ့တဲ့ မိန်းကလေးပါ။

"သိပ်သိတာပေါ့ကွာ ဆံပင်အရှည်လေးနဲ့ ဟာ...တယ် မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းအောင်က သူ့ပေါင်သူပုတ်ပြီး ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ် အဲဒါ ယဉ်ယဉ်သိန်းညီမပဲ"

ကျွန်တော် ဇဝေဇဝါနဲ့. . .

"ဟုတ်လို့လားကွာ ယဉ်ယဉ်သိန်းက ငါးကျည်းခြောက်ရုပ်ပါ၊ ခင်မီမီကျော်က ဂွတ်ရှယ်၊ သူတို့နှစ်ယောက် ညီအစ်မဆိုတော့ တစ်ခုခုလွဲနေပြီ"

ဝင်းအောင်က ခေါင်းကို အေးအေးဆေးဆေးခါတယ်။

"အရင်းမဟုတ်ဘူး တစ်ဝမ်းကွဲ"

"အဲဒီလိုလုပ်စမ်းပါ၊ ဒါနဲ့ အဲဒီခင်မီမီကျော်က ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ဟိုနေ့က ထွန်းနိုင်တွေ့ခဲ့တယ်တဲ့၊ Junction 8 မှာ ဆိုင်ဖွင့်ထားတယ်ပြောတယ်၊ အဲဒါ မင်းစိတ်ဝင်စားမလားလို့၊ တကယ်လို့ မင်းစိတ်ဝင်စားတယ်ဆို သွားရအောင်"

ကျွန်တော် နည်းနည်းတော့ တွေဝေသွားတယ်။

ခင်မီမီကျော်ရဲ့ လှပတဲ့ရုပ်သွင်ဟာ ကျွန်တော့်အတွေးထဲမှာ ချက်ချင်းပေါ်လာတယ်။ ကျွန်တော်ပြုံးလိုက်တယ်။ မဆိုးဘူး။ ဒီကောင်တွေ အကြံကောင်းသွားပဲ။ ကျွန်တော်လည်း ကျောင်းတုန်းက ခင်မီမီကျော်ကို စိတ်ဝင်စားခဲ့ဖူးတာပဲ။ ပျင်းလို့သာ ဆက်မလုပ်ဖြစ်တာ။ ပြီးတော့ ခင်မီမီကျော်ဆိုတာ ကျောင်းတုန်းက နာမည်ကြီးစာရင်းဝင်လေ။ လိုက်နေတဲ့ကောင်တွေမှ တစ်ပုံကြီး။ ဒါကြောင့် အုတ်ရောရော ကျောက်ရောရော မလုပ်ချင်တာနဲ့ နောက်ဆုတ်လိုက်တာလည်း ပါတယ်။

အခုလိုအချိန်ကတော့ အချိန်ကောင်းပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ခင်မီမီကျော်မှာ ရည်းစားရှိနေရင်ကော။

"ဒါပေမယ့် တစ်ခုရှိတယ် ဝင်းအောင်၊ သူ့မှာ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားရှိနေရင်ကော”

“ဒါတော့ မသိဘူးလေ၊ ဒါပေမယ့် ယောက်ျားမရှိတာ တော့ ကျိန်းသေပဲ၊ ရည်းစားရှိ မရှိတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းပေါ့ကွာ”

ကျွန်တော် ငါးမိနစ်လောက်စဉ်းစားတယ်။

ပြီးတော့ အပြန်အလှန်သုံးသပ်တယ်။ ပြီးတော့ ဆုံးဖြတ် ချက်ကို တစ်ထိုင်တည်းချလိုက်တယ်။

“အိုကေ သူငယ်ချင်း မနက်ဖြန် လုပ်ငန်းစမယ်”

ဝင်းအောင်ကပြုံးပြီး ကျွန်တော့်ကို လက်မထောင်ပြတယ်။

ဒီနေ့တော့ လူစုံတယ်လို့ပြောရမယ်။ ဝင်းအောင်ပါတယ်။ ထွန်းနိုင်ပါတယ်။ ပြီးတော့ မနေ့တစ်နေ့ကမှ ခရီးသွားရာကပြန် ရောက်လာတဲ့ အောင်ကိုပါ ပါလာတယ်။ အားလုံးက တက်ကြွနေ ကြပါတယ်။

ကျွန်တော်လည်း ဒီနေ့ တော်တော်ပျော်နေတယ်။

ပြီးတော့ ရင်လည်းခုန်နေတယ်။

အမှန်အတိုင်းပြောရရင် ကျွန်တော်တို့တွေ ဘွဲ့ရပြီးတဲ့ နောက်ပိုင်းမှာ မိန်းကလေးတစ်ယောက်ကို အစီအစဉ်တကျ နောက်ပိုးတာ ဒီတစ်ခါ ပထမဦးဆုံးပဲ။

ကျွန်တော့်စိတ်ထဲမှာ ခင်မီမီကျော်ကို တကယ်ချစ်လား မချစ်လားဆိုတာထက် အခုချိန်မှာ ဒါမျိုးလုပ်နေရတာကို ရင်ခုန် ကြည်နူးနေမိတယ်။

စုံစမ်းထားတဲ့အတိုင်းပဲ ခင်မီမီကျော်ဖွင့်ထားတဲ့ အဝတ် အထည်နဲ့ ပုဆိုးတွေရောင်းတဲ့ ဆိုင်လေးရှေ့ကိုရောက်တယ်။ ဆိုင် ရှေ့ရောက်တော့ အားလုံး ယောင်ပေပေဖြစ်ကုန်ကြတယ်။

ဝင်းအောင်က ကျွန်တော့်ကိုကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းချိမ့် မင်းအရင်ဝင်ကွာ"

ကျွန်တော် ခေါင်းကိုကုတ်တယ်။

"တစ်ယောက်တည်းကြီးတော့ မလုပ်ပါနဲ့ကွာ၊ မင်းတို့ပါ လိုက်ဝင်ပါလား"

ကျွန်တော်ပြောလိုက်တဲ့စကားကြောင့် ဒီကောင်တွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ပြီးတော့ ကျွန်တော့်ကို ခေါင်းညိတ်ပြပြီး အားလုံးအတူတူ လိုက်ဝင်လိုက်ကြတယ်။

ဆိုင်ထဲရောက်တော့ ခပ်တည်တည်နဲ့ ပုဆိုးကောင်တာဘက်ကို သွားလိုက်တယ်။ ပုဆိုးကောင်တာနောက်မှ ခင်မီမီကျော်က ရပ်လျက် ဟမ်းဖုန်းပြောနေတာ တွေ့လိုက်လို့ပါ။

ကျွန်တော်တို့ ကောင်တာရှေ့ မတ်တတ်ရပ်လိုက်တဲ့အချိန်မှာ သူမက ဖုန်းချပြီး ကျွန်တော်တို့ကိုကြည့်တယ်။ ကျွန်တော်ကပဲ စပြီး . . .

"ဦးဂျမ်းရှိလား"

ခင်မီမီကျော်က ကြောင်တောင်တောင်ဖြစ်သွားပြီးမှ ဟိုကြည့် ဒီကြည့်လုပ်တယ်။ ပြီးတော့ ကျွန်တော့်ကို ပြန်ကြည့်တယ်။

"ခုနလေးတင် ဟိုခုံမှာထိုင်နေသေးတယ်၊ အခု ဘယ်ထွက်သွားလဲမသိဘူး ခဏလေးနော်"

ကျွန်တော်တင်မဟုတ်ဘူး . . ဟိုကောင်တွေပါ ကြောင်တောင်တောင်တွေဖြစ်ကုန်ရော။ ကျွန်တော်မေးတာက ပုဆိုးကို မေးတာ။ ဦးဂျမ်းပဆိုးကိုမေးတာ။ သူက ဘာထင်သွားလဲ မသိဘူး။

ခဏနေ့ ဘာ့ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်ကို ကျွန်တော်တို့ဆီခေါ်လာတယ်။

"ဦးကိုမေးတာ သူတို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကြောင်တောင်တောင်နဲ့ ထိပ်ပြောင်ကြီးကို ကြည့်နေစဉ်မှာပဲ ထိပ်ပြောင်ကြီးက . . .

"ကဲ, ဆို ငါလူတို့ ဘာကိစ္စလဲ"

ကျွန်တော် ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမှန်းမသိဘူး။ ဟိုကောင်တွေကို လှည့်ကြည့်တော့လည်း ပြူးကြောင်ကြောင်နဲ့ ထိပ်ပြောင်ကြီးကိုကြည့်နေလေရဲ့။ ဒီအတိုင်း ကြောင်ကြည့်နေလို့မဖြစ်တော့မှန်းသိလို့ ကျွန်တော်ကပဲ စပြောရတော့တယ်။

"ကျွန်တော်တို့က ဦးလေးကိုခေါ်တာ မဟုတ်ပါဘူး"

ထိပ်ပြောင်ကြီးက မျက်မှောင်ကြုတ်ပြီး . . .

"ဒါဆို ဘာလို့ ငါ့တူမက ငါ့ကိုလာခေါ်လဲ"

"သိဘူးလေ"

"ဟား. . မင်းတို့ လာရစ်နေတာလား၊ ငါ့နာမည်မှတ်ထားဘဂျမ်းတဲ့. . မနေ့တစ်နေ့ကမှ အာမခံနဲ့ထွက်လာတာ ဘာကောင်မှတ်လဲ"

ပြဿနာတော့စပြီ။ မိန်းမပိုးဖို့လာတာ အာမခံနဲ့ထွက်လာတဲ့လူနဲ့ တိုးလေပြီ။

အောင်ကိုက ကျွန်တော့်ကို လက်ကုတ်တယ်။ ဝင်းအောင်က ကျွန်တော့်နားကပ်ပြီး . . .

"အခြေအနေမကောင်းဘူး ဟေ့ကောင်၊ လစ်ရအောင်"

ကျွန်တော်စဉ်းစားတယ်။ ထွက်ပြေးရင်လည်း လွတ်မယ့်ပုံမမြင်ဘူး။ ပြီးတော့ ဒီအခြေအနေက ထွက်ပြေးရင် ပိုဆိုးသွားမယ်။ ခင်မီမီကျော်က ကျွန်တော်တို့ကို ကလေကချေတွေလို့ထင်သွားလိမ့်မယ်။ ဒါကြောင့် . . .

"ဒီ. . ဒီလိုပါဦးလေးရယ်၊ ကျွန်တော်တို့က ဦး. . ဦးဂျမ်းပုဆိုးကိုမေးတာပါ အဲဒါ . . ဟို. ."



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပြောင်ကြီးက ကျွန်တော့်ကို မယုံသင်္ကာဟန်နဲ့ ကြည့်တယ်။ ခင်မီမီကျော်ကလည်း ပါးစပ်လေးအဟောင်းသားနဲ့ တအံ့တသြကြည့်တယ်။ ပြီးတော့မှ သူမက ဝင်ပြီး . . .

"ဟုတ် . . ဟုတ်တယ် . . ဟုတ်တယ်၊ မီး မှားသွားတာဦးသူ မီးကို ဦးဂျမ်းရှိလားလို့မေးတော့ မီးလည်း ရုတ်တရက် ဦးကိုမေးတယ်ထင်လို့ ခစ် ခစ် . . တော်သေးတာပေါ့၊ လာလာ ဒီမှာရှိတယ် စံပယ်ရေ ဒီအစ်ကိုတွေကို ဦးဂျမ်းပြလိုက်ပါဦး"

ကျွန်တော်တို့အားလုံးရဲ့ သက်ပြင်းချသံက တော်တော်ကျယ်သွားလိမ့်မယ်ထင်တယ်။ ခင်မီမီကျော် အချိန်မီဝင်ကယ်လိုက်လို့ တော်သေးတာပေါ့။ ထိပ်ပြောင်ကြီးကြည့်ရတာ လူပုသလောက်စိတ်လည်းတိုမယ့်ပုံ။ ပြီးတော့ တကယ် ဖိုက်မယ့်ရုပ်။

အခုတော့ သူ့တူမတောင်းပန်လိုက်လို့။ ဒါတောင် ကျွန်တော်တို့ကို ပေစောင်းစောင်းနဲ့ကြည့်သွားသေးတယ်။

ကျွန်တော်တို့လည်း ကောင်တာဘက်လှည့်ပြီး စာရေးမလေးပြတဲ့ လုံချည်သုံးလေးကွင်းလောက် ကြည့်တယ်။ ပြီးတော့ အပြာကွက်လေးတစ်ထည်ဝယ်ပြီး ပြန်ထွက်ဖို့အလုပ်မှာ အကြံတစ်ခုရသွားတာနဲ့ . . .

"ခင်မီမီကျော်"

ကျွန်တော့်ခေါ်သံကြောင့် ခင်မီမီကျော် တုံ့ခနဲဖြစ်သွားတယ်။ ပြီးတော့ တအံ့တသြအမူအရာနဲ့ . . .

"ရှင်"

"ကျွန်တော့်ကို မမှတ်မိဘူးလားဟင်"

ခင်မီမီကျော်ကတအံ့တသြကနေဇဝေဇဝါဖြစ်သွား တယ်။

"မ . . မခုက်မိဘူး၊ ဟို . . စိတ်မရှိနဲ့နော် မီ တကယ်မမှတ်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပြုံးလိုက်တယ်။ အဲဒီအပြုံးမှာ လျှို့ဝှက်ချက်တွေ အများကြီးပါတယ်။

"ကျွန်တော် ဘုန်းချိမ့်ပါ၊ ဟို . . ကျောင်းမှာတုန်းက ခင်မိမိကျော်တို့ထက် တစ်တန်းကြီးတယ်၊ ပြီးတော့ အဲဒီတုန်းက . . . . ဟို ခင်မိမိကျော်နဲ့ကျွန်တော် နှစ်ခါတွေ့ဖူးပါတယ်"

ခင်မိမိကျော် ဒီတစ်ခါတော့ တော်တော်လေး လေးလေးနက်နက်တွေးသွားပါတယ်။ ပြီးတော့ မျက်နှာမှာ ကျွန်တော့်ကို မှတ်မိသွားတဲ့အရိပ်အယောင်တွေ ချက်ချင်းပေါ်လာတယ်။ ကျွန်တော်လည်း ဝမ်းသာသွားတယ်။

ဒါပေမယ့် . . . ထွက်လာတဲ့အဖြေကတော့ ကျွန်တော် ထင်သလို မဟုတ်ဘူး။

"အင်း . . . မီကလေ အပေါင်းအသင်းလည်းများတော့ အရမ်းခင်တဲ့သူတွေကလွဲပြီး ကျနော် သိပ်မမှတ်မိဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အခုတွေ့နေပြီပဲ နောင်မှတ်မိမှာပါ"

ဒါ သူမရဲ့ လှည့်ကွက်တစ်ခုဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော် သူမကို ဘာမှဆက်ပြီး ရှင်းပြမနေတော့ပါဘူး။ နောင်မှတ်မိတယ်ဆိုရင်လည်း ပြီးတာပါပဲ။

ဒါကြောင့်ကျွန်တော် ပေါ့ပေါ့ပါးပါးလေးပြုံးပြီးထွက်လာခဲ့လိုက်ပါတော့တယ်။အပြန်လမ်းမှာကျွန်တော့်စိတ်တွေပေါ့ပါးနေတယ်။သူငယ်ချင်းတွေအားလုံးလည်း ပျော်ရွှင်နေကြတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ကြိုးပမ်းမှုလေးကတော့ အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။

တစ်ခုပဲ . . .

ထိပ်ပြောင်ကြီးကိုတော့ အထူးသတိထားရလိမ့်မယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ၆

နေ့ရာသီဥတုက ခါတိုင်းနေ့တွေထက် ပိုအေးတယ်။ နေ့လယ် (၁၂)နာရီကျော်တာတောင် ချမ်းစိမ့်စိမ့်ရှိနေတုန်းပဲ။ ကျွန်တော့်ခြံထဲက ဒန်းမှာထိုင်ရင်း တောင်တွေးမြောက်တွေး တွေးနေတဲ့အချိန်မှာ အမေက ဖုန်းလာပေးပါတယ်။

"မင်းဖုန်းလာနေတယ် ထွန်းနိုင်ထင်တာပဲ"

ကျွန်တော် ဖုန်းကောက်ကိုင်လိုက်တော့ . . .

"ဟဲလို"

"ဟေ့ကောင် ဘာလုပ်နေလဲ"

"ထိုင်နေတယ်"

"ဘယ်မှာထိုင်နေတာလဲ အိမ်မှာလား"

"အေး. . ဟုတ်တယ် ဘာလုပ်မလို့လဲ"

ထွန်းနိုင်က တစ်ဖက်ကို ဘာတွေလှမ်းပြောလဲမသိဘူး။ ပြောပြီးမှ ကျွန်တော့်ဘက်ကို . . .

"ဟေ့ကောင် ငါတို့ အခု ကန်ပေါင်ရောက်နေတာ လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဒီမှာ ခင်မီမီကျော်လည်းရှိတယ်"

ကျွန်တော် ရုတ်တရက် အံ့ဩသွားတယ်။ ဘယ်ကဘယ်လိုဖြစ်ပြီး ခင်မီမီကျော်နဲ့ထွန်းနိုင်တို့က အဖွဲ့ကျသွားတာလည်း ကျွန်တော်မတွေးတတ်တော့ဘူး။ ဒါကြောင့် . . .

"ဟော့ကောင်တွေ မြန်လှချည်လား၊ ဘယ်လိုဖြစ်ပြီး ခင်မီမီကျော်က မင်းတို့နဲ့ အဖွဲ့ကျသွားတာလဲ"

ထွန်းနိုင်က တစ်ချက်ရယ်လိုက်တယ်။ ပြီးမှ . . .

"ငါတို့နဲ့တော့ အဖွဲ့ကျမလားကွ၊ ငါတို့ဝိုင်းနဲ့ ကပ်လျက်ဝိုင်းမှာ ထိုင်နေတာကိုပြောတာ၊ သူတို့လည်း အခုမှထိုင်တာ ငါတို့ကိုမှတ်မိတယ်ထင်တယ်ကွ သိလား၊ ကွက်ကြည့် ကွက်ကြည့်လုပ်နေတယ်၊ အခုနေ မင်းလာရင် မိသေးတယ်၊ ဇာတ်လမ်းတစ်ကွက်ရတာပေါ့ကွာ အမြန်လာခဲ့"

ကျွန်တော် ဒီကောင်တွေပြောတာကို သဘောပေါက်လိုက်တယ်။ ဒီအခွင့်အရေးမျိုးကလည်း ရခဲတာကိုး။ ဒါကြောင့် ချက်ချင်းပဲ . . .

"အေး.. အခု ငါလာခဲ့မယ် ဒါပဲ ဒါပဲ"

ဆိုပြီး အိမ်ထဲပြေးဝင်လိုက်တယ်။ အိမ်ထဲဝင်ခါ ကားကိုဒေါင်ထဲလှမ်းကြည့်လိုက်တော့ ကားမရှိတော့ဘူး။

"အမေ .. အမေ ကားရော ကားဘယ်ရောက်သွားလဲ"

အမေက ပြူးပြူးပျာပျာဖြစ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး

"နင့်အဖေ အပြင်သွားတယ်လေ၊ အလန့်တကြား ဘာဖြစ်နေတာလဲ"

ကျွန်တော် စုတ်တစ်ချက်သပ်ပြီး အခန်းထဲပြေးဝင်တယ်။ ဗီရိုထဲက သင့်တော်မယ်ထင်တဲ့ တီရှပ်တစ်ထည်နဲ့ ဂျင်းဘောင်းဘီတစ်ထည်ကောက်စွပ်ပြီး ပြန်ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တားမရှိလည်း ကကငှားသွားရမှာပဲ။ ဒါပေမယ့် ကြာလို့တော့မဖြစ်ဘူး။ တော်ကြာ ခင်မိမိကျော်တို့ ထပြန်သွားရင် သွားမောကြီးဖြစ်နေဦးမယ်။

အိမ်ထဲကအထွက်မှာ အမေကဆီးပြီး . . .

"ဒါက ဘယ်သွားမလို့လဲ"

"သား ဟိုကောင်တွေနဲ့ချိန်းထားလို့"

အမေက မဲ့ကာရွဲ့ကာနဲ့ . . .

"သွားပဲသွားနိုင်လွန်းတယ် နင့်လောက် အိမ်ထွက်တဲ့လူ ဒီတစ္ဆာမှာ ရှိမှာမဟုတ်ဘူး"

ကျွန်တော် အမေ့ပါးလေးကို တစ်ချက်နမ်းပြီး ခြံပြင်အပြေးထွက်လိုက်တော့တယ်။

ကျွန်တော်တို့ လုံးချင်းအိမ်ရာတွေမှာ ပြဿနာတစ်ခုရှိတာက ကားငှားရတာမလွယ်ကူခြင်းပဲ။ အငှားကားတွေက ဒီအထဲကို ကိစ္စတစ်ခုရှိမှ ရောက်လာကြတာ။ တော်ရုံတန်ရုံဆို ကားတစ်စီးရဖို့ မလွယ်ကူဘူး။ ငှားချင်ရင် လမ်းမအဲ့ထိ လမ်းလျှောက်သွားရတာ။

ဒါကို ကျွန်တော်ကသိတော့ အိမ်ရှေ့မှာ ကားစောင့်မနေတော့ဘဲ လမ်းမဘက်ပဲ တန်းထွက်ခဲ့တော့တယ်။ ကျွန်တော်တို့အိမ်နဲ့ လမ်းမက အနည်းဆုံးဆယ်မိနစ်တော့ လျှောက်ရတယ်။ ကျွန်တော်လည်း လမ်းကို ခပ်မြန်မြန်လျှောက်ရင်း ထွက်လာခဲ့တယ်။

လမ်းလျှောက်ရင်း ကျွန်တော်စဉ်းစားလာတယ်။ဟိုရောက်ရင်ဘာလုပ်မလဲ။ ဇာတ်လမ်းကိုဘယ်လိုထွင်မလဲ။ ရုတ်တရက်ရောက်သွားရင်းရုတ်တရက်တွေ့လိုက်တဲ့ပုံစံနဲ့စမလား။ ဒါမှမ ဟွန်းပေါ်တင်ကြီးသွားနှုတ်ဆက်မလား။ပေါ်တင်ကြီးသွားနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ ကောင်းမှာမဟုတ်ဘူး။ မိန်းမတွေဆိုတာက သိတဲ့အတိုင်းပဲ မာယာများကမျာ့းနဲ့။ တော်ကြာကျွန်မမမှတ်မိဘူး လုပ်သွားရင်သေပြီ။ အဲဒီတော့ ရုတ်တရက်ရောက်လာတဲ့ ပုံစံနေမယ်။ ပြီးတော့ အခြေအနေကိုချက်မယ်။ သူက ကိုယ့်ကိုတွေ့လို့ မှတ်မိတဲ့အရိပ်အယောင်ပြရင် သွားနှုတ်ဆက်မယ်။ ပြီးတော့ . . . ဝင်ရောမယ်။ ဟုတ်တယ် . . . အဲဒါ ကောင်းတယ်။

"ဟာ, အတော်ပဲဗျာ ခင်ဗျားကိုတွေ့တာနဲ့၊ ဒါလေးခဏယူထားစမ်းပါ"

ရုတ်တရက်ဝင်လာတဲ့အသံကြောင့် ကျွန်တော့်အတွေးပြတ်ပြီး ကြောင်တောင်တောင်ဖြစ်သွားတယ်။ လှည့်ကြည့်လိုက်တော့ . . .

"ဩော်, မင်းကိုး"

"ဟဲဟဲ . . ဒါလေးခဏကိုင်ထားစမ်းပါ၊ ကျွန်တော် ကြိုးသွားယူမလို့ ခဏလေးပဲ"

ကျွန်တော် အူကြောင်ကြောင်နဲ့ အဲဒီကောင်မလေးကိုကြည့်မိတယ်။ သူ့လက်ထဲက ကျွန်တော့်ကိုကိုင်ခိုင်းတဲ့ဟာ ကြည့်လိုက်တော့ ခွေးပေါက်လေး။ ကျွန်တော် တစ်ချက်နောက်ဆုတ်ပြီး

"ဟာ, ရှုပ်ရှုပ်ယှက်ယှက် ငါသွားစရာရှိသေးတယ်"

ပြောပြီး ကျွန်တော် ဆက်ထွက်တယ်။ အောင်မြင်တယ် ထင်သလား။ သူက ကျွန်တော့်ထက်တောင် မြန်သေးတယ်။ ကျွန်တော်လှုပ်တယ်ဆိုရင်ပဲ ရှေ့က အမြန်ပိတ်ရပ်ပြီး ခွေးလေးကို လက်ထဲ အတင်းထိုးထည့်ပစ်လိုက်တယ်။ ကျွန်တော်လည်း ယောင်ပြီး ကိုင်လိုက်တယ်ဆိုရင်ပဲ ကောင်မလေးက ချာခနဲလှည့်ပြီး မမြင်ရတမယ် ထွက်သွားတော့တယ်။

ကျွန်တော်တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုကြည့်ပြီး ကျန်ခဲ့တယ်။ ခွေးကလေးက ကျွန်တော့်ကို ပြူး ကြောင်ကြောင်လေးကြည့်ပြီး အမြီးလေးကုပ်နေတယ်။ ကျွန်တော် ကောင်မလေးကို ပြန်ကြည့်တော့ မရှိတော့ဘူး။

ကျွန်တော် ခေါင်းကြီးသွားတယ်။ ဒီခွေးကို ကျွန်တော် ဘာလုပ်ရမလဲ။ အခုမှ တွေးမိပြီး စိတ်ညစ်သွားတယ်။ ကောင်မ လေးကတော့ ကြိုးသွားယူမယ်ဆိုပြီး ထွက်သွားတာပဲ။ ကြိုးက ဘယ် မှာသွားယူမှာလဲ။ ပြီးတော့ ခွေးက ဘယ်သူ့ခွေးလဲ။ သူ့ခွေးလား။ သူ့ခွေးဆိုရင်လည်း ကြိုးတွေဘာတွေနဲ့ သေသေချာချာ ထွက် ကျောင်းရမှာပေါ့။ ပြီးတော့ ခွေးက ဗမာခွေးမဟုတ်ဘူး။ နိုင်ငံခြား ခွေးမျိုး။

ကျွန်တော် ခွေးရဲ့ရာဇဝင်ကိုစဉ်းစားရင်း လမ်းလယ်မှာ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ။ အဲဒီအချိန်မှာပဲ . . .

"ဟေ့ကောင် မပြေးနဲ့ ရပ်စမ်း"

"ဗျာ"

ရုတ်တရက်ဆိုတော့ လန့်သွားတာပါ။

"မဗျာနဲ့ အခုရပ်ဆိုရပ်"

"ဟင်, ဦးလေး"

အဘိုးကြီးက ကျွန်တော့်ကို ကြောင်ကြည့်ပြီး . . .

"ဟင်, မာလကာသီးသူခိုး"

ကျွန်တော် တွန့်ခနဲဖြစ်သွားတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလို တစ်ခါမှ အပြောမခံရဖူးဘူး။

"ဘာဗျ, ဦးလေး ရုပ်ကိုကြည့်ပြီးပြောပါ၊ ဒီရုပ်ဒီရေက မာလကာသီးတစ်လုံးတောင် ဝယ်မစားနိုင်တဲ့ရုပ်လား"

"ဟုတ်တယ် အဲဒီရုပ်ပဲ အခု အဲဒီထက်တောင်ဆိုးသေး တယ်၊ မင်းရုပ်က ခွေးသူခိုးရုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မင်းလက်ထဲက ခွေး ငါ့ပေးစမ်း"

ကျွန်တော်ကြောင်ပြီး ရပ်နေစဉ်မှာပဲ အဘိုးကြီးက ခွေးလေးကို ဆတ်ခနဲယူသွားပြီး . . .

"ဒီတစ်ခါတော့ ငါလုံးဝ ခွင့်မလွှတ်နိုင်တော့ဘူး၊ မင်းက မာလကာသီးခိုးရုံတင်မကဘူး၊ အခု ငါ့အိမ်က ခွေးပေါက်ပါဝင်ခိုးတယ်၊ ကြာရင် ငါ့တစ်အိမ်လုံး ကုန်လိမ့်မယ်၊ အခု မင်းရပ်ကွက်ရှုံးလိုက်ခဲ့"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားတယ်။ မျက်စိနှစ်ကွင်း ပြာခနဲဆင်းသွားတယ်။ ကျွန်တော် ဒီတစ်ခါတော့ ဒုက္ခအကြီးအကျယ်ရောက်ပြီ။ သူခိုးတောင်မှ ရိုးရိုးသူခိုးမဟုတ်ဘူး. . . ခွေးသူခိုးတဲ့။

ကျွန်တော် ခြေးတွေ ချက်ချင်းပြန်တက်လာတယ်။

ကောင်မလေးကိုလည်း အားကိုးတကြီးရှာမိတယ်။

ပတ်ဝန်းကျင်မှာ ကောင်မလေးနဲ့တူတာဆိုလို့ တစ်ယောက်မှ မတွေ့တော့ဘူး။

ကျွန်တော့်ဘဝတော့ ဒီတစ်ခါ အကြီးအကျယ်ပျက်ပြီ။

"ဦး . . ဦး . . ဦး . . လေးရယ် ကျွန်. . ကျွန်တော် ဒီခွေးကို မခိုးပါဘူးဗျာ၊ ကျွန်. . ကျွန်တော့်ဟာ ကျွန်တော် အိမ်ကထွက်လာတာပါ၊ ပြီးတော့ ဒီ. . ဒီခွေးကိုလည်း ကျွန်တော်မထိပါဘူး ကျွန်တော့်ကို လူတစ်ယောက်က ခဏကိုင်ထားဆို ပေးသွားတာပါ"

အဘိုးကြီးက ကျွန်တော့်ကို ယုံကြည်တဲ့ရုပ် တစ်စက်မှ မပေါက်ဘူး။

"တောမှာသွားပြော လာ. . လိုက်ခဲ့ ရုံးကို"

အဘိုးကြီး ကြမ်းလာပြီ။ ရုတ်တရက် ကျွန်တော့်လက်ကို ဆွဲပြီး ထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြောက်အားလန့်အားနဲ့ ပြန်ရှန်းပြီး . . .

"မ. . မလုပ်ပါနဲ့ဗျာ၊ ရှိကြီးခိုးပါတယ် ကျွန်တော်. . ကျွန်တော် မခိုးပါဘူး"

"ဟော့ကောင် အရှူး. . မင်းမခိုးလို့ ဒီခွေးက မင်းလက်ထဲ ဘယ်လိုရောက်မလဲကွ၊ နောက်ပြီး ခွေးဆိုတဲ့သတ္တဝါက သခင် မဟုတ်ဘဲ ဘယ်တော့မှ မလိုက်ဘူး"

ကျွန်တော့်ခေါင်းထဲမှာ အိုးထိန်းစက်လို လည်နေပြီ။ ရှက် လွန်းလို့လည်း သေတော့မယ်။ ဘာပြန်ပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။

အဆိုးဆုံးက ကျွန်တော်နဲ့အဘိုးကြီး ဆွဲလားရမ်းလားလုပ် နေတာမြင်ပြီး လူကြီးသုံးယောက်လောက် ရောက်လာတယ်။ အဲဒီ အထဲက တစ်ယောက်က ရာအိမ်မှူးတဲ့။

နောက်ဆုံးလည်းကျရော ကျွန်တော် ဘယ်လိုမှရှင်းမရ တော့ဘဲ ရပ်ကွက်ရုံးသာ လိုက်သွားရပါတော့တယ်။

အခုအချိန်မှာတော့ ဖြစ်သမျှကိစ္စ ရင်ဆိုင်ရတော့မှာပါပဲ။ တကယ်တော့ ဒီနေ့ဟာ ပြဿဒါးနဲ့ ရက်ရာဇာမှားပြီး အိမ်ကထွက် လာတဲ့နေ့ပါ။

စိတ်ကူးထဲမှာ ခင်မီမီကျော်လေးမျက်နှာမြင်ပြီး နှမြော လိုက်တာ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်

လိုဖြစ်တာလဲ၊ ပြောပါဦး"

"ခွေးခိုးမှုပါ ဥက္ကဋ္ဌ"

"ဟေ"

ရပ်ကွက်ဥက္ကဋ္ဌရဲ့မျက်လုံးဟာ ဇီးကွက်လိုပြူးထွက်လာပါ တယ်။ ကျွန်တော် ခွေးတွေ တပေါက်ပေါက်ကျနေတဲ့ကြားက ဥက္ကဋ္ဌ မျက်နှာကို ခိုးကြည့်ရင်း . . .

"ကျွန်တော်မခိုးပါဘူး ဦးလေးရယ် တကယ်ပါ"

အဘိုးကြီးက ကျွန်တော့်ကို ချာခနဲလှည့်ကြည့်တယ်။

"မင်းမခိုးရင် ခွေးက မင်းလက်ထဲဘယ်လိုရောက်နေလဲ"

"ကျွန် . . ကျွန်တော့်ကို ကောင်မလေးတစ်ယောက် ပေး သွားတာပါ"

အဘိုးကြီးက မဲ့ရွဲ့ပြီး . . .

"သွားစမ်းပါကွာ တောမှာသွားပြော"

ပြီးတော့ ဥက္ကဋ္ဌဘက်လှည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကဋ္ဌ ဒီကောင် ဒီခွေးမခိုးခင်အခေါက်က မာလကာသီး ခိုးတယ်"

ဥက္ကဋ္ဌ ကြောင်တောင်တောင်နဲ့ အဘိုးကြီးရော ကျွန်တော့်ကိုပါကြည့်တယ်။ ရုတ်တရက်တော့ ဘာမှမပြောသေးဘူး။ ပြောဖို့ စကားရှာနေတာလည်း ဖြစ်နိုင်တယ်။ ခဏကြာမှ . . .

"နေပါဦး မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော် ဘုန်းချိမ့်ပါ"

ဥက္ကဋ္ဌက ခေါင်းကိုညိတ်တယ်။ ပြီးတော့ သူ့စားပွဲပေါ်မှာ ငုတ်တုတ်ထိုင်နေတဲ့ ခွေးကိုကြည့်တယ်။ အဘိုးကြီးက ဒီခွေးပိုင်ရှင်မှန်းသိအောင် ဥက္ကဋ္ဌရှေ့မှာ ခွေးကိုပွတ်ရင်း . . .

"သားလေး ငါ့သား အေးအေး. . ကံကောင်းလို့ ကံကြီးပေလို့၊ သား. . သားဖြစ်တာကို ဥက္ကဋ္ဌကြီးကိုပြောလိုက်နော် အေးအေး လိမ္မာတယ်"

ဥက္ကဋ္ဌက အဘိုးကြီးရော ခွေးကိုပါကြည့်ပြီး သက်ပြင်းချတယ်။ ပြီးမှ ကျွန်တော့်ဘက်လှည့်တယ်။

"ဒီခွေးကို မောင်ရင်ခိုး အဲ. . မောင်ရင်ယူသလား"

ကျွန်တော် ခေါင်းခါရင်း . . .

"မယူပါဘူးခင်ဗျာ"

"ဒါဆို မောင်ရင့်လက်ထဲ ဘယ်လိုရောက်နေလဲ"

ကျွန်တော် အရင်ကတည်းက ပြောနေတဲ့စကားကိုပဲ ပြန်ပြောရတယ်။

"ကျွန်တော် အိမ်က လမ်းထိပ်ကို လမ်းလျှောက်ထွက်လာတုန်း ကောင်မလေးတစ်ယောက်က ကျွန်တော့်ကိုပေးသွားတယ်၊ ဒီခွေးကို သူယူလာမှန်းလည်း မသိပါဘူးဗျာ၊ သူက ကြိုးသွားယူမယ်ပြောပြီး ကျွန်တော့်ကို ခဏပေးသွားတာပါ၊ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယောင်ပြီး ယူထားတာပါ"

ဥက္ကဌက ခေါင်းတညိတ်ညိတ်လုပ်ပြီး စဉ်းစားတယ်။ ပြီးတော့ အဘိုးကြီးကိုကြည့်ပြီး . . .

"ကိုမောင်ကောင်း ခင်ဗျားခွေးကို ဘယ်မှာထားတာလဲ"

"ကျွန်တော့်ခြံထဲမှာ ထားတာပါ၊ ဒီကောင်က နို့ညှာကောင် ဗျ၊ သူ့အောက်မှာတစ်ကောင်ရှိတယ်၊ ပြီးတော့ အထက်မှာတစ် ကောင် အားလုံးသုံးကောင်"

"ထားတော့ ဒီကမောင်ရင်လေးက ပြောနေတယ်၊ ဒီခွေး ကို သူယူတာမဟုတ်ဘူးတဲ့၊ အဲဒီတော့ သူ ဒီခွေးခိုးတာ ခင်ဗျား မြင်လား"

ဦးမောင်ကောင်းဆိုတဲ့ အဘိုးကြီး ဒီတစ်ခါတော့ ငြိမ်ကျ သွားတယ်။ ပြီးမှ ခေါင်းကို လေးလေးကြီးခါပြီး . . .

"ခွေးခိုတာတော့ မမြင်မိဘူး၊ ဒါပေမယ့် ခွေးအော်သံကြား လို့ ချက်ချင်းထွက်လိုက်တော့ လမ်းဆုံနားမှာ ဒီကောင့်ကိုတွေ့တာ ပဲ"

ကျွန်တော် အားလုံးကို သဘောပေါက်လိုက်ပြီ။ ဒီခွေးကို ကောင်မလေးခိုးပြီး မိခါနီးမှ ကျွန်တော့်ကို အသုံးချသွားခြင်းပင်။

"တောက်"

ရင်ထဲမှာ တော်တော်ခံပြင်းသွားတယ်။ သတိလက်လွတ် တောက်ခေါက်လိုက်တော့ ဥက္ကဌရော အဘိုးကြီးပါ ကျွန်တော့်ကို ကြည့်တယ်။ ကျွန်တော် သူတို့ကိုပြန်ကြည့်ပြီး ခေါင်းငုံ့ပစ်လိုက် တယ်။

ကျွန်တော် ဘာတတ်နိုင်တော့မှာလဲ။ ကျွန်တော်မခိုးဘူး ဆိုတာ ဘယ်လိုရှင်းပြရတော့မှာလဲ။ ကျွန်တော့်ဘက်မှာ သက်သေ ဆိုလို့ စာစ်ယောက်တည်းရှိတယ်။ အဲဒါ ကောင်မလေးပဲ၊ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးလည်း အခုဘယ်ရောက်နေမှန်းမသိဘူး။ နောက်ဆုံးတော့ ကျွန်တော် အားလုံးကို လက်လျှော့လိုက်ပါပြီ။

သူတို့ရဲ့ စီရင်ချက်ချသံတွေကိုလည်း နားထဲမှာ မကြား တစ်ချက် ကြားတစ်ချက်။

ကျွန်တော်သိတာ တစ်ခုပဲရှိတယ်။ အဲဒါ ကျွန်တော် မိဘ ခေါ်ရမယ့်ကိစ္စပဲ။ မိဘစုံညီနဲ့ ဥက္ကဋ္ဌရှေ့မှာ ဝန်ခံကတိလက်မှတ် ထိုးရမယ်။ နောက် ဒါမျိုး မဖြစ်စေရတော့ပါဘူးဆိုတာ ကတိပြုရ မယ်။

ကျွန်တော့်အမြင်အာရုံမှာ ပုံရိပ်တွေ ဝေဝါးကုန်တယ်။ ဝဋ်ကြွေးဆိုတာရှိခဲ့ရင် ဒီလောက်နဲ့ပဲ ကျေပါတော့ ကောင်မလေး ရေ . . .

ကျွန်တော့်ကိုယ်ကျွန်တော် တစ်ခုတော့ အံ့ဩမိတယ်။
သူမကို ကျွန်တော် ဘာဖြစ်လို့ မမုန်းမိမှန်း မသိဘူး။
ဒါပေမယ့် . . .
လန့်တယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# "တောက်

ခွေးသူခိုး မိဘမျက်နှာ အိုးမည်းသုတ်တဲ့ကောင်"

အဖေ တော်တော်ဒေါသထွက်နေပါတယ်။ အမေကတော့ ကျွန်တော့်အဖြစ်ကို နားမလည်နိုင်သလို ကြည့်တယ်။

"ခိုးစရာရှားလို့ ခွေးမှရွေးခိုးရသလားကွာ ဟေ. . ."

ကျွန်တော် ခေါင်းကိုငုံ့ထားလိုက်တယ်။ နောက်တစ်ခါ ခွေးမခိုးဘဲ ဘာခိုးရင်ကောင်းမလဲ စဉ်းစားသွားတာမဟုတ်ပါဘူး။ ဘာမှလည်း ခိုးချင်စိတ်မရှိပါဘူး။ နောက်ပြီး ဘာမှလည်း ရှင်းပြချင်စိတ်မရှိတော့ဘူး။

"ဦးမိုးချိမ့်ဘဝမှာ ဘယ်ရုံးပြင်ကနားမှ မရောက်ဖူးဘူး၊ အခု မင်းနဲ့ကျမှပဲ ရောက်ရတော့တယ်၊ ရောက်မယ့်ရောက်တော့လည်း ခွေးခိုးမှုတဲ့ ကြားလို့မှကောင်းသေးရဲ့လားကွ ဟေ"

"အို့, အဖေကြီးကလည်း တော်ပါတော့၊ ကျွန်မ မကြားပါရစေနဲ့တော့၊ ဒီခွေးသူခိုး. ခွေးသူခိုးဆိုတာကြီး ထည့်မပြောပါနဲ့ဆို၊



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာကြားရတာ မချမ်းသာဘူး"

အမေက အဖေ့ကိုပြောရင်း ကျွန်တော့်ကိုကြည့်တယ်။ ပြီးတော့ . . .

"ဒီမှာ ဘုန်းချိမ့် မင်းမှာ ခွေးတစ်ကောင်ဝယ်ဖို့တောင် ပိုက်ဆံမရှိတော့ဘူးလား ဟုတ်လား"

ကျွန်တော့်ဘဝသွားပြီ။ ဘဝပျက်တယ်ဆိုတာ ဒါမျိုးဖြစ်မယ်။ ရှင်းပြရလည်းခက် မရှင်းပြန်ရင်လည်းခက်။ အဲဒီတော့ သက်ပြင်းကိုသာ ခဏခဏချတယ်။

သက်ပြင်းချရင် အသက်တိုတယ်လို့ကြားဖူးတယ်။ အသက် ရှည်ရှည်လည်း နေချင်စိတ်မရှိတော့တာနဲ့ ခဏခဏချတယ်။

နောက်ဆုံး အမေတို့သာ ကျွန်တော့်ကိုဆူလွန်းလို့ ပါးစပ် ညောင်းပြီး ရပ်ကုန်တယ်။ ကျွန်တော် သူတို့ကို ဘာဆင်ခြေမှမပေး တော့ဘူး။ အဲဒီနောက် . . .

"မင်းကို မိန်းမ အမြန်ပေးစားမှ ဖြစ်တော့မယ်၊ ဒီတစ်ခါ ငါတို့စီစဉ်တာကိုငြင်းရင် မင်း အိမ်ပေါ်ကဆင်း ဒါပဲ"

"ဟုတ်တယ် အခုတောင်စိတ်လေပြီး ဟိုခိုး ဒီခိုးလုပ်နေ တာ၊ ဒီကောင် အဲဒီခြံက မာလကာသီးလည်း တက်ခိုးသေးတယ် ပြောတယ်၊ မိန်းမပဲပေးစားလိုက်ပါကွာ၊ အဲဒါမှ သူ့မိန်းမက သူ့ကိုထိန်းမှာ"

ကျွန်တော် သူတို့ရှေ့က ထထွက်ပြီး အိပ်ခန်းထဲဝင်ခဲ့ တယ်။ အခန်းထဲရောက်လို့ အိပ်ရာပေါ် လှဲမလို့ရှိသေး ဟမ်းဖုန်းက အသံမြည်လာပါတယ်။ ကောက်ကိုင်လိုက်တော့ . . .

"ဟေ့ကောင် ဘာလို့ ခုန ဖုန်းပိတ်ထားတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ"

ကျွန်တော့်အသံက တော်တော်အားပျော့နေမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်သိတယ်။ ဒီကောင်တွေကို ဘာမှရှင်းမပြချင်တော့ပါဘူး။

"ဘာဖြစ်နေတာလဲ ဘုန်းချိမ့်၊ အသံက မသာမယာနဲ့၊ ဒီမှာ မင်းလာမယ်ဆိုလို့ ငါတို့တွေ အကုန်စောင့်နေကြတာ၊ ခင်မီမီကျော်တောင် ပြန်သွားပြီ မင်းက ရောက်မလာဘူး"

ကျွန်တော် ခေါင်းကိုကုတ်လိုက်တယ်။ သူငယ်ချင်းတွေကို လည်း အားနာမိတယ်။

"အေးပါကွာ ဆောရီးပါ၊ ငါ့ အိမ်မှာ ပြဿနာတစ်ခုတက်သွားလို့ မလာဖြစ်တာပါ"

ထွန်းနိုင်က ကျွန်တော့်ကို . . .

"ဘာပြဿနာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ မိန်းမပေးစားနေတာပေါ့၊ နောက်ပြီး ငါအပြင်ထွက်နေတာတွေ သိပ်များလို့တဲ့"

ထွန်းနိုင် သက်ပြင်းချသံကြားရတယ်။ ပြီးမှ . . .

"မင်းလည်း ဒီကိစ္စနဲ့ မလွယ်ဘူးနော်၊ ပြောလိုက်ပေါ့ကွာ အခု ကျွန်တော်သွားတာ ကြင်ယာဖော်ရှာဖို့လို့"

ဒီကောင် ဘာမှမသိဘဲ ဝေဖန်ချက်ပေးတယ်။ ကျွန်တော် လည်း အေးပြီးရောဆိုပြီး . . .

"အေးပါ နောက်တော့ရှင်းပြလိုက်ပါ့မယ်၊ အခုတော့ ထွက်လို့မရတော့ဘူး ဟေ့ကောင်"

"အေးအေး အဲဒါဆိုလည်း ငါပဲ. . ."

ဟိုဘက်က ထွန်းနိုင် ဖုန်းချသွားတယ်။ ကျွန်တော် သက်ပြင်းချရင်း ကျန်ခဲ့တယ်။

ပြီးတော့ မျက်စိကိုမှိတ်ပြီး စိတ်ကိုလျှော့ချလိုက်တယ်။ အာရုံထဲမှာ ကောင်မလေးပုံရိပ်က မတွေးဘဲ ဝင်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး လှတပတလေးပါ။ ဒါပေမယ့် ကျွန်တော့်ကို ဘာကြောင့် ဒီလောက်ဒုက္ခပေးနေရတာလဲ။

စဉ်းစားမရတဲ့အဆုံးတော့ ခေါင်းတွေသာနောက်ကျိလာပါတော့တယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းရဲ့လေပြည်ဟာ ညင်းသွဲ့သွဲ့တိုက်ခတ်နေပါတယ်။ သူတိုက်ခတ်ရာ လမ်းတစ်လျှောက် စီးမျှောလိုက်ပါလာတဲ့ သစ်ရွက်ကြွေတွေဟာ ကဗျာဆန်စွာ လှပနေတယ်။

အဲဒီ ကဗျာဆန်တဲ့ ညနေခင်းလေးကိုကြည့်ပြီး ကျွန်တော့် စိတ်တွေ ပေါ့ပါးနေတယ်။ ချဆိမ့်တစ်ခွက်ရဲ့ အရသာနဲ့ လေပြည်ကိုမြည်းရင်း ကျွန်တော် တစ်ဖက်ကားလမ်းကို ငေးလိုက်တယ်။

လူရှင်းတဲ့တစ်ဖက်ကားလမ်းရဲ့ ပလက်ဖောင်းပေါ်မှာ အမှတ်မထင် ကျွန်တော် ကောင်မလေးကိုတွေ့လိုက်ရတယ်။ ဘာကြောင့်မှန်းမသိဘူး။ လက်ဖျား ခြေဖျားတွေ ချက်ချင်းအေးသွားတယ်။ ခေါင်းမှာရှိတဲ့ ဆံပင်မွှေးတွေ တစ်ချောင်းမကျန်ထောင်ကုန်တယ်။ လူက ဘယ်လောက်ထိကြောက်သွားလဲဆို ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့က ဗာဒံပင်နောက်ကွယ် ရောက်ပြီးသားဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေ့တွေ့ချင်းဆိုတော့ သတိလက်လွတ်ဖြစ်သွားလို့ပါ။ နောက်တော့ တဖြည်းဖြည်းတွေးမိပြီး ကိုယ့်ကိုယ်ကိုယ် ရှက်သွားတယ်။ ကျွန်တော် ဘာမှ ဒီလိုလုပ်စရာမလိုဘူး။

ကျွန်တော်က ကြောက်နေရအောင် သူ့ကို ကျွန်တော် ဘာမှ ဒုက္ခပေးထားတာမဟုတ်ဘူး။ သူကသာ ကျွန်တော့်ကို ဒုက္ခပေးထားတာ။ ဒါကြောင့် ကြောက်ခြင်းကြောက် သူကသာ ကျွန်တော့်ကိုကြောက်ရမှာ။

အဲဒီစိတ်နဲ့ပဲ ဗာဒံပင်နောက်က ကျွန်တော် ရဲရဲတင်းတင်း ထွက်ပစ်လိုက်တယ်။ ရင်ထဲမှာ အားမွေးပြီး ခံပြင်းမှုတွေကိုစုစည်းလိုက်တယ်။ ဒီကောင်မလေးကို ကျွန်တော် မေးရမယ်။ ကျွန်တော့်ကို ဘာလို့ ဒီလောက်လိုက်နှောင့်ယှက်နေတာလဲ။ ဘာလို့ ဒီလောက် လိုက်ဒုက္ခပေးနေတာလဲ။ အဲဒီအဖြေကိုသိချင်တယ်။

သူ့ကြောင့် ကျွန်တော့်ဘဝ ပျက်လောက်အောင် ရှက်ရပြီးပြီ။ ခေါင်းမဖော်ဝံ့လောက်အောင် အပြောခံရပြီးပြီ။ တွေးရင်း ကျွန်တော် ဒေါသတွေ အလိပ်လိုက်တက်လာပြီး တစ်ဖက်ကားလမ်းကို ကူးမလို့လုပ်တုန်းမှာပဲ ကောင်မလေးက ဒီဘက်ကားလမ်းကူးလာတာ တွေ့လိုက်တော့ ရပ်စောင့်နေလိုက်ပါတယ်။

သူမကတော့ ကျွန်တော့်ကို မြင်ပုံမရဘူး။ ဟိုကြည့် ဒီကြည့်နဲ့ကူးလာပြီးမှ ဒီဘက်ပလက်ဖောင်း ရောက်ခါနီးတော့ ကျွန်တော်ကို ရုတ်တရက်တွေ့ပြီး . . .

"ဟင်"

ကောင်မလေး မျက်နှာပျက်သွားတယ်။ ပြီးတော့ ဟိုဘက်ကားလမ်းကို ပြန်ကူးမလို့ လုပ်တုန်းမှာပဲ . . .

"ဒီမှာ နေဦး . . မင်း ဒီလိုလုပ်လို့ရမလား"

ကျွန်တော် ချက်ချင်းပဲ သူမလက်မောင်းကို လှမ်းဆွဲပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ကောင်မလေးက ရုတ်တရက်ဆိုတော့ ကြောင်ပြီး ကြည့်နေရင်းက ရှုန်းထွက်ပြီး . . .

"ကျွန်တော်. . ကျွန်တော့်ကို မဆွဲနဲ့ လွှတ်. . လွှတ်နော်"

"မလွှတ်ဘူး မင်းကိုဆွဲချင်လို့ ဆွဲတယ်များမှတ်နေလား။ ထွက်ပြေးမှာစိုးလို့ကွ သိလား"

"ဘယ်မှာ ထွက်ပြေးနေလို့လဲ၊ အေးအေးဆေးဆေး လမ်းလျှောက်နေတဲ့ဟာကို"

ပြောပုံကိုကြည့် မထုံတက်တေးနဲ့။ အခုတော့ သူမဟုတ်သလိုနဲ့။ ကျွန်တော်ကပဲ သူ့ကိုလိုက်ပြီး ဒုက္ခပေးနေတဲ့ပုံစံမျိုး။

"မင်း ထွက်မပြေးဘူးဆို ငါလွှတ်ပေးမယ်၊ ပြီးတော့ မင်း ငါနဲ့ ဒီမှာခဏထိုင် ပြောစရာရှိတယ်"

ကောင်မလေးက ကျွန်တော်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ကို ကြည့်ပြီး . . .

"မထိုင်ချင်ပါဘူးဗျာ၊ လက်ဖက်ရည်ဆိုင်ကြီး နောက်ပြီး ကျွန်တော်က လက်ဖက်ရည်မကြိုက်ဘူးဗျ၊ ခင်ဗျားတိုက်ချင်ရင် အအေးလိုက်တိုက်ပါလား"

ဒါ ကျွန်တော့်ကိုရိတာ။ ကျွန်တော် ဒေါသ ချက်ချင်းထွက်သွားတယ်။

"မင်းကို လက်ဖက်ရည်တိုက်မလို့ ထိုင်ခိုင်းတယ်အောက်မေ့လား ဝေးသေး. . ငါ မင်းကိုပြောစရာရှိလို့ ခေါ်တာ"

ကောင်မလေးက သက်ပြင်းကိုချတယ်။ ပြီးတော့ သူ့လက်မောင်းကို ကိုင်ထားဆဲ ကျွန်တော့်လက်ကိုကြည့်ပြီး . . .

"လွှတ်ဦးလေဗျာ၊ လူတွေတောင် ဝိုင်းကြည့်ကုန်ပြီ"

"ငါပြောပြီးသားပဲ၊ မင်းထွက်မပြေးဘဲ ငါနဲ့ထိုင်ရင်လွှတ်ပေးမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီတစ်ခါပဲနိုင်သေးတယ်။ ဒီတစ်ခါပဲ အပေါ်စီးက ဆက်ဆံလို့ရသေးတယ်။ တွေ့လိုက်တိုင်း ကျွန်တော်ချည်းခံနေရတာ။

"လွှတ်. . လွှတ်. . ထိုင်မယ်. . ဖယ်ပေး"

ဒီလိုနဲ့ သူမနဲ့ကျွန်တော် စာဒံပင်အောက်က စားပွဲကလေးမှာ ထိုင်ဖြစ်ကြပါတယ်။ ကျွန်တော့်မှာ ညနေခင်းရဲ့လေပြည်ကိုလည်း မခံစားနိုင်တော့ဘူး။ ကဗျာဆန်တဲ့ သစ်ရွက်ခြေသံတွေကိုလည်း နားမဆင်အားတော့ဘူး။ ကျွန်တော် သူမနဲ့ ဆက်ဆံရာမှာ အထူးသတိထားဖို့ပဲ ဦးနှောက်ထဲရောက်နေတယ်။

ကျွန်တော် သိတယ်. . .

ဒီကောင်မလေးဟာ စနက်တံပြုတ်နေတဲ့ လက်ပစ်ဗုံးတစ်လုံးလို သိပ်ကြောက်ဖို့ကောင်းတယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"မင်း

နာမည် ဘယ်သူလဲ"

"... ... ..."

"... ... ..."

"မေးနေတယ်လေ မင်းနာမည် ဘယ်သူလဲလို့"

ဘာမှမပြောဘူး။ ကျွန်တော့်ကို ကြောင်တောင်တောင် ကြည့်နေတယ်။

"ဘာကြည့်နေတာလဲ၊ နားလေးနေလား"

အဲဒီလိုပြောလိုက်တော့ သူကပဲ စိတ်ဆိုးရတယ်ရှိသေး တယ်။

"ခင်ဗျားက လူကို ဒုက္ခိတများမှတ်နေလား"

"ဒါဆို ငါပြောတာ ကြားရမှာပေါ့"

"ကြားသားပဲ"

"ကြားရင် ဘာလို့ပြန်မဖြေဘဲ ကြည့်နေလဲ၊ ဘာလဲ ငါ ချောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက နှုတ်ခမ်းကိုက်ပြီး ချာခနဲ တစ်ဖက်ကို လှည့်ပစ်လိုက်တယ်။

"ဝေးသေး"

ကျွန်တော်ကတော့ ခပ်တည်တည်ပဲ ဆက်ပြီး . . .

"မင်းနာမည် ပြောဆို"

တစ်ဖက်လှည့်နေရာကနေ ကျွန်တော့်ဘက် ချာခနဲလှည့်ကြည့်တယ်။

"ခင်ဗျား ကျွန်တော့်ကို ဒီမှာထိုင်ခိုင်းတာ နာမည်မေးဖို့လား။ ကျန်တာမပါဘူးလား"

"ကျန်တာလည်းပါတယ်၊ နာမည်လည်းမေးမယ်၊ အခုချိန်မှာ မင်းအကြောင်း ငါအကုန်သိထားဖို့လိုတယ်၊ မင်းကြောင့် ငါ ဘာတွေဖြစ်နေတယ်ဆိုတာ သိလား"

ဘာမှပြန်မပြောဘူး။ ခေါင်းငုံ့နေတယ်။

"မင်း ဘယ်မှာနေတယ်၊ မင်း ဘာလုပ်တယ်၊ မင်းမိဘက ဘယ်သူ၊ ပြီးတော့ မင်းနာမည်က ဘယ်လို၊ အကုန်လုံး မင်း ဒီနေ့ ငါ့ကိုပြောရလိမ့်မယ်"

ကောင်မလေးက ခပ်တည်တည်နဲ့ ကျွန်တော့်ကိုမော့ကြည့်တယ်။ ပြီးတော့ ခပ်တည်တည်နဲ့ပဲ ထိုင်ရာကထတယ်။ ပြီးတော့ ခပ်အေးအေးပဲ ကျွန်တော့်ရှေ့က လှည့်ထွက်သွားတယ်။

"ဟင်"

ကျွန်တော် ကြောင်တောင်တောင်နဲ့ကြည့်ရင်း ငုတ်တုတ်ကြီး ကျန်ခဲ့တယ်။ ကျွန်တော့်မှာတော့ ဒေါသထွက်လိုက်ရတာ သူမကတော့ အရေးမလုပ်သလိုပဲ။

ကျွန်တော် ချက်ချင်းထပြီး . . .

"မင်း ဒီလိုသွားလို့ ရမလားကွ၊ မင်းပြန်လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းခါတယ်။

"မလိုက်ဘူး၊ ခင်ဗျားနဲ့နေရတာ ဘာတွေမေးနေမှန်း မသိဘူး၊ အရည်မရ အဖတ်မရတွေ"

"ဘာကွ"

"ဟုတ်တယ် ဂုဏ်က ဘာတွေမှန်းမသိဘူး၊ နာမည်တွေ လိပ်စာတွေက တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ဆက်ဆံမှုမှာ အရေးပါလို့လား၊ ကဲ, မောင်ဖြူနဲ့မောင်ညို ခင်ဖို့ သူတို့နှစ်ဦးဆုံ တွေ့မှုမှာ မောင်ဖြူ မောင်ညိုဆိုတဲ့ နာမည်ချင်းတွေ့တာလား၊ သူတို့ လူချင်းတွေ့တာလား ပြော. . ."

"သူတို့ဟာသူတို့ ဘယ်လိုတွေ့တွေ့ကွာ၊ တွေ့ချင်သလိုတွေ့ ငါနဲ့မဆိုင်ဘူး၊ ဒါပေမယ့် မင်းနဲ့ဆုံတွေ့မှုမှာတော့ အဲဒါတွေလို တယ်"

"ကျွန်တော့်ဘက်ကတော့ မလိုဘူး"

ကျွန်တော် ဒေါသ ထပ်ထွက်သွားတယ်။

"မင်းကတော့ ဘယ်လိုမလဲ၊ လူတစ်ဖက်သားကို ဒုက္ခပေး ရပြီးရော စဉ်းစားနေတဲ့လူပဲ"

ကျွန်တော် အော်လိုက်တာ တော်တော်ကျယ်သွားပုံပဲ။ လမ်းသွားလမ်းလာတွေနဲ့ ဆိုင်ထဲကလူတွေတောင် လှမ်းကြည့်ကြ တယ်။ ကောင်မလေးလည်း တော်တော်ရှက်သွားတယ်။ ဖြူဝင်းတဲ့ သူမမျက်နှာမှာ ချက်ချင်း ပုစွန်ဆီရောင်သမ်းသွားတယ်။

"တိုး. . တိုးတိုးပြောပါဗျာ ခင်ဗျားကလည်း၊ ဟိုမှာ လူတွေ ဝိုင်းကြည့်ကုန်ပြီ"

"ကြည့်ကြည့်ကွာ ကြည့်ချင်တဲ့လူကြည့် ဂရုမစိုက်ဘူး၊ မင်း ကြောင့် ငါ လူဝိုင်းကြည့်ရုံတင်မကဘူး၊ ခွေးသူခိုးလို့ ဝိုင်းစွပ်စွဲတာ တောင် ခံလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခေါင်းငုံ့သွားတယ်။

ပြီးတော့ ခပ်တိုးတိုးလေး . . .

"ခင်ဗျား ကံမကောင်းလို့ပါဗျာ"

"ဘယ်လို"

"ဟုတ်တယ် ကျွန်တော် အဲဒီနေ့က ခင်ဗျားကို ဒုက္ခပေးဖို့ ရည်ရွယ်ချက် လုံးဝမရှိပါဘူး၊ ဒါပေမယ့် ပြေးလာရင်း မလွတ်တော့ဘူးထင်ပြီး ဘာလုပ်ရမှန်းမသိတဲ့အချိန် ခင်ဗျားကိုသွားတွေ့လို့ ကြုံမိကြုံရာ ကြုံလိုက်ရတာပါ ခွင့်လွှတ်ပါဗျာ"

"ခွင့်မလွှတ်ဘူးကွာ"

ကောင်မလေးက ဖျတ်ခနဲ မော့ကြည့်ပြီး . . .

"ခွင့်လွှတ်ပါ ပြောတော့လည်း ခွင့်မလွှတ်ဘူးတဲ့၊ တစ်မျိုးကြီးပါလား"

ကျွန်တော် ဘာမှမပြောတော့ဘဲ စားပွဲဝိုင်းမှာ ပြန်လာထိုင်လိုက်တယ်။ လူလည်း ခေါင်းတွေနောက်ပြီး ဘာပြန်လုပ်ရမှန်းတောင် မသိတော့ဘူး။ အလျော်တောင်းရအောင်လည်း နောက်တစ်ခါ "မင်းခိုးပြီး မင်းပြန်အဖမ်းခံ"လို့ ပြောလို့ရတဲ့ကိစ္စလည်း မဟုတ်ဘူး။ အဲဒီတော့မှ ပြဿနာက ပိုဆိုးသွားမှာ။ မတော်သူက ဖော်ကောင်လုပ်လိုက်ရင် ကျွန်တော် နေရင်းထိုင်ရင်း သူခိုးအားပေးဖြစ်ဦးမယ်။

ခဏနေတော့ ကောင်မလေးက ကျွန်တော့်ရှေ့ကခုံလေးမှာ လာထိုင်တယ်။ ဒီတစ်ခါ သူလာထိုင်တာ ကျွန်တော်မခေါ်ဘဲလာထိုင်တာပါ။

ကျွန်တော်က စိတ်ဆင်းရဲလို့ သူ့မျက်နှာကို မကြည့်ဘဲ လမ်းမဘက်ငေးနေလိုက်တယ်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးက တိုးတိုးလေးပါ။ ဒါပေမယ့် ကျွန်တော်ကြားတယ်။ ကြားပေမယ့် မကြားချင်ယောင် ဆောင်နေလိုက်တယ်။ သူမက နောက်တစ်ခါထပ်မေးတယ်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲလို့"

ကျွန်တော် မဖြေဘူး။ ဖြေလည်း မဖြေချင်ဘူး။

"နာမည်မေးနေတယ်လေဗျာ"

ကျွန်တော် သက်ပြင်းချပြီး ချထားတဲ့ရေနွေးကြမ်းကို နည်းနည်းသောက်လိုက်တယ်။ ပြီးတော့ နဂိုအတိုင်း လမ်းမဘက်ပြန်ငေးလိုက်တယ်။

ကျွန်တော်တို့နှစ်ယောက်အကြား မိနစ်တော်တော်များများကြာအောင် တိတ်ဆိတ်သွားတယ်။

တော်တော်လေးကြာတော့ ကောင်မလေးဘက်က သက်ပြင်းချသံကြားလိုက်ရပြီးမှ . . .

"ကျွန်တော့်နာမည် လင်းလင်းနေခြည်ပါ၊ နေတာကတော့ ဒီလုံးချင်းအိမ်ရာမှာပဲနေတာ၊ အိမ်နံပါတ် ၁၉-အော၊ ကျွန်တော် လုပ်ခဲ့မိတဲ့ကိစ္စတွေအတွက်ခွင့်လွှတ်ပေးပါ၊ ခင်ဗျားလည်းကျွန်တော့်ကို ကားနဲ့တိုက်မလိုဖြစ်ခဲ့တာပဲ ကျေပြီပေါ့နော်"

ကျွန်တော် သူမကို မော့ကြည့်မိတယ်။ ဒါပေမယ့် ဘာစကားမှမပြောဖြစ်ဘူး။ သူမမျက်ဝန်းမှာ အားနာမှုအရိပ်အယောင်တွေ တွေ့လိုက်မိတယ်။

'ကျွန်တော့်ရှေ့မှာ ဒူးလေးနှစ်ဖက် ကျုံ့ထိုင်ပြီး ကျွန်တော့်မျက်နှာကို ခပ်ငေးငေးလေးကြည့်နေတဲ့ ကောင်မလေးဟာ အခုတော့ သူမဟုတ်သလို အပြစ်ကင်းစင်နေတယ်။ ကျွန်တော် သူ့ကိုမျက်ဝန်းချင်းမဖယ်ဘဲ စိုက်ကြည့်နေမိတယ်။

ကျွန်တော်တို့ ဆုံတွေ့မှုကို ဘယ်သူမှ မနှောင်းယှက်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ လှပတဲ့ လေပြည်ကလေး သူ့ဘာသာသူ ဘာသိဘာသာ တိုက်ခတ်သွားပါတယ်။

နောက်ဆုံးတော့ ကောင်မလေးဘက်က မျက်လွှာချပြီး ထထွက်သွားပါတော့တယ်။ ကျွန်တော် သူမကို မတားမိဘူး။ ပြီးတော့ တားဖို့လည်း စိတ်ကူးမရှိပါဘူး။ သူ တော်တော်ဝေးဝေး ရောက်သွားတော့မှ . . .

"ကိုယ့်နာမည် ဘုန်းချိမ့်ပါ"

သူမ ကြားလိမ့်မယ်ထင်တယ်။ လှမ်းလက်စခြေလှမ်းကို တုံ့ခနဲရပ်ပြီး ကျွန်တော့်ကို လှည့်ကြည့်တယ်။

ပြီးတော့ သူမ လှည့်ထွက်သွားတယ်။

ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

ရည်ရွယ်ချက်မရှိဘဲ ကောင်းကင်ကို လှမ်းငေးလိုက်မိတယ်။

တိမ်တွေ ပုံသဏ္ဍာန်မျိုးစုံနဲ့ ကောင်းကင်ဟာ လှပနေပါတယ်။

ဆောင်းလေပြည်ကတော့ ကျွန်တော့်နားမှာတိုက်ခတ်နေဆဲပါ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ထိပ်
ပြောင်ကြီးက ဖိုက်တာလို့ပြောတယ်ကွ၊ သူ့တူမကို လည်း သိပ်ချစ်တာတဲ့၊ ဟိုတစ်ခါ အာမခံနဲ့ထွက်လာတယ်ဆိုတာ တကယ်၊ သူ့တူမကို လာရစ်တဲ့ငနဲ့နှစ်ကောင်ကို တီးထည့်လိုက်တာ လို့ကြားတယ်"

ခင်မီမီကျော်နဲ့ပတ်သက်ပြီး အစည်းအဝေး လုပ်နေကြတာပါ။ ကြားရတဲ့သတင်းကတော့ အားရစရာပါပဲ။ မင်္ဂလာဆောင်ရမလား။ ဒါမှမဟုတ် ဆေးရုံနဲ့ရဲစခန်း ဘယ်အရာနဲ့နီးစပ်မလဲ တွေးနေရပါပြီ။

ဒီအကြောင်းတွေ စဉ်းစားပြီး အားလုံး အတွေးကိုယ်စီနဲ့ ငြိမ်နေကြပါတယ်။ ခဏကြာတော့ ဝင်းအောင်က . . .

"ရှေ့အပတ်ထဲမှာ ခင်မီမီကျော်မွေးနေ့ရှိတယ်လို့ သိရတယ်၊ အဲဒါ မင်းအတွက် အခွင့်အရေးပဲ"

ကျွန်တော် ခေါင်းထောင်သွားတယ်။

"မင်းကို ဘယ်သူပြောလဲ"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ယဉ်ယဉ်သိန်းဆီက တစ်ဆင့်စုံစမ်းတာပေါ့၊ ငါ့ညီမဝမ်းကွဲတစ်ယောက်က ယဉ်ယဉ်သိန်းနဲ့အတူ ကျောင်းပြီးတာလေ၊ သူ့ဆီက သိတာ"

ကျွန်တော့်ရင်ထဲမှာ တစ်ချက်ပျော်သွားတယ်။ ခင်မိမိကျော်ရဲ့ မွေးနေ့သိလိုက်ရတာ ကျွန်တော့်အတွက် အံကွက်ပဲ။ မိန်းကလေးတော်တော်များများက စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေကိုနှစ်သက်ကြတယ်။

ဒါကြောင့် သူ့မွေးနေ့မှာ ကျွန်တော် ပန်းစည်းပို့မယ်။ လက်ဆောင်ပို့မယ်။ ဒါပေမယ့် ကျွန်တော်ပို့လိုက်တယ်ဆိုတာကို ကွယ်ဝှက်ထားလိုက်မယ်။ သူမဆီ ဘယ်သူပို့လဲဆိုတာ ခင်မိမိကျော်သိချင်မှာပဲ။ အဲဒီအချိန်ကျမှ ဖုန်းနဲ့ဆက်ပြီး ကျွန်တော်ပါလို့ပြောလိုက်ရုံပဲ။

အဲဒီနောက်ပိုင်းတော့ ဖုန်းတွေဆက်ပြီး ပြောကြ၊ ခင်မင်မှုတွေရ၊ သံယောဇဉ်တွေငြိတွယ်၊ ပြီးတော့ ချစ်ခွင့်ပန်၊ မင်္ဂလာဆောင်၊ ကလေးမွေး . . .

ဟား. . အရာအားလုံး ကွက်တိပါလား။

"ဟေ့ကောင် ငါပြောတာကြားလား"

"ဟင်, ဘာလဲ"

"အဲဒီနေ့ကျရင် မင်းဘာလုပ်မလဲလို့"

ကျွန်တော် ပြုံးလိုက်တယ်။ ဒီကောင်တွေကို ကျွန်တော့်အကြံအစည် ပြောမပြတော့ဘူး။ သူတို့ပါ အံ့ဩသွားအောင်ပါ။

"မစဉ်းစားရသေးပါဘူးကွာ၊ မီးစင်ကြည့်ကတာပေါ့"

အားလုံးငြိမ်သွားတယ်။ ကျွန်တော့်ကိစ္စကို ကိုယ်စီကိုယ်စီ အကြံထုတ်နေပုံပဲ။ ခဏကြာတော့ အောင်ကိုက . . .

"ဒီကြားထဲ သူ့ဆိုင်ကို မင်း မကြာမကြာသွားသင့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ မင်းနဲ့သူနဲ့ ဆုံတွေ့မှုက တစ်ခါပဲရှိသေးတာ၊ ဟိုက မင်း သူ့ကိုစိတ်ဝင်စားနေတယ်ဆိုတာ သိအောင်တော့လုပ်သင့်တယ်"

ဒီတစ်ခါ ငြိမ်သွားတာက ကျွန်တော်။ အောင်ကိုပြောတာကို အခုမှ ကျွန်တော်စဉ်းစားမိတယ်။ ခင်မီမီကျော်နဲ့ ကျွန်တော် ဆုံတွေ့မှုက တစ်ခါပဲရှိသေးတာပဲ။ ဆုံတွေ့မှုအချိန်ကာလ အတိုင်းအတာနဲ့ဆို အများကြီးလိုသေးတယ်။

အချစ်မှာ သံယောဇဉ်၊ တွေ့ဆုံမှုနဲ့ အပြန်အလှန် နားလည်မှုတို့ အချိုးကျပါဝင်တယ်ဆိုတာ ကျွန်တော်နားလည်တယ်။

အဲဒါကြောင့် ကျွန်တော် ခင်မီမီကျော်ဆီကို အကြောင်းမရှိ အကြောင်းရှာပြီး ရောက်ရဦးမယ်၊ စကားတွေပြောရဦးမယ်၊ သူ့ကို ကျွန်တော် စိတ်ဝင်စားနေကြောင်း ပြရဦးမယ်၊ ပြီးတော့ သူ့အကြောင်းလည်း ကျွန်တော် စုံစမ်းရဦးမယ်။

"သူ့ကိုတွေ့ချင်ရင်တော့ လွယ်ပါတယ်ကွာ၊ ဆိုင်ပဲသွားပေါ့၊ ဆိုင်ဆိုတာ ဘယ်သူမဆို ဝင်ထွက်သွားလာလို့ရတာပဲ"

ဝင်းအောင်က အားပေးတယ်။ ထွန်းနိုင်က ထောက်ခံတယ်။ အေးကိုကတော့ တစ်စုံတစ်ခုကိုတွေးပြီး . . .

"ထိပ်ပြောင်ကြီးတော့ မေ့ထားလို့မရဘူးနော်"

ခပ်ရွှရွှ စကားဝင်ဆိုတယ်။ ကျွန်တော်က သူတို့ကိုကြည့်ပြီး . . .

"ဘယ်အလုပ်မဆို ကြိုးစားမှုတော့ ရှိရမှာပေါ့ကွာ၊ ဒီကိစ္စမှာ ထိပ်ပြောင်ကြီးကို ပိုင်အောင်ပေါင်းလိုက်ရင်ဖြစ်ပါတယ်"

ကျွန်တော့်စကားကြောင့် ဟိုကောင်တွေ တွေးတွေးဆဆ အမူအရာဖြစ်သွားပြီးမှ . . .

"မထင်နဲ့နော် သိပ်မလွယ်ဘူး၊ တော်ကြာ ငါတို့ထင်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာရင် အားလုံးကွဲပြဲကုန်မယ်"

ကျွန်တော် ဘာမှပြန်မပြောတော့ဘူး။ ကျွန်တော့်စိတ်ထဲမှာ အချိန်အတိုင်းအတာတစ်ခုအတွင်း သူဘာသာသူ ပြေလည်သွားမယ်လို့ ထင်နေမိတယ်။ တကယ်လည်း ယုံကြည်နေတယ်။ သူငယ်ချင်းတွေ စိုးရိမ်နေတာကိုလည်း အပြစ်မပြောပါဘူး။ သူတို့က ကျွန်တော့်အတွက် ပြောနေကြတာပါ။

"ကဲပါကွာ ဒါတွေထားလိုက်ပါ၊ ကြည့်လုပ်တာပေါ့၊ အဲဒီတော့ မင်းတို့ မနက်ဖြန်အားလား"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးမှ . .

"မင်း ဘာလုပ်မလို့လဲ"

"ငါ ခင်မီမီကျော်ဆိုင်ကို သွားချင်လို့"

ကျွန်တော့်စကားလည်းဆုံးရော . . .

"သွားလေ အားတယ်"

"သွားပေါ့ ဘာအလုပ်မှမရှိဘူး"

ဒီလိုနဲ့ပဲ ညှိလို့နှိုင်းလို့ အဆင်ပြေသွားကြတယ်။

ကျွန်တော့်ရင်ထဲမှာ မနက်ဖြန်အကြောင်းတွေးရင်း မွှေးနေတယ်။

ဒီည စောစောအိပ်ရမယ်။

အိပ်ပျော်သွားရင် မနက်ဖြန်ဆိုတာ ခဏလေး။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# လက်

သည်းလေးမှာ ကြယ်ပုံလေးတွေဖော်ထားတာကို အရင်ဆုံး သတိထားမိတယ်။ အင်္ကျီက ပန်းရောင်လေးဝတ်ထား တယ်။ ဆံပင်ရှည်ရှည် ဖြူဝင်းတဲ့အသားအရေနဲ့ ခင်မီမီကျော်ဟာ မဟာဆန်ပြီး ခေတ်ဆန်ဆန်လှပနေတယ်။

ကျွန်တော့်ကိုတွေ့တော့ သူပြုံးပြပါတယ်။ သူ့မျက်ဝန်းမှာ လည်း မှတ်မိတဲ့အရိပ်အရောင်တွေ တွေ့လိုက်ရတော့ စိတ်ချမ်းသာ တယ်။

ကျွန်တော် ပြန်ပြုံးပြလိုက်ရင်း . . .

"ခင်မီမီကျော် နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

ခင်မီမီကျော် စကားဆုံးတော့ ဝင်းအောင်က . . .

"နေကောင်းလို့ ဆိုင်မှာတွေ့ရတာပေါ့ကွ မင်းကလည်း"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းအောင်ရဲ့ အရွှန်းဖောက်စကားကြောင့် ခင်မီမီကျော် ပြုံးတယ်။ ပြီးတော့ . . .

"ကို . . ဟိုဟာ . . ဘယ်သူ"

"ဘုန်းချိမ့်ပါ"

"အဲ, ကိုဘုန်းချိမ့် ဘာလိုလို့လဲဟင်"

ကျွန်တော် ခေါင်းကိုညိတ်လိုက်တယ်။ ပြီးတော့ အပြေးအလွှား အကြောင်းအရာတစ်ခုကို စဉ်းစားလိုက်တယ်။

အိမ်က ထွက်ကတည်းက စဉ်းစားမလာမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတယ်။

ဒါပေမယ့် လိမ်ပြောတယ်ဆိုတာ လွယ်လွယ်လေးပါ။

"ဟိုဗျာ ဒီလိုဗျာ ကျွန်တော် ဟိုတစ်ခါဝယ်သွားတဲ့ပုဆိုးကို အဖေက ကြိုက်လို့ဆို ယူသွားတယ်ဗျ"

"ဟုတ်ကဲ့"

"အဲ . . အဲဒါ ကျွန်တော်လည်း အဲဒီအဆင်လေး သိပ်ကြိုက်တာ၊ တခြားဆိုင်တွေ သွားရှာတော့လည်း မတွေ့မိဘူး၊ အဲဒါနဲ့ ဒီဆိုင် မှာများ အဲဒီလိုအဆင်မျိုး ရှိဦးမလားလို့ လာကြည့်တာပါ"

ခင်မီမီကျော်က ရှူးကေ့စ်ဗီရိုတံခါးကို ဖွင့်ပြီး . . .

"ကိုဘုန်းချိမ့်ယူသွားတာ ဘာတံဆိပ်လဲမသိဘူး"

"ဦးဂျမ်းလေ အပဲ အဲဒီနေ့ကတောင် ဟို ခင်မီမီကျော် ဦးလေးနဲ့တောင် မှားသေးတယ်လေ"

ခင်မီမီကျော်က ပါးစပ်လေးကို လက်ကလေးနဲ့ပိတ်ပြီး 'ခစ်'ခနဲတစ်ချက်ရယ်တယ်။ ပြီးတော့ တစ်ဖက်ကို မျက်လုံးလေး စွေကြည့်တာ တွေ့လိုက်ရတယ်။

ကျွန်တော် ခင်မီမီကျော် ကြည့်တဲ့ဘက်ကို မသိမသာငဲ့လာလိုက်တော့ ကျောနည်းနည်းချမ်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရဲ့ထောင့်တစ်နေရာမှာ ကျွန်တော်တို့ကို ရှုသိုးသိုးနဲ့ ထိုင်ကြည့်နေတဲ့ ထိပ်ပြောင်ကြီးကို တွေ့လိုက်ရလို့ပါ။

ကျွန်တော်လည်း ခပ်တည်တည်နဲ့ သတိမထားမိသလို နေလိုက်ပါတယ်။

"ဒါနဲ့ ပုဆိုးအဆင်လေးက ဘယ်လိုအကွက်လေးလဲ. . အရောင်ကရော"

ကျွန်တော်က ဒါမျိုးတော့ မှတ်မိပါတယ်။ အဲဒါကြောင့် ချက်ချင်းပဲ . . .

"အပြာကွက်စိပ်စိပ်လေး ဟို့ အမည်းစင်းကြောင်းလေးတွေနဲ့"

ခင်မီမီကျော်က တစ်ကွင်းထုတ်ပြတယ်။ မဟုတ်ကြောင်း ကျွန်တော် ခေါင်းခါပြီး . . .

"အဲဒါ မဟုတ်ဘူးဗျ၊ ဟိုအကွက်မျိုး"

ကျွန်တော် လက်ညှိုးထိုးပြတဲ့ဟာကို ခင်မီမီကျော်က ထုတ်ပြတယ်။ ကျွန်တော်လည်း ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြပြီး ငွေချေလိုက်တော့တယ်။

ခင်မီမီကျော်က ပုဆိုးကို ကျွတ်ကျွတ်အိတ်နဲ့ထုတ်နေတဲ့အချိန်မှာ ကျွန်တော် သူကြားလောက်တဲ့ လေသံမျိုးနဲ့ တိုးတိုးကပ်ပြီး . . .

"ကျွန်တော် ခင်မီမီကျော်ဆီ ဖုန်းဆက်ပါရစေ"

"ရှင်"

သူမ မျက်လုံးဝိုင်းလေးနဲ့ ခေါင်းထောင်ကြည့်တယ်။

ရုတ်တရက်ဆိုတော့ လန့်သွားပုံရတယ်။

"ဟိုဟာပါ ဟို. . အနှောင့်အယှက်မဖြစ်ဘူးဆို ကျွန်တော့်ကို ဖုန်းဆက်ခွင့်ပြုပါလို့ အဲဒါ. . "



www.burmeseclassic.com

www.burmeseclassic.com



ခင်မီမီကျော်က ယောင်တိယောင်တောင်လေးနဲ့ ကျွန်တော့်ကိုကြည့်နေချိန်မှာပဲ သူမ လက်ထဲက ပုဆိုးထုပ်ကိုယူပြီး ကျွန်တော် ထွက်ခဲ့လိုက်တော့တယ်။

ဆိုင်ပေါက်ဝရောက်ခါနီးတော့ ထိပ်ပြောင်ကြီးက ကျွန်တော့်နားရောက်လာပြီး . . .

"မောင်ရင်ကပုဆိုးအပြာကွက်တွေသိပ်ကြိုက်တယ်ထင်တယ်"

"ဟုတ်. . ဟုတ်ကဲ့ပါ"

"အေး. . အေး. . နောက်နေ့ကစပြီး ကိုယ့်ဆိုင်မှာ လည်း ပုဆိုးအပြာတွေကုန်ပြီကွ၊ ဒါ နောက်ဆုံးတစ်ကွင်းပဲ"

ထိပ်ပြောင်ကြီး ရစ်ပြီဆိုတာ သိလိုက်တယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ကျွန်တော့်ကို တားဆီးလို့ဘယ်ရမလဲ။

"ကျွန်တော်က အပြာအပြင် အနီရောင်အကွက်လေးတွေ လည်း ကြိုက်ပါတယ် အစ်ကိုကြီးရဲ့"

"ဟေ"

ထိပ်ပြောင်ကြီး အာမေဋိတ်သံထွက်ပြီး သူ့တူမရှေ့က ပုဆိုးကောင်တာကို လှမ်းကြည့်လိုက်တယ်။ကောင်တာတစ်ခုလုံးရဲ့ တစ်ဝက်ကျော်ကျော်လောက်က အနီရောင်တွေချည်းပဲ။

ထိပ်ပြောင်ကြီးရင်ထဲ မခံချိမခံသာဖြစ်သွားတဲ့ အချိန်မှာ ကျွန်တော်တို့က ခပ်ဝေးဝေးကိုရောက်နေပါပြီ။

ကျွန်တော့်စိတ်ထဲ တွေးမိတယ်။

ခင်မီမီကျော့်ကိုချစ်ရတာ ပတ်ဝန်းကျင်က အရာမှန်သမျှကို မှတ်သားထားရမယ်ဆိုတာပဲ။နောက်ဆို ထိပ်ပြောင်ကြီး ကို တောင် ရန်ကုန်မြို့လယ်မှာ ကြော်ငြာထားတဲ့ ကွက်လပ်ဖြည့်ပါ ဆံပင်ပေါက်ဆေး ဝယ်ပေးရဦးမယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

**ဖုန်း**ဆက်မယ်လို့သာပြောခဲ့တာပါ။ တကယ်တမ်း ခင်မီမီကျော်ဆီ ဖုန်းဆက်မယ်ကြံတော့ တော်တော်အားမွေးရပါတယ်။ ဟမ်းဖုန်းကိုဆက်ရင် ကောင်းမလား၊ အိမ်ဖုန်းကိုဆက်ရင် ကောင်းမလား တွေးနေတာနဲ့ပဲ နှစ်ရက်လောက်ကြာသွားတယ်။ သူနဲ့တွေ့ရင် ဘာပြောမလဲစဉ်းစားတာ တစ်ရက်ထပ်ကြာသွားတယ်။

အဲဒီလိုနဲ့ . . သုံးရက်မြောက်နေ့မှာ သူမ ဟမ်းဖုန်းကို ကျွန်တော် စတင်ခေါ်မိတယ်။ သူမ ဖုန်းနံပါတ်ကို စုံစမ်းရတာတော့ လွယ်လွယ်လေးပါ။ ဝင်းအောင်ညီမကတစ်ဆင့် စုံစမ်းလိုက်တော့ တန်းရတာပါပဲ။

ကျွန်တော် ဖုန်းဆက်လိုက်တော့ ဟိုဘက်က ဖုန်းမအားဘူး။ ဒီလိုနဲ့ သုံးကြိမ်လောက်ခေါ်ကြည့်တော့မှ နောက်ဆုံးအကြိမ် ဖုန်းဝင်သွားတယ်။

"ဟုတ်ကဲ့ ပြောပါ"

မိန်းကလေးတစ်ယောက် အသံပါ။ ခင်မီမီကျော်ပဲဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိပြီးသားပါ။ ဒါပေမယ့် သေချာအောင် မေးကြည့်လိုက်တယ်။

"ခင်မိမိကျော်လား ခင်ဗျာ"

ဟိုဘက်က ရုတ်တရက် ပြန်မဖြေဘူး။ ငြိမ်သွားတယ်။ ခဏကြာတော့မှ ထူးသံကြားရတယ်။ ဒါပေမယ့် ခုနတစ်ယောက် အသံမဟုတ်ဘူး။

"ဟုတ်ကဲ့ပြောပါ ခင်မိမိကျော် ပြောနေပါတယ်"

ကျွန်တော် ရင်တစ်ချက်ခုန်သွားတယ်။ ဒါပေမယ့် ရင်ခုန်သံကို ဇိမ်ခံမနေအားဘူး။ ချက်ချင်းပဲ . . .

"ကျွန်တော် ဘုန်းချိမ့်ပါ"

"ရှင်, ဘယ်ကဘုန်းကြီးလဲ၊ ကျွန်မအသိထဲမှာ ဘုန်းကြီးဆိုတာ မရှိပါဘူး"

ကျွန်တော် အူလည်လည်ဖြစ်သွားတယ်။

"ဘုန်း . . ဘုန်းကြီးမဟုတ်ဘူးဗျ၊ ဘုန်းချိမ့်ပါ ဘုန်းချိမ့်"

"ဩော်, ဆောရီး ဆောရီး . . ကျွန်မဘက်က လိုင်းသိပ်မမိလို့ နားစွန်နားဖျား ကြားသွားလို့ပါ၊ ဟုတ်ကဲ့ ကိုဘုန်းချိမ့် ပြောပါ"

ကျွန်တော် ကိုယ့်နဖူးကိုယ် ပြန်ရိုက်လိုက်တယ်။ စိတ်ထဲမှာလည်း သေဟာဆိုပြီး ရွတ်လိုက်မိတယ်။ ကျွန်တော့်အဖြစ်က စလာကတည်းက ဘုန်းကြီးတာပဲ။

"ခင်မိမိကျော် ဘာလုပ်နေလဲဟင်"

"ဆိုင်မှာပါ ကိုဘုန်းချိမ့်ရော ဘာလုပ်နေလဲ"

"ဖုန်းပြောနေတယ်လေ"

"ခစ်"

ကျွန်တော် ပြုံးလိုက်တယ်။ ဒီလောက်ဆို ပြောရဆိုရ

www.burmeseclassic.com

www.burmeseclassic.com



မခက်တော့ဘူးဆိုတာ နားလည်လိုက်ပြီ။

"ခင်မီမီကျော်"

"ရှင်"

"ဟို. . ဟိုဟာလေ ကျောင်း. . ကျောင်းတုန်းက ကိစ္စလေး မှတ်မိသေးလားဟင်"

သူမမျက်နှာ မမြင်ရတဲ့အတွက် အမူအရာကိုတော့ မခန့်မှန်းမိဘူး။ ဒါပေမယ့် ရုတ်တရက် ဘာမှပြန်မပြောဘဲ ငြိမ်သွားတဲ့အတွက် တစ်စုံတစ်ခုကို တွေးနေတယ်ဆိုတာတော့ သေချာတယ်။ ခဏကြာတော့မှ . . .

"ဟို. . မှတ်တော့မှတ်မိသလိုပဲ၊ ဒါပေမယ့် ရေးတေးတေး ဖြစ်နေတယ်"

"အဟဲ. . အဲဒီတုန်းက ခင်မီမီကျော်ကို ကျွန်တော်စကား လိုက်ပြောဖူးပါတယ်၊ အဲ. . အတိအကျပြောရရင် နှစ်ခါတောင် ပြောဖူးတယ်၊ ဒါပေမယ့် အဲဒီတုန်းက အပျော်သဘော လိုက်နှောင့်ယှက်တာ မဟုတ်ပါဘူး"

အပျော်သဘောမဟုတ်ဘူးဆိုတော့ အတည်ပေါ့လို့တော့ ခင်မီမီကျော်က ပြန်မပြောပါ။ ငြိမ်သက်နေပါတယ်။

ဒီနေ့တော့ ဒီလောက်ပဲလို့မှန်းပြီး ကျွန်တော် တခြားထွေရာလေးပါးပြောပြီး ဖုန်းချလိုက်တယ်။

ပြီးတော့ ကျွန်တော်ပျော်ပြီး ဖုန်းခွက်လေးကို ဖက်နမ်းပစ်လိုက်တယ်။

တခြားလူတစ်ယောက်ယောက်သာ ကျွန်တော့်ကိုတွေ့သွားရင်တော့ အရူးလို့ထင်မှာပဲ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အဲ

ဒီနောက်တော့ လမ်းပေါက်သွားပါပြီ။ ခင်မီမီကျော်ရဲ့ဆိုင်ကို ကြုံရင်ကြုံသလို ကျွန်တော်သွားတယ်။ သွားတိုင်းလည်း ဟိုအကြောင်းပြ ဒီအကြောင်းပြပဲ။ နောက်ဆုံး အကြောင်းပြလို့မရရင် ပုဆိုးဝယ်တယ်။ ထိပ်ပြောင်ကြီးနဲ့ကတော့ ဒီလိုပါပဲ။ အဆင်ပြေတယ်လည်း မဟုတ်ဘူး။ အဆင်မပြေဘူးလည်း မဟုတ်ဘူး။

ကျွန်တော်က သူ့တူမဆီရောက်တိုင်း ဟိုဟာလေးဝယ် ဒီဟာလေးဝယ်ဆိုတော့ Customer တစ်ယောက်အနေနဲ့ မပြောသာဘူးဖြစ်နေတယ်။ ဒါပေမယ့် အခွင့်သင့်ရင်သင့်သလိုတော့ ဇာတိပြတယ်။

ဟိုနေ့ကဆို ကျွန်တော် ပုဆိုးတစ်ကွင်းဝယ်သွားတာကို ကြည့်ပြီး . . .

"မောင်ရင် ပုဆိုးဆိုင်ဖွင့်ဖို့ စီစဉ်နေတာတော့ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com



လောက်ပါဘူးနော်၊ ဒါမှမဟုတ် ပုဆိုးမျိုးစုံ စုဆောင်းတာပဲ ဝါသနာပါလို့လား"

ကျွန်တော်က ပြုံးပြုံးလေးပဲ ပြန်ကြည့်ပြီး . . .

"ကျွန်တော်က ပုဆိုးအရောင်မျိုးစုံ ဝတ်ရတာ ဝါသနာပါလို့ပါ"

အဲဒီလိုပြောလိုက်တော့ ထိပ်ပြောင်ကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။

"ဝါသနာပါတယ်သာဆိုတယ် မောင်ရင့်ကို ပုဆိုးဝတ်တာ မတွေ့မိပါဘူး"

သူပြောတာလည်း ဟုတ်တာပဲ။ ကျွန်တော်က အထက်တန်းကျောင်းသားဘဝကတည်းက အလှူမင်္ဂလာပွဲနဲ့ မဖြစ်မနေ ပုဆိုးဝတ်သွားရမယ့် နေရာတွေကလွဲရင် ကျန်တဲ့အချိန်မှာ ဘောင်းဘီနဲ့ပဲ အနေများတာ။ ဒီတော့ ကျွန်တော်လည်း သွားလေးဖြဲပြီး. .

"ဟို. . ဦးလေး မတွေ့မိလို့ နေပါလိမ့်မယ်၊ ကျွန်တော် ဝတ်ပါတယ်"

လို့ပြောပြီး လစ်ထွက်ခဲ့ရတယ်။ အဲဒီနောက်ပိုင်းတော့ ခင်မီမီကျော်တို့ဆိုင်ကိုသွားရင် ပုဆိုးဝတ်ပြီးမှသွားတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

ဒီနေ့လည်း ခင်မီမီကျော်ရဲ့ဆိုင်ဘက်က ကျွန်တော် ပြန်လာတာပါ။ ထုံးစံအတိုင်း ပုဆိုးလေးနဲ့ပေါ့။ အဲဒီပုဆိုးကလည်း သူ့ဆိုင်ကဝယ်ထားတဲ့ အထဲက တစ်ခုပါ။

ကျွန်တော် City Mart ရှေ့ရောက်တော့ မျက်နှာသစ်ဆေးဝယ်ဖို့ သတိရတာနဲ့ ဆိုင်ထဲဝင်လိုက်တယ်။ တစ်နေရာအရောက်မှာ ကျွန်တော့်နာမည်ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တာ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရုတ်တရက်ဆိုတော့ အံ့ဩသွားတာပေါ့။ ကောင်မလေးက ဒီနေ့ ဒူးခေါင်းလောက် ဘောင်းဘီတိုလေးနဲ့။ ပြီးတော့ အပေါ်က ဘာရယ်လို့ ကျွန်တော်မခေါ်တတ်တဲ့ အတွန့်အတွန့် အကျီလေးနဲ့၊ သူစတိုင်လေးနဲ့သူတော့ တော်တော်လိုက်ဖက်ညီတဲ့ ကောင်မလေးပါ။

ကျွန်တော့်ကိုတွေ့တော့ တော်တော်လည်း ပျော်သွားပုံပဲ။ ဘာဒုက္ခပေးဦးမလဲတော့ မသိဘူး။

"ကို . . ကိုဘုန်းချိမ့် ဟီးဟီး . . ခင်ဗျားနဲ့တွေ့တာ ဘုရားမတာပဲဗျာ၊ ကျွန်တော် ဒီမှာကျိုင်တက်နေလို့ဗျ ကူညီပါဦး"

ဇာတ်လမ်းတော့စပြီဆိုတာ ကျွန်တော်သိလိုက်တယ်။ ဘာတွေ မဟုတ်ကဟုတ်က လုပ်ထားလည်းတော့မသိဘူး။ ဒါပေမယ့် ကျွန်တော် ဘာကူညီရမလဲ မေးလိုက်ပါတယ်။

ကောင်မလေးက . . .

"ကျွန်တော် . . ကျွန်တော် ပိုက်ဆံအိတ်ပျောက်သွားလို့ဗျ၊ အဲ . . အဲဒါ အခုမှသိတာ ဒီမှာခေါင်းလျှော်ရည်ဖိုးပေးမလို့ ကြည့်လိုက်တော့ ပိုက်ဆံအိတ်မရှိတော့ဘူး ဟီးဟီးဟီး . . ပြီး . . ပြီးတော့ ဖိနပ် ဖိနပ်လည်းပြတ်သွားတယ်"

"ဟင်"

ကျွန်တော် အူကြောင်ကြောင်နဲ့ ငုံ့ကြည့်လိုက်တော့ ဟုတ်တယ်။ ကောင်မလေးရဲ့ဖိနပ်က သဲကြိုးအနောက်က ပြုတ်ထွက်နေတယ်။ ကောင်မလေးက ရှက်လို့ထင်တယ် နေရာမှာပဲ မသိမသာရပ်ရင်း ကျွန်တော့်ကို ကျိတ်ပြောနေတယ်။ ကျွန်တော် ခေါင်းကုတ်လိုက်တယ်။

"မင်းက တွေ့လိုက်ရင် ဒီလိုချည်းပဲ၊ ငါနဲ့တွေ့ရင် မင်းရဲ့ပြဿနာတွေက အလိုလိုပေါ်လာလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူမ လျှာလေးတစ်လစ်ထုတ်ပြီး ဇက်ကလေးပုပြတယ်။ ပြီးတော့ . . .

"ခင်ဗျားကလည်းဗျာ အဲဒီလိုမပြောပါနဲ့ ကိုယ့်ညီမလေးကို"

"အံမယ် . . ဘယ်သူလဲ ကိုယ့်ညီမလေး"

သူ့ရင်ဘတ်ကို လက်မထောက်ပြပြီး . . .

"ဒီမှာလေ"

"အမယ်လေး. . မတော်ပါရစေနဲ့ဗျာ ကြောက်လွန်းလို့ပါ"

ကျွန်တော်ပြန်ပြောတာကို အရေးထားပုံလည်း သိပ်မရပါဘူး။ ခန္ဓာကိုယ်လေး ရှေ့ကိုင်းပြီး ကျွန်တော့်နားကပ်ပြီးတော့. .

"ကျွန်တော့်ကို ဖိနပ်တစ်ရံလောက် သွားဝယ်ပေးပါလားဗျာ"

"ဘယ်လို"

"ကျွန်တော့်ကို ဖိနပ်တစ်ရံလောက် ဝယ်ပေးပါလို့၊ လုပ်ပါဗျာ နောက်တော့ ပိုက်ဆံပြန်ပေးပါ့မယ်"

ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွားတယ်။

"ဘာ. . ဘာလို့ ငါက ဖိနပ်သွားဝယ်ပေးရမှာလဲ၊ မင်းဘာသာမင်း သွားဝယ်ပေါ့ကွ၊ အဲ, ပိုက်ဆံချေးဆိုရင်တော့ ချေးလိုက်မယ်၊ ဒါပေမယ့် မင်း တကယ်ပြန်ပေးရမှာနော်"

ကောင်မလေးမျက်နှာ ချက်ချင်းငယ်သွားတယ်။ တကယ်ပဲ စိတ်ညစ်သွားတာလား ဟန်လုပ်တာလားတော့ ကျွန်တော် မသိဘူး။

"ခင်ဗျားကလည်းဗျာ အဲဒီလိုမပြောပါနဲ့၊ ကျွန်တော်က ဖိနပ်ပြတ်ကြီးနဲ့ ဘယ်လိုသွားဝယ်မလဲဗျာ၊ အရှက်ကွဲမှာပေါ့၊ အခုတောင် ဘယ်မှမသွားရဲလို့ ရပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ညစ်သွားတယ်။ နေရင်းထိုင်ရင်း မျက်
သစ်ဆေးဝင်ဝယ်တာ ဖိနပ်အဝယ်တော်ဘဝတောင် ရောက်သွ
ပြီ။

"မင်း ငါနဲ့မတွေ့ရင် ဘယ်လိုလုပ်မလဲ"

ကောင်မလေးက သူ့ပုံစံလေးအတိုင်း သွားလေးဖြဲပြီး...

"ဟီးဟီး. . ဒီလိုပဲ ရပ်နေမှာပေါ့ဗျ၊ ပြီးတော့ ကျွန်ပေ
နားရောက်လာတဲ့လူတစ်ယောက်ကို အကူအညီတောင်းမှာပေ

"အဲဒါဆို ငါက ကံဆိုးသွားတာပဲ"

"ကံကောင်းတာပါဗျာ"

"ဘာ့ဖြစ်လို့လဲ"

"သူတစ်ပါးကို ကူညီပေးတယ်ဆိုတော့ ခင်ဗျားကုသို
ရတာပေါ့ဗျ"

ဒီကောင်မလေးနဲ့တော့ စကားယှဉ်ပြောမနေတော့ပါဘ

နောက်ဆုံး ကျွန်တော်ကပဲ အရှုံးပေးပြီး ဖိနပ်ဆိုဒ်မေးက
သွားဝယ်ပေးလိုက်ပါတယ်။

ဒါနဲ့ ပြီးမယ်ထင်လား။ ခေါင်းလျှော်ရည်ဖိုလည်း ရှင်းပေ
လိုက်ရတယ်။

ပြီးတော့ အိမ်ပြန်စရာကားခ မရှိဘူးဆိုပြီး မယ်မင်းကြီးမ
လေးက အပြန် ကျွန်တော့်ကားနဲ့ လမ်းကြုံတောင်လိုက်လာသေး
တယ်။

တစ်လမ်းလုံးလည်း ဘာတွေပြောမှန်းမသိဘူး။ ပြောလိုက်
တာစုံလို့ပဲ။ သူ့အကြောင်းလည်း ပါတယ်။ သူ့အိမ်က ကြောင်တွေ
ခွေးတွေအကြောင်းလည်းပါတယ်။ ကျွန်တော့်မှာ နားတွေကို ထူ
သွားတာပဲ။ စိတ်မပါတပေါက်နဲ့ ဆောကြာသမီးလား မေးလိုက်
တော့ ဗုဒ္ဓဟူးသမီးတဲ့။ တော်သေးတယ် သောကြာနေ့မွေးမွေးမိရင်



www.burmeseclassic.com

www.burmeseclassic.com

ပါပင်းသွားနိုင်တယ်။

သူ့အိမ်ရှေ့ရောက်တော့ ကားပေါ်ကဆင်းပြီး ကျွန်တော့်ကျေးဇူးတင်စကားပြောတယ်။ ပြီးတော့ အိမ်ထဲကို လှစ်ခနဲဝင်သွားလေရဲ့။

သူဝင်သွားတော့မှ ကျွန်တော်လည်း သတိရသွားတယ်။

အခု ကျွန်တော်စိုက်ထားတဲ့ ပိုက်ဆံတွေ ဘယ်တော့ပြန်ရမလဲ မမေးလိုက်ရဘူး။

ကျွန်တော် သက်ပြင်းချမိရင်း ပြုံးမိပါတော့တယ်။

ပြီးတော့ ရင်ထဲမှာလည်း ပျော်နေမိပါတယ်။

ဒီကောင်မလေးနဲ့ တွေ့ရတာ ပျော်စရာလေးပါ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"Happy Birthday ပါ ခင်မီမီကျော်"

ခင်မီမီကျော်က တစ်ဖက်ကနေပြီးတော့ . . .

"Thankyou ပါ ကိုဘုန်းချိမ့်"

ကျွန်တော်ပြုံးလိုက်တယ်။

"ခင်မီမီကျော်က မုန့်ကျွေးရမှာစိုးလို့ ပုန်းနေပေမယ့် ကျွန်တော်က ခင်မီမီကျော်ရဲ့ မွေးနေ့ကိုမှတ်မိနေတာ ကံဆိုးသွားတာပဲ"

တစ်ဖက်က တခစ်ခစ်နဲ့ ရယ်တယ်။ အရယ်ဆုံးသွားတော့ ကျွန်တော့်ကို . . .

"အဲဒီလို မထင်ပါနဲ့ ကိုဘုန်းချိမ့်ရယ်၊ မီက ကိုဘုန်းချိမ့်ဆီကို ဖုန်းဆက်ပြီး ဖိတ်တော့မလို့ပါ၊ မီ ဖုန်းမဆက်ခင် ကိုဘုန်းချိမ့်က အရင်ဦးအောင် ဆက်တာကိုး"

ကျွန်တော်က ခနဲ့တဲ့တဲ့အသံနဲ့ . . .

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ယုံလိုက်ပါမယ်ဗျာ ဒါပေမယ့် ဒီကမဖိတ်လည်း လာမှာပါ"

ခင်မီမီကျော် တော်တော်လေး အားရပါးရရယ်တယ်။ ပြီးတော့မှ . . .

"ယုံပါ တကယ်ပါ၊ မီ မလိမ်ပါဘူး၊ မီ ကိုဘုန်းချိမ့်ကို တကယ်ဖိတ်မလို့ပါ၊ ခစ် ခစ် အခုတစ်ခါတည်း ဖိတ်လိုက်မယ်နော်၊ ညနေ မီ့အိမ်မှာပဲ Birthday ကျင်းပမယ်သိလား၊ မီ့အိမ်ကိုတော့ ကိုဘုန်းချိမ့်သိမှာပေါ့"

ကျွန်တော်က . . .

"သိပါတယ်" လို့ပြောတော့ . . .

"အဲဒါဆို ခြောက်နာရီလောက်စမယ်၊ ဟို . . ကိုဘုန်းချိမ့် အားမယ်ဆိုရင် လာဖြစ်အောင် လာခဲ့ပါနော်"

ကျွန်တော်ကလည်း ဒါမျိုးဆို ချက်ချင်းပဲ . . .

"မအားတောင် အားအောင်လုပ်ပြီး လာမှာပါ၊ မွေးနေ့ရှင်ဘက်က ကျွေးဖို့သာစီစဉ်ထား"

ပြီးတော့ ကျွန်တော့်စကား ကျွန်တော်တွေးပြီး ပြုံးလိုက်မိတယ်။ ဟိုဘက်က အငတ်ကြီးလို့များ ထင်သွားမလားမသိဘူး။ ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးဘက်က ဒီလိုကိစ္စမျိုးတွေကို စရတာဆိုတော့ ကိစ္စတော့မရှိပါဘူး။ ငတ်ကြီးကျတယ်ထင်ရင်လည်း ပြောလိုက်ရုံပေါ့။ အချစ်ငတ်နေတဲ့ ကောင်ပါလို့ . . .

အဲဒီနောက် ကျွန်တော်ဖုန်းချပြီး ရေချိုးတယ်။ ပြင်စရာရှိတာပြင်တယ်။ သူမအတွက် အသင့်ဝယ်ထားတဲ့ ပန်းစည်းတစ်စည်းနဲ့ လူတစ်ရပ်လောက်ရှိတဲ့ ဝက်ဝံရုပ်ကြီးကို သေသေချာချာ ကားပေါ်တင်ထားလိုက်တယ်။

အမေက ကျွန်တော် လုပ်တာကိုင်တာတွေကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေလေရဲ့။ ခင်မီမီကျော်နဲ့ ကျွန်တော်နဲ့ ကိစ္စကို အမေတို့သိနေပါပြီ။ ကျွန်တော် ပြောပြထားလို့ပါ။

အဲဒါကြောင့် ရေချိုးအဝတ်အစားလဲပြီး ထွက်လာတော့ အမေက . . .

"သားကြီး မင်းတို့ကိစ္စ အခြေအနေ ဘယ်လိုရှိလဲ" တဲ့။

ကျွန်တော်က . . .

"နီးနေပြီ အမေ"

"ဟုတ်လား ကောင်မလေးကို ပြောပြီးပြီပေါ့"

"ဟင့်အင်း"

အမေက ပြုံးနေရာက တစ်ချက်မဲ့ပြီး . . .

"ဒါနဲ့များ နီးနေပြီတဲ့"

"ဟာ, အမေကလည်း နီးနေပြီဆိုတာ သူမွေးနေ့ပွဲ အချိန် နီးနေပြီလို့ ပြောတာ သွားတော့မယ်နော်"

ကျွန်တော် အမေ့ပါးလေးကိုနမ်းပြီး ထွက်ခဲ့ပါတော့တယ်။

အမေ့အတွေးထဲမှာတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ အကြောင်းတွေးပြီး မြေးတွေဘာတွေတောင် ချီနေပြီလား မသိပါဘူး။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# မွေး

နေ့က လူတွေ တော်တော်များပါတယ်။ ခင်မီမီကျော် ရဲ့ သူငယ်ချင်း အပေါင်းအသင်းတွေတင် မကဘဲ သူ့မိသားစု အသိုက်အဝန်းနဲ့ ပတ်သက်တဲ့သူတွေ ပါလာကြတာမို့ လူတော်တော် စည်တယ်။

ကျွန်တော်ရောက်သွားတော့ ခင်မီမီကျော်က အယ်လဲ ဝမ်းသာကြိုဆိုတယ်။ ပြီးတော့ သူ့သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ မိတ်ဆက်ပေးတယ်။ မိတ်ဆက်ပြီးသွားတော့ . . .

"ကိုဘုန်းချိမ့် သောက်တတ်လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ ခြံထောင့်တစ်နေရာမှာ ဖေဖေဆာဆာလေးလုပ်ထားတဲ့ ဘားကောင်တာလေးကို ညွှန်ပြတယ်။

"ဟိုမှာ စားရှိတယ် ကိုဘုန်းချိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ ခင်မီမီ ကျော်က ဆက်ပြီးပြောတယ်။

"ကိုဘုန်းချိမ့် အားမနာနဲ့နော်၊ မို့မွေးနေ့မှာ လွတ်လွတ် လပ်လပ်သာနေပါ၊ ပြီးတော့ မွေးနေ့ပြီးမှပြန်နော်၊ မီတို့ ညဥ့်နက် ရင် ပါဆယ်ဂိမ်းတွေ ကံစမ်းမဲတွေ စီစဉ်ထားတယ်၊ သီချင်းတွေလဲ ဆိုကြဦးမှာ"

ကျွန်တော် ခေါင်းညိတ်ပြီး ပြုံးပြလိုက်တယ်။

"ခင်မီမီကျော် နေစေချင်ရင် ကျွန်တော်နေပေ့ါမယ်"

ခင်မီမီကျော်က ရှက်ပြုံးလေးပြုံးတယ်။

"မို့ကို သူငယ်ချင်းတွေးခေါ်သလို မီလို့ပဲခေါ်ပါ၊ ခင်မီမီ ကျော်လို့ ခေါ်တာ မရှည်ဘူးလား"

"ကျွန်တော်က မို့သူငယ်ချင်းမှ မဟုတ်တာ"

ခင်မီမီကျော်က ခစ်ခနဲ တစ်ချက်ရယ်ပြီး . . .

"ဒီလောက် တစ်ယောက်နဲ့တစ်ယောက် ခင်မင်နေတာ တောင် သူငယ်ချင်းမဟုတ်ဘူးဆိုတော့ ဘာလဲ"

ကျွန်တော် တစ်ချက်စိုက်ကြည့်လိုက်တယ်။ ပြီးတော့ လေ သံအေးအေးနဲ့ပဲ . . .

"ကျွန်တော်က မီနဲ့ သူငယ်ချင်းမဖြစ်ချင်ဘူး"

"ရှင်"

ခင်မီမီကျော် တအံ့တသြနဲ့ ကျွန်တော့်မျက်နှာကိုကြည့် တယ်။ ကျွန်တော် စကားပြောလောသွားပြီဆိုတာကို နားလည် လိုက်ပါတယ်။ တကယ်တမ်းစဉ်းစားကြည့်တော့ ပြောဖို့အချိန်စော သေးတယ်လို့ထင်တယ်။ ဒါပေမယ့် စကားကျွံရင် နုတ်မရတော့ပါ ဘူး။ ဒီလိုပဲ ကြည့်ကောင်းအောင် ပြောရတော့မှာပေါ့။

"ကျွန်တော်ပြောတာ မိတ်ဆွေဖြစ်ချင်တာကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှပဲ ခင်မီမီကျော်က . . .

"မိတ်ဆွေလည်း သူငယ်ချင်းပဲလေ" တဲ့။

ကျွန်တော်ပြန်ပြီး ပြုံးပြလိုက်တယ်။ ဘာမှ ထပ်မပြောခင်မှာပဲ သူ့မသူငယ်ချင်းတစ်ယောက်က လာခေါ်လို့ ကျွန်တော့်ကို နှုတ်ဆက်ပြီး လိုက်သွားတယ်။

သွားခါနီး ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သွားတယ်။ ပြီးတော့ ပြုံးပြတယ်။

"ခဏနော် ပြန်လာခဲ့မယ်" တဲ့။

ဒီနေ့ည ကျွန်တော် ဘာလုပ်ရမလဲ။ အချိန်စောသေးတယ် ထင်ပေမယ့် ဖွင့်ပြောလိုက်ရင်ကောင်းမလား။

ဒါမှမဟုတ် ရေလိုက်ငါးလိုက်လေးပဲ နေလိုက်ရင် ကောင်းမလား. . ဝေခွဲမရတော့ပါဘူး။

အကောင်းဆုံးက အရက်သွားသောက်တာပဲ အေးပါတယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

**အခ**ရက်က တော်တော်စုံပါတယ်။ ကျွန်တော့်အကြိုက်တွေချည်းပဲ။ နိုင်ငံခြားဝီစကီမျိုးစုံ၊ ဝိုင်မျိုးစုံရှိတယ်။ အရက်မသောက်တတ်တဲ့လူတွေအတွက် အအေးမျိုးစုံလည်း စီစဉ်ပေးထားတယ်။

ကျွန်တော်ကတော့ ဒီနေ့ပွဲမှာ တစ်ယောက်တည်း အဖော်မရှိပေမယ့် အရက်ရှိနေတော့ အဆင်ပြေတယ်။ ပြီးတော့ ခင်မီမီကျော် မိတ်ဆက်ပေးထားလို့ သိနေတဲ့ သူမ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ ထွေရာလေးပါးပြောနေလိုက်တယ်။

အဲဒီလိုနဲ့ အရက်သောက်လိုက် စကားပြောလိုက်လုပ်နေတဲ့ ကျွန်တော့်ရှေ့ကို ကောင်မလေးတစ်ယောက်လာရပ်တယ်။

ရုတ်တရက်ဆိုတော့ အဲဒီကောင်မလေးကို ကျွန်တော်ကြောင်ပြီး ကြည့်နေမိတယ်။ ကောင်မလေးကလည်း ကျွန်တော့်ကို တအံ့တဩကြည့်ပြီး . . .

"ခင် . . ခင်ဗျား ဒီရောက်နေတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အံ့အံ့ဩဩလေသံနဲ့ . . .

"ဟုတ်. . ဟုတ်တယ် မင်းက ဘယ်လိုဒီရောက်နေတာလဲ"

ကောင်မလေးက ကျွန်တော့်စကားကို မဖြေဘဲ . . .

"အဲဒါထားလိုက်ပါ၊ ခင်ဗျားက မမမီနဲ့ သိလို့လား"

"မမမီဆိုတာ ဩော်, ခင်မီမီကျော်ကို ပြောတာလား"

ကောင်မလေးက . . .

"ဟုတ်တယ်"

"သိတယ်လေ သိလို့ ဒီကိုလာတာပေါ့"

ကောင်မလေးက မျက်မှောင်ကြုတ်ပြီး . . .

"ကျွန်တော့်ကို အစောကြီးက ဘာလို့မပြောတာလဲ"

"ဟင်, မင်းကိုပြောရအောင် စကားစပ်မိလို့လား၊ မင်းနဲ့တွေ့လိုက်ရင် အမြဲပြဿနာတွေပဲ တက်နေရတာလေ"

ကောင်မလေးက ရှက်ရှက်နဲ့ သွားလေးဖြဲပြီး . . .

"ခင်ဗျားကလည်းဗျာ ဒါပဲပြောနေတာပဲ"

"ကဲပါ ငါ ဒီကိုရောက်တဲ့အကြောင်း ပြောပြီးသွားပြီ၊ မင်း ဒီကို ဘယ်လိုရောက်လာတယ်ဆိုတာ ပြောပါဦး"

ကျွန်တော့်စကားကြောင့် ကောင်မလေးက ခင်မီမီကျော်တို့ဘက် လှည့်ကြည့်ပြီးတော့ . . .

"ကျွန်တော်နဲ့ မမမီက ညီအစ်မဝမ်းကွဲလေ၊ အဲဒါကြောင့် ဒီနေ့ မမမီမွေးနေ့ကိုလာတာ"

ကျွန်တော် မျက်လုံးချက်ချင်းပြူးထွက်သွားတယ်။

"ညီအစ်မ ဟုတ်လား"

ကောင်မလေးက ခေါင်းညိတ်ပြတော့ . . .

"ဒါ. . ဒါဆို ယဉ်ယဉ်သိန်းနဲ့ ညီအစ်မပေါ့"

ကောင်မလေးက တစ်ချက်တွေဝေသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်, မဟုတ်ဘူး၊ မယဉ်ယဉ်သိန်းနဲ့က ဟိုဘက်မျိုး ဒီဘက်မျိုး ကျွန်တော်က မမမီတို့ အမေဘက်က တော်တာ၊ မယဉ်ယဉ်သိန်းတို့က အဖေဘက်က"

ကျွန်တော် သဘောပေါက်သွားပြီ။ အခုလိုအချိန်မှာ ကောင်မလေးနဲ့ တွေ့လိုက်ရတာလည်း ပိုကောင်းသွားတယ်။ ကျွန်တော့်မှာ ရင်းရင်းနှီးနှီးစကားပြောဖော် ရသွားသလို သူမက လည်း ခင်မီမီကျော်ညီမ ဖြစ်နေလို့ ကျွန်တော်သိချင်တာ မေးလို့ ရတယ်။

အဲဒါကြောင့် ကျွန်တော် ကောင်မလေးကိုခေါ်ပြီး လူရှင်းတဲ့စားပွဲတစ်လုံးမှာ ထိုင်လိုက်ကြတယ်။

ထိုင်ပြီးသွားတော့ ကျွန်တော်ကစပြီး . . .

"အပြန်ကျရင် ဘယ်သူနဲ့ပြန်မှာလဲ"

ကောင်မလေးက သူ့လက်ထဲက အအေးဘူးလေးကို တစ်ချက်စုပ်လိုက်တယ်။ ပြီးမှ . . .

"အိမ်က ကားလာကြိုမှာ"

"ဩော်"

"ဘာလုပ်မလို့လဲ အပြန်လမ်းကြုံခေါ်မလို့လား"

ကျွန်တော်ကလည်း အဲဒီရည်ရွယ်ချက်နဲ့ပဲ မေးတာပါ။ သူမကပဲ စပြောတယ်ဆိုတော့ ခေါင်းညိတ်ပြလိုက်တယ်။

"ဒါဆို ပို့အဆင်ပြေတာပေါ့၊ ဒယ်ဒီ့ကို ကားမလွှတ်နဲ့လို့ ဖုန်းဆက်လိုက်မယ်"

ကျွန်တော်က သူမကိုစိုက်ကြည့်လိုက်ပြီး . . .

"မင်းဒယ်ဒီက ငါနဲ့ပြန်တာ စိတ်ချပါ့မလား"

ကောင်မလေးက တစ်ချက်ရယ်လိုက်ပြီး . . .

"ခင်ဗျားနဲ့လို့တော့ ပြောမလားဗျ၊ မမမီသူငယ်ချင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ လမ်းကြုံလို့လိုက်ပြန်လာခဲ့မယ်လို့ ပြောလိုက်မှာပေါ့"

ကျွန်တော် သဘောကျစွာ တစ်ချက်ရယ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ခင်မီမီကျော်က ကျွန်တော်တို့ဝိုင်းကို ရောက်လာတယ်။ ကျွန်တော်နဲ့ ကောင်မလေးနဲ့ စကားပြောနေတာကိုတွေ့တော့ . . .

"ဟယ်, လင်းလင်းနဲ့ ကိုဘုန်းချိမ့်နဲ့က သိနေတာလား"

ကျွန်တော် ရှင်းမပြခင်မှာပဲ ကောင်မလေးကဝင်ပြီး . .

"ဟုတ်တယ် မမမီရဲ့ သူနဲ့ကျွန်တော်နဲ့က တစ်ရပ်ကွက်တည်းနေတာ"

ခင်မီမီကျော်က တအံ့တဩ အမူအရာလေးနဲ့ . . .

"သြော်, ကိုဘုန်းချိမ့်လည်း လင်းလင်းတို့နဲ့ အတူတူကိုး"

ကျွန်တော် ပြုံးပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။

အဲဒီနောက် ခင်မီမီကျော်ပါ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်ပြီး စကားတွေပြောနေကြတယ်။

သူ့ညီမက ဆိုးကြောင်း၊ တစ်ဦးတည်းသောသမီးဆိုတော့ ဝိုင်းအလိုလိုက်ထားလို့ ကဲနေကြောင်း စသည်ဖြင့် ကောင်မလေးရှေ့မှာပဲ ကျွန်တော့်ကို နောက်သလိုပြောင်သလို ပြောနေတယ်။

ကောင်မလေးကတော့ တစ်ချက်တစ်ချက် ခင်မီမီကျော်ကို လှမ်းလှမ်းရိုက်ပြီး စိတ်ကောက်တဲ့အမူအရာ လုပ်ပြတယ်။

ခင်မီမီကျော်ကြည့်ရတာ သူ့ညီမကို တော်တော်ချစ်ပုံရပါတယ်။ စိတ်ကောက်သွားရင် ပြန်ချော့တယ်။ စိတ်ပြေသွားရင် ပြန်စတယ်။ ကျွန်တော်ကတော့ သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးနေမိတယ်။

နောက်တော့ ခင်မီမီကျော်က ကျွန်တော့်ဆက်လှည့်ပြီး . .

"ညီမလေးကို အမြင်မတော်တာရှိရင် ဆုံးမပါ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘူး။

သူညီမ အမြင်မတော်တိုင်း ဆုံးမရရင် ကျွန်တော်ပင်ပန်းပြီး လဲသေသွားဖို့ပဲရှိတယ်။ ဒါပေမယ့် စကားလှအောင်လို့. . .

"အခုထိတော့ မတွေ့သေးပါဘူး၊ တွေ့ရင် မီ့ကို ကျွန်တော်ပြောမယ်လေ"

သူမကို မီလို့ နာမ်စားသုံးလိုက်တာကို သတိထားမိသွားပုံရပါတယ်။ ကျွန်တော့်ကိုကြည့်တဲ့ မျက်ဝန်းမှာ ဝင်းခနဲတစ်ချက်လက်သွားတယ်။

ကောင်မလေးကတော့ သူ့အစ်မ မမြင်အောင် ကျွန်တော့်ကို လက်သီးထောင်ပြလေရဲ့။

ကျွန်တော်ကလည်း သူ့အစ်မ မသိအောင် ခုံအောက်ကနေ သူမခြေထောက်ကို ဖြည်းဖြည်းလေး လှမ်းကန်လိုက်ပါတယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်

တော်နဲ့ ကောင်မလေးရဲ့ ရင်းနှီးမှုက အဲဒီနေ့ကစပြီး တဖြည်းဖြည်းပြောင်းလဲသွားတယ်။ တဖြည်းဖြည်း ပိုရင်းနှီးလာတာကို ဆိုလိုတာပါ။

တကယ်တမ်း ရင်းနှီးသွားတော့မှ သူမကို ကျွန်တော် နားလည်သွားတယ်။ တကယ်တမ်းကျတော့ ကောင်မလေးဟာ စိတ်ရင်းစေတနာကောင်းတဲ့သူ တစ်ယောက်ပါ။ တစ်ဦးတည်းသော သမီးဖြစ်ပြီး ပတ်ဝန်းကျင်က အလိုလိုက်ထားလို့ စိတ်ထဲရှိတာလေးတွေ လျှောက်လုပ်နေတာကလွဲရင် ကျန်တာက ကောင်းပါတယ်။

ဥပမာ - သူတစ်ပါးအပေါ် ကူညီတတ်တယ်။ အဲဒါက ကျွန်တော့်လက်တွေ့။

သူ့ကို ကျွန်တော် ခင်မီမီကျော်နဲ့ပတ်သက်မှုကို တစ်ရက်မှာ ပြောပြလိုက်တော့ သူ အံ့ဩသွားတယ်။ ပြီးတော့ ကျွန်တော့်ဘက်က သူ့အစ်မကို တကယ်ချစ်နေတာလားလို့ မေးတယ်။

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ သူက ပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . .

"ခင်ဗျားဘက်က တကယ်ဆို ကျွန်တော်ကူညီပေးမယ်" တဲ့ . . .

သူမဘက်က အဲဒီစကားမျိုး ထွက်လာလိမ့်မယ်လို့ ကျွန်တော် တကယ်မထင်မိခဲ့ဘူး။ ကျွန်တော် သူ့ကို ခင်မီမီကျော်နဲ့ ပတ်သက်မှုကို ပြောပြလိုက်တာလည်း အဲဒီလိုအကူအညီလိုချင်လို့ ပြောပြခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မီမီကျော်အကြောင်း လေး သူသိသွားစေချင်တာ တစ်ခုပါပဲ။ တော်ကြာ သိပ်လွယ်တာ မဟုတ်ဘူးလေ။ သူ့အကြောင်းလည်း သိတဲ့အတိုင်း။ စသလို နောက်သလိုနဲ့ ကျွန်တော့်အကြောင်းတွေ ပေါက်တက်ကရ လျှောက် ပြောနေမှာစိုးလို့ပါ။

ဒါပေမယ့် အခုလို သူ့ဘက်က အလိုက်တသိကူညီပေး မယ်ဆိုတော့ ကျွန်တော့်ဘက်က တဖွားပေါ့။ သူကူညီတာကလည်း ခရီးရောက်ပါတယ်။ ခင်မီမီကျော်ရဲ့ ရာဇဝင်ကိုပါ ကျွန်တော်သိ ရတယ်။ ပြီးတော့ ခင်မီမီကျော် ဘယ်သွားမယ် ဘယ်လာမယ်က အစ ကျွန်တော် သိနေရတယ်။

ကျွန်တော် သုံ့ပြောလာသမျှ သိရတာကတော့ ခင်မီမီ ကျော်မှာ လက်ရှိရည်းစားတော့ မရှိသေးပါဘူး။

ဒါပေမယ့် ကျွန်တော့်လိုကြိုးစားနေသူတွေကတော့ အများ ကြီးပါ။ ဒီအထဲက ခင်မီမီကျော်က သူမစိတ်ကြိုက် ရွေးနေပုံရပါ တယ်။

ဒါတွေကလည်း ပြဿနာရှိလှတယ်တော့ မဟုတ်ဘူး။

မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်ကိုချဉ်းကပ်နေသူ တွေထဲက သူတို့စိတ်ကြိုက် ရွေးခွင့်ရှိတာပဲလေ။ ဒါတွေကသူတို့ရဲ့ အခွင့်အရေးပဲ။ ကျွန်တော်တို့ ယောက်ျားလေးတွေလည်း လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘယ်မိန်းကလေးကိုမဆို ကြိုးစားခွင့်ရှိနေတာပဲ။

တစ်လက်စတည်း စကားစပ်မိလို့ သူ့အကြောင်းကိုပါ ကျွန်တော်စူးစမ်းမိတယ်။

"လင်းလင်းမှာရော ရည်းစားတွေဘာတွေ မရှိဘူးလား"

အဲဒီအမေးစကားကြားတော့ ကောင်မလေးက ကျွန်တော့်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက်ထရယ်တယ်။

"ခင်ဗျားကလည်း လုပ်ပြီ၊ ကျွန်တော့်ကို ဘယ်သူကကြိုက်မှာလဲဗျ" တဲ့. . .။

ကျွန်တော်ပြုံးလိုက်တယ်။ ပြီးတော့ အမှန်တရားတစ်ခုကို ပြောလိုက်မိတယ်။

"လင်းလင်းက ဒီလောက်ချစ်စရာကောင်းတာ ဘာလို့မကြိုက်ရမှာလဲ"

အဲဒီစကားကြားတော့လည်း ရယ်နေပြန်ရော. . .

"ကျွန်တော့်အကြောင်းလည်း သိရဲ့သားနဲ့ဗျာ၊ ဘယ်ယောကျ်ားလေးက စိတ်ရှည်မှာလဲ"

လို့ပြန်ပြောတယ်။

ကျွန်တော် ဘာမှထပ်မပြောတော့ဘဲ ရယ်နေလိုက်ပါတယ်။ သူပြောတာလည်း မှန်နေပြန်ရော။ စိတ်ထဲ ထင်ရာလျှောက်လုပ်တတ်တဲ့ ကောင်မလေးကို ယောကျ်ားလေးတွေ လန့်ပုံရပါတယ်။ ကျွန်တော်တောင် သူနဲ့တွေ့တဲ့အခါတိုင်း အလူးအလဲခံခဲ့ရသေးတာပဲ။ ကျွန်တော့်လို ဘယ်သူတွေ ဘယ်နှယောက်လောက် ဒုက္ခရောက်ခဲ့မှန်းမှ မသိတာ။

ဒါပေမယ့် အခုတော့ ကောင်မလေးက ကျွန်တော့်ရဲ့ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်လို ဖြစ်နေပါပြီ။ သူနဲ့တွေ့ရင် ကျွန်တော်ပျော်တယ်။ သူ့ရဲ့အနှောင့်အယှက်ကိုခံရတာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးတယ်။ သူရဲ့ဆိုးနွဲ့ပုံလေးတွေဟာ ညီမလေးတစ်ယောက်လို ချစ်စရာကောင်းတယ်။

ပြီးတော့ ကျွန်တော့်ကိုလည်း သူ တော်တော်နားလည်တယ်။ အရင်က သူ့ကြောင့် ဒုက္ခရောက်ခဲ့ရတာတွေကိုလည်း အလေးအနက် တောင်းပန်ရှာပါတယ်။

ပြီးတော့ သူ့အစ်မနဲ့ကိစ္စကိုလည်း ကူညီပေးမယ်တဲ့။

ကျွန်တော့်ရင်ထဲ ပျော်မိပါတယ်။ သူ့ကိုလည်း တော်တော်ခင်သွားပါတယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"သေ
ချာရဲ့လားကွာ"

"သေချာပါတယ်ကွာ လင်းလင်းကိုယ်တိုင် ငါ့ကိုအသေအချာပြောတာ"

ဝင်းအောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းကုတ်လိုက်ကြတယ်။ မျက်နှာတွေကြည့်ရတာ တော်တော်စိတ်ပျက်နေပုံလည်း ရပါတယ်။

ဟုတ်တော့လည်းဟုတ်တယ်။ ကျွန်တော်တို့ရောက်နေတာ တစ်နာရီလောက်ရှိပြီ ခင်မီမီကျော်နဲ့ တူတဲ့လူတောင် မတွေ့သေးဘူး။

"ယတြာချေတာ တခြားဟာလုပ်ပါလားကွာ၊ တိရစ္ဆာန်ရုံလာပြီး မျောက်အစာကျွေးရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား"

ထွန်းနိုင်က မသင်္ကာသလိုပုံစံနဲ့ ကျွန်တော့်ကိုကြည့်ပြီးပြောတယ်။ ကျွန်တော်က လမ်းဘက်ကိုမျှော်ကြည့်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆိုကွာ. . ပေါက်ပေါက်မြောက်မြောက် ဖြစ်ချင်လို့ မျောက်စာကျွေးတာဆိုလား"

အားလုံးဆီက သက်ပြင်းချသံကြားရတယ်။ ဒီလိုနဲ့ ဆက်စောင့်လာခဲ့တာ (၁၅)မိနစ်လောက်ကြာတော့ ခင်မီမီကျော်တို့ရောက်လာတယ်။ ခင်မီမီကျော် တစ်ယောက်တည်းတင်မဟုတ်ဘူး။ သူ့သူငယ်ချင်းကောင်မလေးတွေ သုံးလေးယောက်လောက်ပါတယ်။

ဝင်းအောင်တို့က ခင်မီမီကျော်နဲ့ပါလာတဲ့ ကောင်မလေးတွေကိုကြည့်ပြီး မျက်နှာတွေဝင်းကုန်တယ်။ ပင်ပန်းရကျိုးနပ်ပြီလို့လည်း မကြားတကြားဆိုကြတယ်။

ခင်မီမီကျော်က ကျွန်တော်တို့ကို မမြင်သေးဘူး။

ကျွန်တော်တို့လည်း ကြိုတင်ကြံစည်ထားတဲ့အတိုင်း သူတို့ကို မမြင်ချင်ယောင်ဆောင်နေလိုက်တယ်။ ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး။ ခင်မီမီကျော်တို့ကပဲ စပြီး မြင်သွားပါတယ်။

မမြင်ခံနိုင်ရိုးလား။ ကျွန်တော်တို့က သူတို့လာမယ့်လမ်းတည့်တည့်မှာ မမြင်မြင်အောင် ပြူးပြူးကြီးရပ်နေတာကိုး။

"ဟယ်, ကိုဘုန်းချိမ့်တို့ပါလား ဘယ်လာတာလဲ"

"ဩော်, မီပါလား ဘယ်လိုလုပ်ရောက်လာတာလဲ"

ကျွန်တော့်အိုက်တင် ပီပြင်လွန်းလို့ ဟိုကောင်တွေ တစ်ချက်ပြုံးသွားတယ်။ ခင်မီမီကျော်က . . .

"မီလည်း ဒီကိုကိစ္စရှိလို့ ခဏလာတာ၊ ကိုဘုန်းချိမ့်ကရော"

ကျွန်တော် ခင်မီမီကျော်စကားဆုံးတော့ ဝင်းအောင်ဘက်လှည့်ကြည့်ပြီး . . .

"ဒီကောင်လေ ဆင်စာကျွေးချင်တယ်ပြောလို့ လာရတာ"

ကျွန်တော့်စကားလည်းဆုံးရော ခင်မီမီကျော်က ဝင်းအောင်ဘက်လှမ်းကြည့်ပြီးတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်းအောင်က ဆင်ချစ်လို့လား"

"ဗျာ"

ဝင်းအောင် အူကြောင်ကြောင်နဲ့ ခင်မီမီကျော့်ကိုကြည့်တယ်။ ကျွန်တော် လက်ကုတ်လိုက်တော့မှ သတိဝင်ပြီး . . .

"အဲ, ဟုတ် ချစ် . . ချစ်တယ်လည်းမဟုတ်ပါဘူး၊ မချစ်ဘူးလည်း မဟုတ်ဘူး၊ ဒါပေမယ့် တိရစ္ဆာန်တွေတော့ သနားတယ်"

ခင်မီမီကျော့်က ပြုံးလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့အားလုံးကို ခြုံကြည့်ပြီး . . .

"ကိုဘုန်းချိမ့်တို့ တခြားသွားစရာမရှိရင် မီတို့နဲ့လိုက်ခဲ့ပါလား၊ မီတို့က မျောက်စာသွားကျွေးမလို့လေ"

ကျွန်တော့်ခန္ဓာကိုယ် လေထဲမှာ မြောက်ခနဲဖြစ်သွားတယ်။ ဟိုကောင်တွေလည်း ဣန္ဒြေပျက်လောက်အောင် မျက်နှာတွေဖြီးတက်လာတယ်။

သူတို့က ခင်မီမီကျော့်နဲ့ပါလာတဲ့ဟာလေးတွေကို ချိန်နေတာကိုး။

ဒါပေမယ့် ယောက်ျားတွေရဲ့ မာယာအတိုင်း နည်းနည်းပါးပါး အင်တင်တင်လုပ်ပြီးမှ . . .

"လိုက် . . လိုက်ခဲ့မယ်လေ၊ ကိုယ်တို့လည်း ဒီနေ့ ဘယ်မှသွားစရာမရှိပါဘူး၊ ဒီကိုပဲသက်သက်လာတာ ဆင်ကျွေးဖို့"

အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ ခင်မီမီကျော့်တို့နဲ့ အဖွဲ့ကျသွားပါတော့တယ်။

ဝင်းအောင်တို့ကလည်း သိတဲ့အတိုင်း ဒါမျိုးဆိုရှေ့ဆုံးက။ ဝင်းအောင်က မျက်မှန်လေးနဲ့ကောင်မလေးကို၊ ထွန်းနိုင်က ဆံပင်ကုပ်ဝဲလေးနဲ့ ညိုတိုတိုကောင်မလေးကို၊ အောင်ကိုက နည်းနည်းဝဝကောင်မလေးကို . . .



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ခွဲတမ်းချပစ်လိုက်တော့တယ်။
ကျွန်တော်ကတော့ မှီအနားက မခွာတော့ဘူးပေါ့။
ဒီအချိန်က အခွင့်အရေးလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ခင်

မိမိကျော်တို့က မျောက်တွေကိုအားရပါးရကျွေးတယ်။

ကျွန်တော်တို့ကလည်း သူတို့နဲ့အပြိုင် အားရပါးရလိုက်ကျွေးတယ်။ အားလုံးပျော်နေကြတယ်။ မျောက်စာကျွေးပြီးတော့ လူတွေလည်း ဗိုက်ဆာလာပါပြီ။

ထွန်းနိုင်ဆို မျောက်ကိုကျွေးမယ့် ငှက်ပျောသီးကို စားမယ် လုပ်နေလို့ မနည်းတားထားရတယ်။

အဲဒီတော့ အပြင်မှာ တစ်ခုခုသွားစားဖို့ စီစဉ်ကြတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ပြဿနာက စတော့တာပဲ။

"ဟော့. . ဟော့ကောင် ဝင်းအောင် ငါ. . ငါ အိမ်သာတက်ချင်လာပြီ"

"ဟန်"

"အိမ်သာတက်ချင်လို့လို့"

"ဟာ, အောင့်ထားကွာ ဒီမှာမိုက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းအောင်က ခုန်ဆွခုန်ဆွနဲ့ ကျွန်တော့်ဘေးကခွာပြီး လေးလုံးလေးနား ပြန်ကပ်သွားတယ်။ ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်။ ထွန်းနိုင်နဲ့ အောင်ကိုတို့ကို ပြောပြတော့လည်း အိမ်သာကို ကူရှာပေးမယ်လို့တော့ စိတ်မကူးဘူး။

"ဘာမျှာလဲလို့ကွာ" ဆိုတဲ့အကြည့်တွေနဲ့ပဲ ကြည့်ပြီး သူတို့ ပုံမှန်လုပ်နေကျအလုပ်တွေကို ဆက်လုပ်တယ်။

ကျွန်တော်မရတော့ဘူး။ လူတစ်ကိုယ်လုံး တွန့်လိမ်ပြီး တင်ပါးကို မနည်းကျုံ့ထားရတယ်။ကျွန်တော့်ရဲ့ ပျက်ယွင်းနေတဲ့ အမူအရာကို ခင်မီမီကျော် ကကြည့်ပြီး . . .

"ကိုဘုန်းချိမ့် ဘာဖြစ်လို့လဲ"

"ကျွန်. . ကျွန်. . ကျွန်တော် မရတော့ဘူး"

"ရှင်"

"ဟုတ်. . ဟုတ်တယ် ခဏလေးနော်"

ကျွန်တော် သူတို့နဲ့လမ်းခွဲပြီး ခြေဦးတည့်ရာပြေးထွက်ခဲ့တယ်။ နီးစပ်ရာလူတွေကို အိမ်သာဘယ်နားရှိလဲ လိုက်မေးတယ်။ ကမ္ဘာမီးလောင်လို့ သွေးရူးသွေးတန်း လျှောက်ပြေးနေတဲ့ အရူးတစ်ယောက်လို လူတွေက ကျွန်တော့်ကိုကြည့်တယ်။ ပြီးတော့ အိမ်သာရှိရာကို ညွှန်ပြတယ်။

တော်သေးတယ်. . အများသုံးအိမ်သာတစ်ခုကို တွေ့လို့။

ကျွန်တော် အိမ်သာထဲဝင်ပြီး ထိုင်ချလိုက်ချိန်မှာ စိတ်ထဲမှာပေ့ါပါးသွားပါတော့တယ်။ အချစ်ဟာ အိမ်သာတက်ချင်တာလောက် အရေးမကြီးဘူးဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်။ ကျွန်တော် ခုနတုန်းက ခင်မီမီကျော်ကို ခဏမေ့သွားတယ်။ ကမ္ဘာစစ်ဖြစ်ရင်တောင် ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးက အိမ်သာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုစွပြီးသွားတော့ သန့်ရှင်းရေးလုပ်ပြီးထ တယ်။ ချွတ်ထားတဲ့ပုဆိုးကို လှမ်းကြည့်လိုက်တော့ . . .

"ဟာ"

ရင်ထဲမှာ ဒိန်းခနဲပဲ။ ရုတ်တရက်ဆိုတော့ ချွတ်ထားတဲ့ နေရာကို ကြောင်တောင်တောင်နဲ့ ကျွန်တော်ကြည့်နေမိတယ်။

"ပုဆိုး . . ပုဆိုး ဟာ . . ဘယ် . . ဘယ်ရောက်သွားလဲ"

ချွတ်ထားတဲ့နေရာမှာ ကျွန်တော့်ပုဆိုးမရှိတော့ဘူး။

ကျွန်တော့်မျက်လုံးတွေ ချက်ချင်းပြာသွားတယ်။ အဲဒါမှ ဒုက္ခအကြီးအကျယ်ရောက်ပြီ။

အိမ်သာရဲ့ ကာထားတဲ့အုတ်နံရံလေးက လေဝင်ပေါက် အနေနဲ့ တစ်ပေလောက်အပေါ်မှာချန်ထားတယ်။ အဲဒီနေရာမှာ ကျွန်တော်က ပုဆိုးကိုချွတ်ပြီးတင်ထားတယ်။ အခု အဲဒီပုဆိုး ဘယ်သူဆွဲသွားမှန်း မသိတော့ဘူး။

ကျွန်တော် ဘာလုပ်ရမလဲ?

ချွေးတွေတစ်ကိုယ်လုံး ရွှဲနစ်လာပြီ။ နောက်တော့ ကြံရာ မရတဲ့အဆုံးမှာတော့ ကျွန်တော် အိမ်သာခန်းထဲက ထွက်လိုက် တယ်။ အိမ်သာခန်းကထွက်တော့ အပေါ့အပါးသွားဖို့ လုပ်ထားတဲ့ နေရာမှာ လူတစ်ယောက်လောက် တွေ့လိုတွေ့ငြား ရှာမိတယ်။ တကယ်လို့တွေ့ရင် တွေ့တဲ့လူကို အကူအညီတောင်းမလို့ပါ။

ဒါပေမယ့် ကံကြမ္မာဟာ အဖော်အပေါင်းနဲ့ လာသူပါ။

ကံမကောင်းလို့ ပုဆိုးခိုးခံရတဲ့အပြင် အိမ်သာခန်းထဲမှာ တစ်ယောက်မှ မတွေ့ဘူး။ ကျွန်တော် အချိန်တော်တော်ကြာတဲ့ အထိ စောင့်ကြည့်နေသေးတယ်။ ဒါပေမယ့် ဘယ်သူမှမလာဘူး။ ဒီနေ့မှ ဘယ်လိုဖြစ်တယ်မသိဘူး။ တစ်ယောက်မှ အပေါ့အပါးလေး တောင် မသွားချင်ကြတော့ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကျွန်တော် အိမ်သာခန်းကြီးထဲက အပြင်ကို ခေါင်းပြူကြည့်လိုက်တယ်။ အပြင်မှာလူရှင်းနေတယ်။ ခပ်လှမ်းလှမ်းမှာ အအေးဆိုင်လိုဟာလေးတစ်ခု တွေ့ရတယ်။ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ . . .

တွေ့ပြီ . . . ကျွန်တော့်ပုဆိုးကို တွေ့တာတော့မဟုတ်ဘူး။ စားပွဲခင်းအဖြူရောင်တစ်ခု လှန်းထားတာကို သွားတွေ့တာပါ။ ကျွန်တော် စဉ်းစားလိုက်တယ်။ ဒီအချိန်မှာ အရှက်ကိုကာကွယ်ဖို့အတွက် ဒီစားပွဲခင်းပဲရှိတယ်။

ကျွန်တော် အဲဒီစားပွဲခင်းကို လူလစ်တုန်းပြေးဆွဲလိုက်မယ်။ ပြီးတော့ ခါးမှာပတ်ပြီးအပြင်ထွက်မယ်။ လုံခြုံရေး တစ်ယောက်ယောက်ကို အကူအညီတောင်းပြီး ဝင်းအောင်တို့နဲ့ဆက်သွယ်ခိုင်းမယ်။ အားလုံးပြီးသွားတော့မှ ပိုင်ရှင်ကို စားပွဲခင်းဖိုး အစားပြန်ပေးလိုက်မယ်လို့ တွေးလိုက်မိတယ်။

အဲဒီအတွေးအတိုင်းလုပ်ဖို့ ကျွန်တော် ပတ်ဝန်းကျင်ကို ကြည့်တယ်။ လူရှင်းတော့ အင်္ကျီကို အတတ်နိုင်ဆုံး အောက်ကိုဆွဲချပြီး လျှင်မြန်တဲ့အရှိန်နဲ့ ကျွန်တော်ပြေးထွက်ပစ်လိုက်တယ်။

စားပွဲခင်းလှန်းထားတဲ့နေရာက သိပ်မဝေးတော့ ခဏလေးအတွင်းပဲ ကျွန်တော်ရောက်သွားတယ်။ ပြီးတော့ စားပွဲခင်းကို အမြန်ယူပြီး ခါးမှာပတ်လိုက်ချိန်မှာ . . .

"ဟေ့လူ ဒါ . . ဒါ ဘာလုပ်တာလဲ"

ကျွန်တော် မော့ကြည့်လိုက်တော့ လူတစ်ယောက် ကျွန်တော်နဲ့ရွယ်တူလောက်ဖြစ်လိမ့်မယ်။ ကျွန်တော်လည်း ကြောင်တောင်တောင်နဲ့ သူ့ကိုကြည့်နေတုန်းမှာ . . .

"ခင်ဗျား ဘာလုပ်တာလဲဗျ ကျုပ်ပစ္စည်းကို"

"ဟို . . တောင်း တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



. . ပုဆိုးမရှိတော့လို့ပါ"

"ဟင်"

ကိုတော်ချောက မျက်လုံးပြူးပြီး ကျွန်တော့်အောက်ပိုင်းကို ငုံ့ကြည့်တော့ . . .

"မယုံရင် ကျွန်တော်ပြပါ့မယ်၊ ကျွန်တော့်ပုဆိုး တကယ်မရှိတော့တာပါ"

"အလို"

ဒီကောင် မမြင်ဖူးတဲ့ ဂြိုဟ်သားတစ်ကောင်လို ကျွန်တော့်ကိုကြည့်တယ်။ ပြီးတော့ ကျွန်တော့်အောက်ပိုင်းကို ကြည့်တယ်။

"ဟင့်အင်း ကြည့်လည်းမကြည့်ချင်ဘူး၊ ခင်ဗျားပုဆိုးပါတာ မပါတာ ကျွန်တော်နဲ့မဆိုင်ဘူး၊ ကျွန်တော့်စားပွဲခင်းပြန်ပေး"

ကျွန်တော် ကြောက်အားလန့်အားနဲ့ . . .

"မလုပ်ပါနဲ့ဗျာ တောင်းပန်ပါတယ်၊ ဝယ်ဆိုဝယ်ပါ့မယ်"

အဲဒီလိုပြောနေချိန်မှာပဲ အဲဒီလူနားကို မိန်းမတစ်ယောက်ရောက်လာပြီး . . .

"ဟဲ့ ဒီမှာဘာလုပ်နေတာလဲ၊ ဟိုမှာ လူကျ. . ကျ. . ဟင်ဒါဘာယ်လိုဖြစ်. . ."

အဲဒီမိန်းမက စားပွဲခင်းကြီး ဝတ်ထားတဲ့ ကျွန်တော့်ကိုကြောင်တောင်တောင်နဲ့ကြည့်တယ်။ ပြီးတော့ ခုနလူကို ပြန်ကြည့်တယ်။ ခုနလူက . . .

"သူ့မှာ ပုဆိုးပါမလာလို့တဲ့၊ အဲဒါ ငါတို့ စားပွဲခင်းကိုဝင်ရုပ်တုန်းမိတာ"

ခုနမိန်းမ မျက်လုံးပြူးသွားတယ်။

"ပုဆိုး. . ပုဆိုး မပါဘူးဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ သူက ပုဆိုးမပါဘဲ ဒီကိုဘယ်လိုလာလဲ အရှူးလား"

"အရူးတော့ မဟုတ်လောက်ဘူးဟ၊ သူ့ကြည့်ရတာတော့ အကောင်းလိုပဲ"

မိန်းမက ခေါင်းကုတ်တယ်။ ကျွန်တော့်ကိုလည်း ကွက်ကြည့်ကွက်ကြည့်လုပ်ပြီး ထွက်သွားတယ်။ ခဏကြာတော့ လုံခြုံရေး ဝန်ထမ်းနှစ်ယောက်ခေါ်ပြီး ပြန်ရောက်လာတော့တယ်။

ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်။ ဇာတ်လမ်းကတော့ရှုပ်ပြီ။ အရေးထဲ ဟိုကောင်တွေ ဘယ်ရောက်ကုန်လဲ မသိတော့ပါဘူး။

ကျွန်တော့်ဖြစ်ပျက်ပုံတွေကို လုံခြုံရေးဝန်ထမ်းနဲ့ ခုနစားပွဲခင်းပိုင်ရှင်တွေကို သေချာရှင်းပြရပါတယ်။ အားလုံးက ပြုံးစိစိနဲ့ ကျွန်တော့်အကြောင်း နားထောင်နေချိန်မှာ . . .

"ဟာ၊ ဘုန်းချိမ့် ဘယ်လိုဖြစ်သွားတာလဲ"

လှည့်ကြည့်လိုက်တော့ ဝင်းအောင်တို့။

ကျွန်တော် ပျော်သွားပါတယ်။ ဒီကောင်တွေရောက်လာတော့ ကျွန်တော့်ဘက်က အားရှိသွားတာပေါ့။

ဒါပေမယ့် ခင်မီမီကျော်တို့ပါ ပါလာတော့ သေလောက်အောင်ရှက်မိတယ်။ အကြောင်းစုံကို သိသွားတော့ အားလုံးဝိုင်းရယ်ကြတယ်။

အဲဒီအချိန်မှာပဲ လုံခြုံရေးတစ်ယောက်က အိမ်သာခန်းထဲကထွက်လာပြီး ကျွန်တော့်ကို ပုဆိုးတစ်ကွင်းလာပြတယ်။

ပုဆိုးကိုကြည့်လိုက်တော့ ကျွန်တော့်ပုဆိုး။

"ဟင်၊ ဒါ . . ဒါ ဘယ်ကရတာလဲ"

"ခင်ဗျားဝင်တဲ့ အခန်းဘေးမှာ ကျနေတာပဲလေ ခင်ဗျားက ဘေးခန်းကို ဖွင့်မှမကြည့်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟား. . . ကျွန်တော် ပျော်လည်းပျော်တယ်။ ရှက်လည်း ရှက်တယ်။ ဒါပေမယ့် ပုဆိုးက ဝတ်လို့မရတော့ဘူး။ တစ်ထည်လုံး ရေတွေရွှဲနေပြီ။

နောက်ဆုံးတော့ ကျွန်တော့်ဘဝဟာ အသင့်ချုပ်ပြီးသား ပုဆိုးတစ်ထည်ကို ဝင်းအောင်တို့ကို သွားဝယ်ခိုင်းရပါတော့တယ်။ သူတို့ပြန်မလာမချင်းတော့ ကျွန်တော် အိမ်သာထဲမှာ စောင့်နေလိုက်ရတယ်။

တိရစ္ဆာန်ရုံက ပြန်ထွက်တော့ ခင်မီမီကျော်က . . .

"ကိုဘုန်းချိမ့်က ပုဆိုးမမြဲဘူးနော်" တဲ့. . .

ကျွန်တော်လည်း ခေါင်းကုတ်ပြီးတော့သာ နေရပါတော့တယ်။ သူပြောတာဟုတ်နေတာပဲလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ကောင်

မလေးက စကားဆုံးတော့ ခွက်ထိုးခွက်လန်ရယ်တယ်။ "ခင်ဗျားကတော့ ဖြစ်ရမယ် ဖြစ်ရမယ်" ဆိုပြီးတော့လည်း ညည်းတယ်။ ပြီးတော့ ကျွန်တော့်ကို စလည်းစတယ်။

"ခင်ဗျားက ပုဆိုးတစ်ထည်လုံးပျောက်သွားတာတောင် မသိရအောင် အိမ်သာထဲမှာ ဘာလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲ အီးပါနေပါတယ်ဆိုမှ"

"ပါပါ မပါပါပေါ့ ကိုယ့်ပုဆိုးလေးတော့ ကိုယ်သတိထားမှပေါ့"

သူကပဲ ဆုံးမရတယ်ရှိသေးတယ်။ သူ့အလှည့်ကျ ထဘီပျောက်သွားမှခက်မယ်။ ပြောလို့မကောင်းလို့ မပြောတော့ပါဘူး။

"ဒါနဲ့ခင်ဗျား အခုအားလား"

တစ်ခုခုတော့ ဒုက္ခပေးတော့မယ်ဆိုတာ သဘောပေါက်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အား ဘူး"

"အားလိုက်ပါဗျာနော်၊ ကျွန်တော် သွားစရာလေးရှိလို့ပါ"

ကျွန်တော်လည်း ညစ်ချင်တာနဲ့. . .

"လင်းလင်းသွားစရာရှိတာနဲ့ ကိုယ်နဲ့ ဘာဆိုင်လို့လဲ"

"ဟီးဟီး. . လိုက်ပို့ခိုင်းမလို့"

"အံမယ်. . ခင်ဗျားလေးက ကျုပ်အလုပ်ရှင်လား"

ကျွန်တော် ပြုံးပြီးပြန်ပြောလိုက်တော့ လျှာလေးတစ်လစ် ထုတ်ပြီး . . .

"အလုပ်ရှင်မဟုတ်ဘူးလေ၊ ညီမလေးလေ ညီမလေး"

"ညီမလေးဆိုရင်လည်း ကိုယ့်အစ်ကိုကို မခိုင်းရဘူး၊ ကိုယ့်ဘာသာကိုယ် သွားရတယ်"

ကောင်မလေးက ရုပ်ကလေးတစ်ချက်တည်သွားတယ်။ ပြီးတော့ ကျွန်တော့်ကို ခပ်တည်တည်လေးနဲ့ကြည့်တယ်။

"ခင်ဗျား တကယ်လိုက်မပို့ချင်ဘူးလား ဟင်"

ကျွန်တော်လည်း ခပ်တည်တည်နဲ့ ပြန်နောက်ပစ်လိုက်တယ်။

"တကယ်မအားလို့ပါ၊ စိတ်မရှိပါနဲ့"

ကောင်မလေး ဘာမှမပြောတော့ပါဘူး။

မျက်နှာငယ်လေးနဲ့ ခေါင်းငုံ့သွားပြီး . . .

"ရပါတယ်ဗျာ" တဲ့ . . .

ကျွန်တော် ကောင်မလေးကိုကြည့်ပြီး ရင်ထဲမှာ ကျိတ်ရယ်ပစ်လိုက်ပါတယ်။ သူမလုပ်ပုံတွေက ကလေးဆိုးလေးနဲ့တူတယ်။ သူမလိုတာမရရင် ဒီလိုပဲဖြစ်ဖြစ်သွားတတ်တယ်။ ကျွန်တော်က လည်း ဒါလေးကိုသိလို့ စလိုက်တာပါ။

အဲဒီအချိန်မှာပဲ ကောင်မလေးက ကျွန်တော့်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲလှည့်ထွက်သွားတယ်။ ပထမတော့ ကျွန်တော် ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိတာပေါ့။ နောက်တော့မှ အသိဝင်လာပြီး မနည်းလိုက်ဆွဲလိုက်ရတယ်။

သူ့လက်မောင်းလေးကို ကျွန်တော် ဖွဖွကိုင်ပြီး သူ့ရှေ့က ပိတ်ရပ်ပစ်လိုက်ပြီးတော့ . . .

"ဘာလဲ ဒါက စိတ်ကောက်တာပေါ့ ဟုတ်လား"

ကောင်မလေးက ဘာမှမပြောဘူး။ ခေါင်းလေးပဲ ငုံ့နေတယ်။ ကျွန်တော် သူ့မခေါင်းလေးကို တစ်ချက်ပုတ်လိုက်ပြီးတော့-

"ကိုယ်က စတဲ့ဟာကို စလို့စမှန်း မသိဘူးလား"

သူမက ခေါင်းခါပြတယ်။

"ခင်ဗျား တကယ်ပြောနေတယ်ဆိုတာ ကျွန်တော်သိပါတယ်ဗျာ၊ ကျွန်တော့်အတွက်ဆို ခင်ဗျားက အချိန်ဘယ်ပေးနိုင်ပါ့မလဲ၊ မမမီအတွက်ဆိုရင်တော့ ဟုတ်တာပေါ့၊ အေးလေ အနေအထားချင်းက ဘယ်တူပါ့မလဲ"

ကျွန်တော့်ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘူး လွမ်းသွားပါတယ်။ ကောင်မလေးကိုကြည့်ရင်း သူ့လက်မောင်းလေးကို ကိုင်ထားတဲ့ ကျွန်တော့်လက်က မသိမသာတုန်ခါသွားတယ်ဆိုတာ ကိုယ့်ဘာသာကိုယ်သိတယ်။

ကျွန်တော် သူမကြားလောက်တဲ့ လေသံလေးနဲ့. . .

"ညီမလေး"

သူ ဖျတ်ခနဲ ကျွန်တော့်ကိုမော့ကြည့်တယ်။

သူ့မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲနေတာကို ကျွန်တော်တွေ့လိုက်ရတော့ တအံ့တသြဖြစ်မိတယ်။

သူမ ဘာလို့ငိုနေတာလဲ။

ကျွန်တော် နားမလည်တော့ဘူး။ ကျွန်တော့်စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာများအမှားပါသွားလို့လဲ။

သူမက ကျွန်တော့်ကို မော့ကြည့်ပြီးတော့ . . .

"ကျွန် . . ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တာလဲဟင်"

"ညီမလေးလို့ ခေါ်လိုက်တာလေ"

သူမ မျက်နှာလေးက ဖြည်းဖြည်းချင်း ဝင်းတက်လာပါတယ်။ ပြီးတော့ ပြုံးလာတယ်။ အဲဒီအပြုံးလေးက ဖြူဖြူစင်စင်လေးနဲ့ တော်တော်ချစ်ဖို့ကောင်းတယ်။

"ဒါ . . ဒါဆို ခင် . . ခင်ဗျားက ကျွန်တော့်ကို တကယ် ညီမလေးလို အလိုလိုက်မှာပေါ့နော်"

ကျွန်တော် သက်ပြင်းချမိပါတယ်။ အစောကြီးကတည်းက ညီမလေးလို သံယောဇဉ်ရှိနေလို့ ဒီလောက်အလိုလိုက်နေတာကို သူမ မသိဘူးလား။

တစ်ခါတလေ လောကရဲ့ဖြစ်တည်မှုတွေကို ဒီကောင်မလေး နားမလည်သေးပါလား။ မသိတော့လည်း ပြောပြရတာပေါ့။

"ကိုယ်က တစ်ဦးတည်းသော သားပါ၊ ကိုယ့်မှာ ညီမလေးလဲမရှိဘူး၊ အစ်မလည်း မရှိဘူး၊ အဲဒါကြောင့် လင်းလင်းကို ကိုယ်က ညီမလေးတစ်ယောက်လို အစောကြီးကတည်းက သဘောထားပြီးသားပါ၊ ဒါကို့ တကယ် ညီမလေးက မသိတာလား"

ကောင်မလေးက ခေါင်းလေးခါပြတော့ . . .

"ဒါဆို အခု ယုံလိုက်တော့နော်" လို့ ကျွန်တော်ပြောလိုက်တယ်။

သူမက ချစ်စရာကောင်းလောက်အောင် ခေါင်းညိတ်ပြပါတယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း ရယ်ပြတယ်။

ရယ်ပြပြီးတော့ . . .

"ဒါဆို အခုလိုက်ပို့ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်လိုက်တော့ . . .

"အဟီး . . ပျော်စရာကြီး"

"ဒါနဲ့ ညီမလေးက ဘယ်သွားမှာလဲ"

"ဟို၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက် မွေးနေ့သွားမလို့"

"ဒါဆိုလည်း ကိုယ်ရေပြန်ချိုးလိုက်ဦးမယ်၊ အိမ်မှာပဲစောင့်နေလေ၊ ထွက်လာခါနီးတော့ ဖုန်းဆက်လိုက်မယ်"

ကောင်မလေးက ခေါင်းညိတ်ပြပြီး ထွက်သွားပါတော့တယ်။ ကျွန်တော်လည်း ကောင်မလေးကို ငေးကြည့်ရင်းကျန်ရစ်ခဲ့တယ်။

ကျွန်တော့်ရင်ထဲမှာ ဘာတွေဖြစ်နေမှန်း မသိတော့ပါဘူး။ သူမကို အလိုလိုက်နေရတာကိုပဲ ရင်တွေတဒိန်းဒိန်းခုန်ပြီး ပျော်နေမိပါတော့တယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

တကယ်ပြောတာပါ။ အဲဒီနေ့ညနေဟာ တော်တော်လှပါနေပါတယ်။

ကျွန်တော် ကောင်မလေးကို စတင်မြင်လိုက်ရချိန်မှာ ရင်ထဲမှာ အရောင်တွေစုံလင်အောင် ဖြာထွက်သွားတယ်။ ပြီးတော့ ရီမုတ်ကွန်ထရိုးနဲ့ ရပ်လိုက်ခြင်းခံရတဲ့ ဗွီဒီယိုထဲက ဇာတ်ရုပ်တစ်ရုပ်လို ရပ်သွားမိတယ်။

ထဘီနဲ့အင်္ကျီတွဲလျက် အနက်ရောင်ဝမ်းဆက်လေးဝတ်ထားတဲ့ ကောင်မလေးဟာ ကျွန်တော့်ရှေ့မှာ ပြုံးပြုံးလေးရပ်နေတယ်။ ပြီးတော့ ကျွန်တော့်ကို သူ့မျက်ဝန်းတောက်တောက်လေးတွေနဲ့ ကြည့်တယ်။

အမြဲတမ်း သူမကို ဂျင်းဘောင်းဘီ တီရှပ်လိုဟာမျိုးနဲ့ မြင်နေကျ ကျွန်တော်ဟာ အဲဒီအချိန်မှာ သိဝိမင်းလို ရူးသွပ်သွားခဲ့ရတာ အမှန်ပါ။

သူမရဲ့ ကုပ်ကျော်ကျော်လောက်ဆံပင်လေးကို ဖြန့်ချ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ ပြီးတော့ မျက်နှာလေးကို မိတ်ကပ်ပါးပါးလေး လိမ်းခြယ်ထားပုံရတယ်။ နှုတ်ခမ်းကတော့ နဂိုအရောင်ထက် အနည်းငယ်ရင့်အောင် ဆိုးလာပုံရတယ်။

ဘယ်လိုပဲကြည့်ကြည့်ပါ ဖြူဝင်းတဲ့အသားအရေနဲ့ သူ့ရဲ့ခြယ်သလာမှုက ကာရံညီစွာလှပနေတဲ့ ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရသလိုပါပဲဗျာ။

"အစ်ကို"

"ဟင်"

ကျွန်တော့်ခန္ဓာကိုယ် တွန့်ခနဲဖြစ်သွားတာ သူသိလိုက်မယ်ထင်တယ်။ ကောင်မလေး ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တာလဲ။ ကျွန်တော် နားကြားလွဲသွားတာလား။ မဖြစ်နိုင်ဘူး။

ကျွန်တော် နားကြားမလွဲဘူး။ သူ ကျွန်တော့်ကို အစ်ကိုလို့ခေါ်လိုက်တာ။

"အစ်ကို ဘာကြည့်နေတာလဲဗျာ၊ ဒီမှာ မနေတတ်တော့ဘူး"

ကျွန်တော် အဲဒီတော့မှ အသိဝင်သွားတယ်။ ဟုတ်သားပဲ။ ကျွန်တော် ခေါ်တောင်မေး ငမ်းမိသွားတာကိုး။

"ဒီနေ့ ငါ့ညီမက မင်္ဂလာသမီးရှုံးလောက်အောင် လှနေလို့ ငေးသွားမိတာ၊ ဒီနေ့ အရမ်းလှတယ်"

"ဟိဟိ. . လှတယ်ဆိုတာ ကိုယ့်ဘာသာကိုယ်သိပါတယ်၊ အစ်ကိုက အခုမှသိတာ"

ကျွန်တော် အသည်းယားသွားတယ်။ ဘာမှ ပြေးလုပ်လို့လည်းမရတော့ ဒီအတိုင်းပဲ ငြိမ်နေလိုက်ရတယ်။ အဲဒီနောက်တော့ ကျွန်တော်တို့ မွေးနေ့ပွဲကို ထွက်ခဲ့ကြပါတော့တယ်။

ဟိုရောက်တော့ ထုံးစံအတိုင်းပေါ့။ သူ့သူငယ်ချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့သူ့ကို သို့လော သို့လောတွေ ဝိုင်းမေးကြတယ်။ တချို့က တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ဝိုင်းစကြတယ်။

သူမကတော့ ဘာပြန်ဖြေရှင်းလဲတော့ ကျွန်တော်မသိဘူး။ တိုးတိုး တိုးတိုးနဲ့ ပြန်ပြောတော့လည်း မကြားရဘူး။ ဒါပေမယ့် ကောင်မလေးမျက်နှာမှာ စိတ်ဆိုးဟန်မပြဘဲ ရှက်ရိပ်ကလေးတွေ ပြေးနေတာပဲ မြင်မိတယ်။ သူမ ရှက်နေပါလား။ သူမကိုကြည့်ရင်း ကျွန်တော်တောင် ရှက်ချင်သလိုလို ဖြစ်လာတယ်။

ယောကျ်ားကြီးတန်မဲ့နဲ့ မျက်နှာမှာ ပန်းနုရောင်သွေးပြေးနေလို့ မကောင်းလို့ ကျွန်တော် အားလုံးကို မသိချင်ယောင်ဆောင်နေလိုက်ရပါတယ်။

အပြန်လမ်းမှာ ကောင်မလေးနဲ့ ကျွန်တော် စကားတစ်လုံးမျှ မပြောဖြစ်ကြဘူး။ အရင်ကဆို ရေပက်မဝင်အောင် စကားများတတ်တဲ့သူမက ဒီနေ့မှ ဘာလို့ အရုပ်ကလေးတစ်ရုပ်လို ငြိမ်နေရသလဲ။ ပြီးတော့ ကျွန်တော်ကရော ဘာလို့ တေမိလုပ်နေရသလဲ။

အမှန်ဆို ကောင်မလေးဘက်က စကားမပြောဘဲနေရင်တောင် ကျွန်တော့်ဘက်က တိတ်ဆိတ်မှုကို ဖြိုခွဲပစ်ဖို့သင့်တယ်။ ဒီလိုနားလည်ပေမယ့် ဘာကြောင့်များ ခေါင်းမာနေမိပါလိမ့်။

ကောင်မလေး ဆင်းသွားတော့ ကျွန်တော့်ရင်မှာ ဟာပြီးကျန်ခဲ့ပါတယ်။

အခုမှ ကျွန်တော် ဒုက္ခရောက်ပြီ။

အချစ်ဆိုတာ ဘာလဲ? ဖန်တီးယူမှုလား? ပုန်းကွယ်နေမှုလား?

ကျွန်တော် လေပူတွေ မှုတ်ထုတ်မိပါတော့တယ်။

ကျွန်တော် ကောင်မလေးကို တကယ်ပဲ . . .

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"လှေ

နံနှစ်ဖက်နင်းတဲ့လူဆိုတာ ကားရားကြီးဖြစ်ပြီး သေတတ်တယ်ကွ သိလား"

ဝင်းအောင်က ပြောတယ်။ အောင်ကိုက . . .

"မင်းပြောတော့ ညီမလေးပါဆို၊ ဘာလဲ ဘင်္ဂလားညီမလား"

ကျွန်တော် ဒီကောင်တွေနဲ့ တိုင်ပင်မှုပဲ ရှုပ်ကုန်တော့တယ်။ ပြောလိုက်တာလည်း ရစရာမရှိတော့ဘူး။

"အချစ်ဆိုတာ ပုန်းကွယ်နေတတ်တယ်ကွ၊ မင်းတို့ အဲဒါနားမလည်ပါဘူး"

"ဟေ့ကောင် ဒါ တူတူပုန်းတမ်း ကစားနေတာ မဟုတ်ဘူးကွ၊ မင်း. . ခင်မီမီကျော်ကို ဘယ်လိုလုပ်မလဲ"

"ခင်မီမီကျော်ကို ငါမှ ချစ်တယ်လို့ မပြောရသေးတာ"

ဒီကောင်တွေ ကျွန်တော့်ကို တအံ့တဩကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောပေမယ့် မင်းလုပ်ရပ်တွေကို ဟိုက ခန့်မှန်းပြီး သိနေပြီလေ"

"အဲဒါတော့ မတတ်နိုင်ဘူး၊ တကယ်တမ်း သေချာတွေးကြည့်တော့ ခင်မီမီကျော်ကို ငါချစ်တဲ့အချစ်က လုပ်ယူထားတာ၊ ဒီကောင်မလေးကို ငါချစ်တဲ့အချစ်ကျတော့ သူ့ဘာသာသူ ရင်ထဲကဖြစ်လာတာ၊ အဲဒါကွာတယ်"

ဝင်းအောင်နဲ့ထွန်းနိုင်ငြိမ်ကျသွားတယ်။ပြီးတော့ခေါင်းတွေကုတ်တယ်။တစ်ယောက်မျက်နှာလည်းတစ်ယောက်ကြည့်ကြတယ်။

"မသိတော့ဘူးကွာ မပြောတတ်တော့ဘူး မင်းဟာက ရှုပ်နေတာပဲ"

ကျွန်တော် ပြုံးလိုက်တယ်။

"မရှုပ်ပါဘူး လွယ်လွယ်လေးပါ၊ မင်းတို့တွေးကြည့်ရင် ရှင်းရှင်းလေး၊ အဲဒါ ကောင်မလေးကို ငါ တကယ်ချစ်သွားတယ်ဆိုတာပဲ"

အားလုံး သက်ပြင်းချကုန်တယ်။

တော်တော်ကြာတော့မှ . . .

"မင်းဘက်က ကောင်မလေးကိုရော ဖွင့်ပြောပြီးသွားပြီလား"

"ဟင့်အင်း မပြောရသေးဘူး"

"လုပ်ပြန်ပြီ ငါတို့က ပြောပြီးလောက်ပြီတောင် ထင်နေတာ"

ဒီတစ်ခါ ငြိမ်သွားတာက ကျွန်တော်ပါ။

"ငါ သူ့ကို အရမ်းချစ်နေပြီဆိုတာ ငါ့ကိုယ်ငါယုံတယ်၊ ဒါပေမယ့် ဖွင့်ပြောဖို့ကျတော့ ခက်နေတယ်ကွာ၊ ပါးစပ်ကမရဲဘူးဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ မင်းက ညီမလေးလိုခင်တယ်တွေ ဘာတွေ သွားပြောထားတာကိုး၊ မင်းလိပ်ပြာမင်း မလုံဘူး ဖြစ်သွားတာပေါ့"

ဒီကောင်တွေပြောတာလည်း ဟုတ်တာပဲ။ ကျွန်တော်က လျှာရှည်ပြီး ညီမလေးတစ်ယောက်လို ချစ်ပါတယ်တွေ ဘာတွေ သွားပြောထားမိတာ မှားသွားတယ်။

ဒါပေမယ့် ကိစ္စတော့မရှိပါဘူး။ ဖြစ်ချင်တာဖြစ် ပြော ဖြစ်အောင်တော့ ပြောရမှာပဲ။ သူက စကားနာပြန်ထိုးရင်း . . .

"ညီမလေးလိုလည်းချစ်တယ်၊ ချစ်သူတစ်ယောက်လိုလည်း မြတ်နိုးတယ်" ဆိုပြီး လူလည်ကျရမှာပဲ။

ဒီအတွက်တော့ မတတ်နိုင်ဘူး။ဒီလိုနဲ့ ဝင်းအောင်တို့နဲ့ ကျွန်တော် လက်ဖက်ရည်ဆိုင်က လမ်းခွဲပြီး အိမ်ကို လမ်းလျှောက် ပြန်လာခဲ့တယ်။

လမ်းမှာ ကောင်မလေးကို တွေ့လိုတွေ့ငြား ရှာကြည့်သေး တယ်။ မတွေ့ပါဘူး။အရင်တုန်းကတော့ ဘယ်ကပေါ်လာမှန်း မသိဘူး။ တွေ့ တွေ့နေတာ။ အခုလိုတွေ့ချင်တော့ ရှာမရတော့ဘူး။

လောကကြီးက ဒီလိုပါပဲ။ မပြေလည်မှုတွေနဲ့ ခွဲခွာထား ပြီး တိုက်ဆိုင်မှုတွေနဲ့ ပေါင်းစည်းထားတာပါ။

ဟော, မတွေ့ချင်တဲ့လူကျတော့ ပက်ပင်းကြီးသွားတိုး တယ်။

မာလကာသီးခြံက ဦးကောင်းဆိုတဲ့ အဘိုးကြီးပါ။ သူက ကျွန်တော့်ကိုမမြင်ခင်ဘဲ ထွက်ပြေးလာခဲ့လိုက်တယ်။

အိမ်ရောက်တော့ တော်တော်တောင် မောသွားတယ်။ ပြေးလာရလို့မောတာရော၊ နှလုံးသားက ဘာလို့မှန်းမသိလို့ မော နေတာရော. . .။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ကောင်း

ကင်တာ တိမ်တိုက်တွေကိုကြည့်ပြီး ကျွန်တော် လွမ်းနေတယ်။ ပုံသဏ္ဌာန်မျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့ တိမ်စိုင်လွှာတွေ ဟာ ရုတ်တရက်ကြည့်ရင် ကောင်းကင်တစ်ပြင်လုံး ဖြူဖွေးနေတယ်လို့ထင်ရတယ်။

ကောင်မလေးရေ . . .

ငါ . . လွမ်းတယ် . . .

မင်းနဲ့တွေ့ခဲ့တဲ့ နေ့ရက်ကလေးကိုလည်း ငါ သတိရတယ်။

မင်းလုပ်ခဲ့တဲ့ ဒုက္ခတွေကိုလည်း ငါ လွမ်းဆွတ်မိတယ်။

မင်းရဲ့ခေါ်သံလေးတွေကိုလည်း တမ်းတမိပါတယ်။

မင်းဘယ်မှာလဲ မိန်းကလေးရယ် . . .

ငါ့ဆီက မင်း ဘာကြောင့်ပြေးထွက်သွားရတာလဲ . . .

အခုတော့ ကျွန်တော်တစ်ယောက်တည်း ခံစားနေရပါပြီ။ တလူးလူး တလိမ့်လိမ့်နဲ့ ကျွန်တော့်နှလုံးသားဟာ ကျွဲပခုံးထ



www.burmeseclassic.com

www.burmeseclassic.com



အောင် သူမကို လွမ်းနေရပါတယ်။

ကျွန်တော့်ဘဝရဲ့ ပျော်ရွှင်မှုတွေရော၊ အချစ်တွေရော သူမ သိမ်းပိုက်သွားပြီ။

အခုချိန်မှာ အလွမ်းတွေပြည့်နှက်နေတဲ့ ရင်ဘတ်တစ်ခုသာ ကျွန်တော့်ဆီမှာထားရင်း သူထွက်သွားပြီ။

ကျွန်တော် ဘာလုပ်ရမလဲ?

ကောင်မလေးကို မတွေ့ရတာ တော်တော်ကြာပါပြီ။

သူမ ဘာလို့ ကျွန်တော့်ကိုရှောင်နေသလဲ? သူမ ဘာလို့ ကျွန်တော့်ကို အတွေ့မခံသလဲ? ကျွန်တော် နားမလည်နိုင်တော့ပါဘူး။

သူငယ်ချင်းတွေကိုလည်း ရင်ဖွင့်တော့ . . .

"မင်းကောင်မလေးကြည့်ရတာ ရုပ်ရှင်တွေထဲကအတိုင်း လူကြီးမီးယားလို့ခေါ်တဲ့ သွေးကင်ဆာများ ဖြစ်နေလားမသိဘူး၊ အဲဒါကြောင့် သူ့ကို မိဘတွေက အလိုလိုက်ထားတာဖြစ်နိုင်တယ်၊ အခုတော့ သူ့ရဲ့နောက်ဆုံးအချိန်မှာ မင်းကို မတွေ့ချင်တော့လို့ ရှောင်သွားတာလားမှ မသိတာ" တဲ့. . .

ရက်စက်လိုက်ကြတဲ့ကောင်တွေ ပြောရက်လိုက်ကြတာဗျာ။ အားမနာ လျှာမကျိုး ကျွန်တော့်ခံစားချက်ကို ရိုက်ချိုးပစ်လိုက်ကြတာ။

နောက်ဆုံး ဘယ်လိုမှ နေလို့မရတော့တဲ့အဆုံး ကျွန်တော် ခင်မီမီကျော်ဆီ ရောက်သွားတယ်။ အချစ်အတွက် သိက္ခာကျချင်ကျပါစေတော့ဗျာ။ ကျွန်တော် ခင်မီမီကျော်ကို အကုန်ဝန်ခံလိုက်တော့မယ်။ သူစိတ်ဆိုးမယ်ဆိုလည်း သူခွင့်လွှတ်လာမယ့်အထိ ကျွန်တော်တောင်းပန်မယ်။ ပြီးရင် သူ့ညီမ ဘယ်မှာရှိတယ်ဆိုတာ သူ့ကို ရှာခိုင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချိန်းထားတဲ့ ကော်ဖီဆိုင်လေးရောက်တော့ ခင်မီမီကျော်က မရောက်သေးပါဘူး။ ခဏကြာတော့မှ သူမ ရောက်လာပါတယ်။ ပြီးတော့ ကော်ဖီတစ်ခွက်မှာတယ်။ ကျွန်တော့်ကို ကြည့်တယ်။

"ကိုဘုန်းချိမ့် အရေးတကြီးကိစ္စ ရှိတယ်ထင်တယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"ဟုတ်ပါတယ်၊ ကျွန်တော် မီ့ကို ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ကိစ္စ တိုင်ပင်ချင်လို့ပါ"

ခင်မီမီကျော် မျက်ခုံးပင့်သွားတယ်။ ဘဝနဲ့ချီပြီး တိုင်ပင်မယ်ဆိုတော့ စိတ်ဝင်စားသွားပုံလည်း ရပါတယ်။

"မီ တော်တော်စိတ်ဝင်စားသွားပြီ ပြောပါဦး"

ကျွန်တော် လည်ချောင်းရှင်းတဲ့အနေနဲ့ ကော်ဖီကို တစ်ငုံသောက်လိုက်ပါတယ်။ ပြီးမှ အလေးအနက်လေသံနဲ့ . . .

"ကျွန်တော် အခုပြောမယ့်စကားကိုလည်း နားနဲ့မနာဖဝါးနဲ့ နာပါဗျာ၊ ကျွန်တော့်ဘဝအတွက် တကယ်အရေးကြီးလို့ပါ"

ကျွန်တော် လိုရင်းကိုမပြောသေးဘဲ ဝေ့လည်ကြောင်ပတ်ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော် အခုပြောမယ့်စကားကို ခင်မီမီကျော် တလွဲတွေးပြီး အထင်လွဲသွားမှာစိုးလို့ပါ။

ခင်မီမီကျော်ကပြုံးပြီး ကျွန်တော့်ကိုကြည့်ပါတယ်။

ပြောမှာသာပြောပါ ဆိုတဲ့ ပုံစံမျိုးလည်းရှိတယ်။

ကျွန်တော် အရဲစွန့်ပြီး . . .

"ကျွန် . . ကျွန်တော် လင်းလင်းကို ချစ် . . ချစ်တယ်ဗျာ"

"ရှင်"

ခင်မီမီကျော် မျက်လုံးပြူးပြီး ကျွန်တော့်ကို အူကြောင်ကြောင်နဲ့ကြည့်တယ်။ ပြီးတော့ နားမလည်တဲ့ အမူအရာနဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းချိမ့် ဟို . . တစ်ခုခုတော့ လွဲနေပြီထင်တယ်"

"မလွဲပါဘူး တကယ်ပါ၊ ကျွန်တော် လင်းလင်းကို တကယ်ချစ်တယ်"

"အဲ . . အဲဒါ လင်းလင်းကိုပြောရမှာလေ၊ မီ . . မီနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော် ခင်မီမီကျော်ကို မျက်နှာငယ်လေးနဲ့ စိုက်ကြည့်လိုက်တယ်။

"အခု လင်းလင်းက ကျွန်တော့်ကို ရှောင်နေလို့ပါ၊ ကျွန်တော် မခံစားနိုင်တော့ဘူးဗျာ၊ တကယ့်ပါ ကျွန်တော် သူ့ကို ဘယ်အချိန်ကတည်းက စချစ်သွားလည်း ကျွန်တော်မသိတော့ဘူး၊ မှန်းလည်း မမှန်းတတ်တော့ဘူး၊ ခင်မီမီကျော် ကျွန်တော့်ကို အပြစ်တင်လည်း ခံရတော့မှာပါပဲ၊ အခု သူ့ကို ရှာမတွေ့တော့လို့ ခင်မီမီကျော့်ကို ကျွန်တော် ရင်လာဖွင့်တာပါ"

ကျွန်တော့်စကားဆုံးသွားတော့ ခင်မီမီကျော်က ကျွန်တော့်ကို ပြုံးပြီးကြည့်ပါတယ်။ ခင်မီမီကျော့်မျက်နှာမှာ စိတ်ဆိုးဟန်မတွေ့ရလို့ ကျွန်တော် ဝမ်းသာသွားတယ်။ ပြီးတော့ ခင်မီမီကျော်ရဲ့အကြည့်မှာ နားလည်မှုတွေပါတယ်။

"မီသဘောပေါက်ပြီ၊ ကိုဘုန်းချိမ့်က မီ့ကို အောင်သွယ်လာလုပ်ခိုင်းနေတာပဲ၊ ခစ်ခစ် . . ညီမကိုကြိုက်လို့ အစ်မရှေ့မှာ ညီမကိုယ်စား ရည်းစားစကားလာပြောတာတော့ မကောင်းပါဘူးနော်"

"အဲ . . အဲဒီလို မထင်လိုက်ပါနဲ့ဗျာ၊ ကျွန်တော် . . ကျွန်တော် ဘာလုပ်ရမှန်း မသိတော့လို့ပါ"

ခင်မီမီကျော်က လှပစွာရယ်တယ်။ ပြီးတော့ သက်ပြင်းလေးကို ခပ်သာသာချလိုက်တယ်။ တော်တော်ကြာအောင် သူမ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေတယ်။ သူမပုံကိုကြည့်ရတာ တစ်စုံတစ်ခုကို သိနေသလိုပဲ။

ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ငြိမ်သက်နေမိတယ်။

ကျွန်တော်တို့နှစ်ယောက်ကြား ကော်ဖီဆိုင်လေးက တိုးတိုးလေး ဖွင့်ထားတဲ့ သီချင်းသံလေးကလွဲလို့ တိတ်ဆိတ်နေတော့တယ်။

ခဏကြာတော့ ခင်မီမီကျော်ရဲ့ သက်ပြင်းချသံက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်ပါတော့တယ်။

"မိုညီမလေး ဘယ်မှာရှိတယ်ဆိုတာ မီသိတယ်"

ကျွန်တော် ဝုန်းခနဲထရပ်မိတော့မလို ဖြစ်သွားတယ်။ လွတ်သွားတဲ့စိတ်ကို မနည်းပြန်ထိန်းပြီး . . .

"ဘယ် . . ဘယ်မှာလဲဟင်၊ ဘယ်နေရာလဲ ပြော . . ပြောပါဗျာ၊ ကျွန် . . ကျွန်တော် ကျေးဇူးမမေ့ပါဘူး"

"အမလေး ဖြည်းဖြည်းလုပ်ပါရှင် လူလည်းတိုက်မိပါဦးမယ်၊ ပြောမှာပေါ့ ခစ်ခစ် . . လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ"

"ဟာ, ကျွန်တော် ဘာလုပ်ပေးရ ပေးရပါ့ဗျာ တကယ်ပါ"

ခင်မီမီကျော်က ကျွန်တော့်ကို စိုက်ကြည့်တယ်။

"တကယ်လား"

ကျွန်တော် ချက်ချင်း ခေါင်းညိတ်ပြလိုက်တယ်။

"တကယ်ပါ"

"အဲဒါဆို ကိုဘုန်းချိမ့်ဆီက ကျွန်မ ကတိတစ်ခုတောင်းမယ်"

ကျွန်တော် အံ့သြသွားတယ်။ ဘာများပါလိမ့်ဆိုပြီး စိတ်ဝင်စားသွားတယ်။

"ပေး . . ပေးပါမယ် ပြောစါ"

ခင်မီမီကျော်က အဲဒီတော့မှ ပြုံးပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ မို့ညီမလေးကို တစ်သက်လုံး ရှုံးမြေကျချစ်သွားမယ်ဆိုတဲ့ ကတိပါပဲ"

ကျွန်တော် ပျော်ရွှင်စွာ ထရယ်လိုက်ရင်း . . .

"ဟာ, ပေးပါတယ်ဗျာ၊ အဲဒီကတိကို မတောင်းလည်း ပေးမှာ ပါ၊ စိတ်ချပါ တကယ်ပါ"

အဲဒီတော့မှ ခင်မီမီကျော်က ကော်ဖီကို ဇိမ်ဆွဲသောက်တယ်။ ကျွန်တော့်ကို ကလိနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော့်မှာ နေရာလေးသိချင်လွန်းအားကြီးလို့ လျှာထွက်နေပြီ။ သူကတော့ အေးအေးလူလူပဲ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ ကိုယ်က သိချင်နေတာကိုး။

ကော်ဖီကုန်သွားတော့မှ ခင်မီမီကျော်က . . .

"မှော်ဘီကခြံမှာ မို့ညီမလေးရှိတယ် ကိုဘုန်းချိမ့် သွားလိုက်ပါ"

"ဘယ်လို . . လင်းလင်းက မှော်ဘီမှာဟုတ်လား"

ခင်မီမီကျော် ခေါင်းညိတ်ပြရင်း. . .

"ဟုတ်တယ် မီသိတယ်၊ သူအဲဒီမှာ"

"အဲဒီခြံက ဘယ်သူ့ခြံလဲ"

"သူတို့ခြံပဲလေ၊ မို့ညီမလေးက စိတ်ညစ်စရာတွေ ကြုံတာပဲဖြစ်ဖြစ် အိမ်နဲ့စိတ်ကောက်ရင်ပဲဖြစ်ဖြစ် အဲဒီခြံလေးမှာ သွားနေတတ်တယ်၊ အဲဒီမှာ မီတို့အဘွားရှိတယ်လေ၊ သူ့ကိုလည်း အဘွားက သိပ်ချစ်တာ"

ကျွန်တော် တော်တော်ပျော်သွားတယ်။

ဟန်တောင် မဆောင်နိုင်တော့ဘဲ ခင်မီမီကျော်ဆီက လိပ်စာတောင်းပြီး ကျွန်တော် ထထွက်လာခဲ့ပါတော့တယ်။

ထွက်ခါနီး ခင်မီမီကျော် သက်ပြင်းချလိုက်တာကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါတယ်။ သူ့မမျက်ဝန်းဟာ ဘာလို့မှန်းမသိဘူး အရောင်လက်နေတယ်။

'အပြစ်ရှိမယ်ဆိုရင် အရာအားလုံးကို ဒူးထောက်တောင်းပန်ပါတယ်။

ကျွန်တော် ကောင်မလေးကို ချစ်လွန်းလို့ပါဗျာ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ကား

ရဲ့အရှိန်ကြောင့် လမ်းဘေးဝဲယာသစ်ပင်တွေဟာ တရိပ်ရိပ်ပြေးလွှားနေကြတယ်။ ကျွန်တော့်ရဲ့စိတ်တွေဟာ ကားရဲ့ အမြန်နှုန်းထက်တောင် မိုင်တော်တော်များများ စောရောက်နေပါတယ်။

လိပ်စာအတိုင်း မော်ဘီနားက အေးချမ်းသာယာလှတဲ့ ခြံလေးတစ်ခြံကို ကျွန်တော်ရောက်သွားတယ်။ ခြံထဲမှာ ကျွဲကော၊ သံပရာနဲ့ တခြားအပင်ပေါင်းစုံ စိုက်ထားတယ်။ လှပတဲ့ နှင်းဆီပန်းခင်းလေးလည်း ရှိတယ်။

ခြံက တော်တော်ကျယ်တယ်။ မြို့ပြရဲ့ ရန်နဲ့ဝေးကွာနေတဲ့ ဒီနေရာလေးမှာ ကျေးငှက်သံလေးတွေနဲ့ ပတ်ဝန်းကျင်ဟာ နွေးထွေးနေတယ်။

ခြံထဲရောက်တော့ ကျွန်တော့်ကို ခြံအလုပ်သမားတစ်ယောက်က ခြံရဲ့တစ်နေရာမှာရှိတဲ့ အိမ်လေးဆီခေါ်သွားတယ်။

ကျေးလက်ဆန်ဆန်ဆောက်ထားတဲ့ တစ်ထပ်အိုက်အပု



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ ကျွန်တော့်ကို အဘွားအိုတစ်ယောက်က ဆီးကြိုပါတယ်။

"ငါ့မြေးက လင်းလင်းရဲ့ သူငယ်ချင်းလား"

"ဟုတ်ပါတယ်အဘွား၊ ကျွန်တော် လင်းလင်းနဲ့တွေ့ချင်လို့ပါ"

အဘွားအိုက ရိုးရိုးသားသားပါပဲ။ ကျွန်တော့်ကို သူ့မြေးဆီလာပြီး ရည်းစားစကားပြောမယ့်လူလို့ မထင်ဘူးထင်တယ်။ ခြံရဲ့ထောင့်တစ်နေရာကို ညွှန်ပြပြီး . . .

"အဲဒီမှာ လင်းလင်းရှိတယ်၊ ဘာလုပ်နေလဲတော့ အဘွားမသိဘူး၊ ထုံးစံအတိုင်း ပန်းတွေနဲ့ အလုပ်ရှုပ်နေမှာပေါ့"

ကျွန်တော် အဘွားအိုရှေ့က ဒုံးပျံအင်ဂျင်တပ်ထားတဲ့ယာဉ်တစ်ခုလို လှစ်ခနဲ ပြေးထွက်ခဲ့တော့တယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# ပန်း

ခင်းကို တိုက်ခတ်လာတဲ့လေပြည်ရဲ့ ရနံ့ဟာ သင်းပျံ့လှပနေတယ်။ ရောင်စုံပန်းတွေ ဖူးဝေနေတဲ့ အဲဒီပန်းခင်းလေးရဲ့ အလယ်မှာ လိပ်ပြာတွေယစ်မူးလောက်အောင် လှပနေတဲ့ပန်းလေး တစ်ပွင့်ကတော့ ဖူးဖူးဝေဝေပွင့်လျက်ရှိတယ်။

ကျွန်တော် အဲဒီပန်းပွင့်လေးနောက်ကို အသာသွားရပ်လိုက်တယ်။

"ကောင်မလေး"

သူမ ခန္ဓာကိုယ် သိသာလောက်အောင် တွန့်ခနဲဖြစ်သွားတယ်။ ပြီးတော့ ဖြည်းဖြည်းချင်းလှည့်ကြည့်တယ်။ ဂါဝန်ဖွားဖွားလေးနဲ့ ကောင်မလေးဟာ ညနေချိုရီမှာ ရှုးလောက်အောင်လှပနေတဲ့ နတ်သမီးလေး တစ်ပါးပါပဲ။

ကျွန်တော့်ကို တွေ့သွားတော့ ကောင်မလေးမျက်နှာက အရမ်းအံ့ဩသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကောင်မလေးနားကို ကပ်သွားလိုက်တယ်။

"ကောင်မလေးက ဘာလို့ ကိုယ့်ကိုရှောင်နေတာလဲဟင်"

ကောင်မလေးက ကျွန်တော့်ကို မျက်ဝန်းတောက်တောက်လေးတွေနဲ့ မော့ကြည့်တယ်။ ပြီးတော့ ခေါင်းကလေး ပြန်ငုံ့သွားတယ်။

"ပြောလေ ဘာလို့ရှောင်နေတာလဲလို့"

ခေါင်းငုံ့နေရင်းနဲ့ ခေါင်းခါပြတယ်။ ဆံနွယ်စတွေက လေထဲမှာ လိပ်ပြာလေးအတောင်ပံခတ်သလို လွင့်ဝဲသွားပါတယ်။

"ပြောလေ . . ဆို"

ထပ်ပြောတော့မှ မပွင့်တပွင့်နဲ့ . . .

"ကျွန်တော် . . ကျွန်တော် . . "

အဲဒီနှစ်လုံးတည်းနဲ့ပဲ ဆက်မတက်တော့ဘူး။ ကျွန်တော် စိတ်မရှည်တော့ဘူး။ ဒီကောင်မလေးကိုချစ်ရတာ အသည်းတွေယားလှပြီ။

BURMESE CLASSIC

"ကျွန်တော် . . ကျွန်တော် . . အစ်ကို့ကို . . အမေ့"

ကျွန်တော် ကောင်မလေးလက်နှစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်တာပါ။ သူမလန့်ပြီး ကျွန်တော့်ကိုမော့ကြည့်တယ်။

"ကိုယ် ကောင်မလေးကို အရမ်းချစ်တယ် အဲဒါသိလား"

အခုထိ ကြောင်တောင်တောင်လေး ကြည့်နေတုန်းပဲ။

ကဲ၊ ဘယ့်လောက် အူကြောင်ကြောင်နိုင်လိုက်သလဲ။

"ကိုယ် ကောင်မလေးကို အရမ်းချစ်တယ် သိလားလို့"

ဘာမှလည်း မပြောဘူး။ အူတိအူကြောင်လေးလုပ်နေတာနဲ့ ဆွဲဖက်ပစ်လိုက်တော့တယ်။ ရင်ခွင်ထဲကို ပြိုကျလာတဲ့ ခန္ဓာကိုယ်လေးနဲ့အတူ အာမေဋိတ်အသံလည်း ကပ်ပါလာပါတော့တယ်။

"အမေ့"

www.burmeseclassic.com

www.burmeseclassic.com



သူဟာသူ အမေပဲတတ အဖေပဲတတ ကျွန်တော် ဂရုမစိုက်တော့ဘူး။

ကျွန်တော့်ရင်ခွင်ထဲမှာ ငြိမ်နေတဲ့ ကောင်မလေးကို အမြတ်တနိုး စိုက်ကြည့်နေမိတယ်။

"အမယ်လေး . . အမယ်လေး ငါ့မြေးလေး လိမ္မာလှချည်ရဲ့ဆို ခြံထဲမှာတောင် ဖက်နေကြပါလား ဟော. . ဟဲ့သူငယ် မင်းနေဦး"

ဗြုန်းဆိုရောက်လာတဲ့အသံကြောင့် လူချင်းခွာပြီးလှည့်ကြည့်လိုက်တာ လင်းလင်းတို့အဘွား။

လင်းလင်းလည်း သူ့အဘွားသူ ကြောက်အားလန့်အားကြည့်ပြီး . . .

"ကို ပြေးကြရအောင် ပြေးပြေး. . ဟိုမှာ အဘွား တုတ်လိုက်ကောက်နေပြီ"

BURMESE CLASSIC

ဘယ်ရမလဲ ဒီကကောင်ကလည်း ဒါမျိုးဆိုလျှင်ပြီးသား။

လင်းလင်းလက်ကိုဆွဲပြီး ခြံပြင်ကို တစ်ချိုးတည်း သုတ်တော့တာပေါ့။

ခြံပြင်မှာရပ်ထားတဲ့ ကားထဲ အမြန်ဝင်ပြီး မောင်းထွက်ခဲ့တယ်။

လမ်းရောက်တော့ ကောင်မလေးက ကျွန်တော့်ပခုံးလေးကိုမှီရင်း . . .

"ကို ဘယ်သွားမှာလဲဟင်"

ကျွန်တော် ဘာမှပြန်မပြောဘူး။ သူမကိုကြည့်ပြီး မျက်စိလေးပဲ မှိတ်ပြလိုက်တယ်။

ကောင်မလေးက ရှက်ပြုံးလေးပြုံးပြီး ကျွန်တော့်ရင်ခွင်ကြားမှာ ခေါင်းဝှက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ, ဒီလောက်သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးနဲ့ ဘယ်သွားမလဲ? သိတယ်မဟုတ်လား။

ကိုယ့်လူဆိုရင်ကော ဘယ်သွားမလဲဟင်?

♥ ♥ ♥

ကြူးစားလျက်

မိုးဆက်လင်းထက်

BURMESE CLASSIC

www.burmeseclassic.com